www.burmeseclassic.com


# ကမ္ဘာ့ရဲရင့်ဆုံးမိန်းကလေး

သို့မဟုတ်

# မာလာလာ

မင်းပုည

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၆၀၀

**မျက်နှာဖုံးဒီဇိုင်း**

မိုးကျော်

**စာအုပ်ချုပ်**

ပပစိုးနှင့်အဖွဲ့

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

စည်သူကိုကို(တော်ဝင်ထွန်းပုံနှိပ်တိုက်)
မြဲ(၁၀၉၈၁)၊ အမှတ်–၁၇၊ ၅၂–လမ်း(အောက်)၊ (၅)ရပ်ကွက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊၁၀–မိုင်ကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)**

မင်းပုည

တမ္ဘာ့အရဲရင့်ဆုံးမိန်းကလေး(သို့)မာလာလာ / မင်းပုည

ရန်ကုန်၊ လင်းလင်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။

၁၉၂ – စာ ၁၈ × ၂၁ စင်တီ

(၁) တမ္ဘာ့အရဲရင့်ဆုံးမိန်းကလေး(သို့)မာလာလာ


www.burmeseclassic.com

www.burmeseclassic.com

# မင်းဟုည

ကမ္ဘာ့ရဲ့ရင့်ဆုံးမိန်းကလေး

သို့မဟုတ်

# မာလာလာ

www.burmeseclassic.com

www.burmeseclassic.com



[illegible]မှုမထင် မာလာလာ



နတ်[illegible]အသွင် မာလာလာ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အိုင်ယာလန်မှ ချီးမြှင့်သည့် တစ်ပါရေရှီ ငြိမ်းချမ်းဆု လက်ခံရယူစဉ်



ကမ္ဘာအရပ်ရပ်မှ ပေးပို့သည့် ပန်းစည်းပေါင်း အထောင်အသောင်း မာလာလာ ရရှိခဲ့သည်။ သူက ပွင့်ဖတ် ပွင့်ချပ်ကလေးတစ်ခုတိုင်းကို ကျေးဇူးတင်ပါသည်တဲ့

www.burmeseclassic.com

www.burmeseclassic.com



Clinton Global Citizen ဆုယူစဉ်က
(ကြိမ်ပေါင်းများစွာ ခွဲစိတ်ကုသအပြီးတွင် မျက်နှာလေး၏ အလှမှာ ပျက်ယွင်းသွားရှာပြီ)



www.burmeseclassic.com

George Washington University ခန်းမဆောင်ထဲမှ မာလာလာ


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ရှိ ဝက်စ်မင်စတာဘုရားကျောင်းတွင် ဘာသာပေါင်းစုံ ညီလာခံ၌
မိန့်ခွန်းပြောကြားနေစဉ်



မဍ္ဍူမျက်မည်းအရွယ် မာလာလာကလေး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




၂၀၁၄ ခုနှစ်ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု လက်ခံရယူခဲ့ပြီးမာလာလာ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု လက်ခံရယူမှုမိန့်ခွန်း ပြောကြားနေစဉ်



၂၀၁၄ ခုနှစ်ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု လက်ခံရယူမှုမိန့်ခွန်းမပြောမီ
ပရိသတ်အားနှုတ်ဆက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်ကမ္ဘာ ငြိမ်းချမ်းရေး နိုဘယ်ဆု တံဆိပ်နှင့် မာလာလာ



၂၀၁၄ ခုနှစ်ကမ္ဘာ ငြိမ်းချမ်းရေးနိုဘယ်ဆု ကို အိန္ဒိယမှ ခါလက်ဆက်တယာသီနှင့် ပူးတွဲ ဆုတံဆိပ်လက်ခံအပြီး

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သမ္မတ အိမ်ဖြူတော် ဘဲဥပုံ ခန်းမထဲမှာ သမ္မတဘားရက်အိုဘားမား မိသားစုနှင့်အတူ။



အမေရိကန်သမ္မတ အိမ်ဖြူတော် ဘဲဥပုံ ခန်းမထဲမှာ သမ္မတဘားရက်အိုဘားမား နှင့် စကားလက်ဆုံကျနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ငြိမ်းချမ်းရေး စင်တာတွင် မှတ်တမ်းလက်မှတ်ရေးထိုးနေတဲ့ မာလာလာ



ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘက်ကို I am Malala စာအုပ်

www.burmeseclassic.com

www.burmeseclassic.com




ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဘုန်းတော်ကြီး ဂျက်စမွန်တူးတူးနှင့်အတူ



နိုင်ဂျီးရီးယားသမ္မတ Goodluck Jonathan နှင့်အတူတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com




တိုင်းမ်မဂ္ဂဇင်းကမ္ဘာ့ဩဇာအလွှမ်းမိုးဆုံး
၁၀၀ တွင် ပါဝင်ခဲ့စဉ်က
တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံး




ဒုတိယအကြိမ် တိုင်းမ် မဂ္ဂဇင်း
မျက်နှာဖုံးရှင်အဖြစ်
ဖော်ပြခံရစဉ်က



[illegible]အရေး ချက်ချင်းပေး။ ရဲရဲတောက် မိန့်ခွန်းပြောကြားနေတဲ့ မာလာလာ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ဥရောပပါလီမန်အတွင်း Sakharov ဆု
လက်ခံရယူနေစဉ်



၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ဥရောပပါလီမန်အတွင်း Sakharov ဆု
လက်ခံရယူနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျွန်တော်ပြောသည့် မာလာလာအကြောင်း | ၇ |
| ၂။ | ရတနာတစ်ပါးမွေးဖွားခြင်း | ၁၃ |
| ၃။ | သိမ်းငှက်နဲ့တူတဲ့ ကျွန်မအဖေ | ၂၃ |
| ၄။ | ကျောင်းဝင်းထဲမှာ ကြီးပြင်းလာ၊ | ၂၈ |
| ၅။ | မာလာလာပညာရေးအကာယ်ဒမီ | ၃၆ |
| ၆။ | ငှက်ကလေးလို လွတ်လပ်တယ် | ၄၁ |
| ၇။ | ဒုတိယဆုကိုကျေနပ်တယ် | ၄၇ |
| ၈။ | အမှိုက်ပုံပေါ်မှ ကလေးများ | ၅၃ |
| ၉။ | ဘုရားသခင်ထံစာရေးခြင်း | ၅၆ |
| ၁၀။ | ဘာသာရေးစုတ်ုးလုပ်သူ | ၆၂ |
| ၁၁။ | သောကနှင့်ဘဝများ | ၇၂ |
| ၁၂။ | ခေါင်းမြီးခြုံထားရုံနဲ့မလုံ | ၇၆ |
| ၁၃။ | ရုပ်ပွားတော်များဖျက်ဆီးခံရခြင်း | ၈၀ |
| ၁၄။ | ဆွက်ဒေသမှ ကြိမ်းဝါးသံ | ၈၃ |
| ၁၅။ | မာလာလာဟာ တို့အားလုံးရဲ့သမီး | ၈၇ |
| ၁၆။ | မာလာလာ သို့မဟုတ် ကြယ်ပွင့်ကလေး | ၉၀ |
| ၁၇။ | ကျွန်မတို့စိတ်ဓာတ်ကို ထိန်းလို့မရ | ၉၃ |
| ၁၈။ | မမေ့နိုင်တဲ့ဗုဒ္ဓဟူး | ၉၆ |


www.burmeseclassic.com

www.burmeseclassic.com


၁၉။ အမေရိကန်မှ ဖုန်းခေါ်သံ ၉၉
၂၀။ အရပ်ရှည်ရပါလို၏ ၁၀၄
၂၁။ တပ်မတော်ကြီးအိပ်နေတယ် ၁၀၈
၂၂။ မာလာလာဆု ၁၁၁
၂၃။ မာလာလာ ထာဝရအောင်မြင်ပါစေ ၁၁၆
၂၄။ မာလာလာအထက်တန်းကျောင်း ၁၂၀
၂၅။ အင်တာနက်မှမြိမ်းခြောက်စာ ၁၂၄
၂၆။ ပြဿနာတွေပိုင်းပါလို့ ၁၂၈
၂၇။ မာလာလာဆိုတာ ဘယ်သူလဲ ၁၃၂
၂၈။ အရှင့်ထံသို့ ယုံကြည်စွာအပ်နှံခြင်း ၁၃၇
၂၉။ ငယ်တဲ့အမှုကြီးနေပြီ ၁၄၃
၃၀။ ဆေးရုံပေါ်ရောက် မာလာလာ ၁၄၇
၃၁။ မာလာလာ သေလို့မဖြစ် ၁၅၃
၃၂။ ပါကစ္စတန်မှ ဘာမင်ဂမ်သို့ ၁၅၆
၃၃။ ပထမဆုံးမိသားစုနဲ့စကားပြောခြင်း ၁၆၁
၃၄။ မိသားစုများလိုက်လာခြင်း ၁၆၅
၃၅။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နေ့ ၁၆၈
၃၆။ လူသားတွေရဲ့ကျေးဇူးကို မမေ့ပါ ၁၇၂
၃၇။ သမီးကြောင့်နာမည်ကြီးခဲ့ ၁၇၆
၃၈။ ကုလသမဂ္ဂရောက် မာလာလာ ၁၈၁
၃၉။ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာ ၁၈၉


www.burmeseclassic.com

www.burmeseclassic.com



## (၁)

## ကျွန်တော်ပြောသည့် မာလာလာ အကြောင်း

လောကမှာ ကောင်းတာလုပ်သူဟာ
ကောင်းကျိုးရသည်။

ဟု မြတ်ဗုဒ္ဓ ဟောတော်မူသည့်အတိုင်း ကောင်းတာလုပ်သူ သို့မဟုတ် ပါကစ္စတန်အနောက်မြောက်ပိုင်းက မာလာလာ ဆိုသည့် ကလေးမတစ်ယောက် အကြောင်းကို တင်ပြချင်ပါသည်။ သူမဟာ အသက်ငယ်ငယ်နှင့် တစ်ကမ္ဘာလုံးက သိသလို ချီးကျူးမှုတွေ ပြုလုပ်ကြသည်။

ကောင်းချီးတွေ ပေးတတ်ကြသည်။

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကမ္ဘာက ဘာကြောင့်သိရသလဲ ဆိုလျှင် အထက်မှာ တင်ပြခဲ့သည့်အတိုင်း ကောင်းတာလုပ်၍ ကောင်းကျိုးရသည်။ အစ္စလာမ်ဘာသာနှင့် တင်ပြရလျှင် ဘုရားသခင် ကြားတော်မူ၍ ဖန်ဆင်းပေးသည်ဟုပင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလာလာတို့ နေထိုင်သည့် နိုင်ငံနှင့် နေရာမှာ ပါကစ္စတန်အနောက်မြောက်ပိုင်း အာဖဂန်နစ္စတန်နယ်စပ် "ဆွက်"ဟုသည့် ဒေသလေးဖြစ်သည်။ ထိုဒေသည် တောင်စွယ်တောင်တန်းတွေ လွှမ်းနေသည့် ဒေသလည်းဖြစ်သည်။

ဤဒေသနှင့် ပတ်သက်၍ အနည်းငယ် တင်ပြချင်ပါသည်။ ဤဒေသတွင် "ပက်ရှ်ထန်"အမျိုးအနွယ်တွေ အနေများသည်။ သူတို့သည် ကဗျာ။ ဂီတနှင့် မွေ့ပျော်ကာ အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ တောင်ကြားဒေသ တစ်ခွင်တွင် စီးသွင်းရစ်ခွေနေသည့် တောင်ကျချောင်းတွေ၊ စိမ့်စမ်းရေတံခွန်တွေနှင့် အေးချမ်းလှသည်။ စိမ်းစိုနေသည့် မြက်ခင်းတွေ၊ သစ်တော၊ တရုတ်ဆီးပင်တွေလို စားပင်စိုက်ခင်းတွေ ဂျုံခင်းတွေလည်း ရှိသည်။

ဟိုးအဝေးမှ ရေခဲတောင်ကြီးများအား နောက်ခံပြုကာ ငြိမ်းချမ်းခြင်းကို သရုပ်ပြနေသလို ဖြစ်နေသည်။ သဘာဝရေကန်ကြီးတွေရှိသည်။ စကိတ်ကွင်းတွေ ရှိသည်။ ရှေးဘုရင်တို့၏ နန်းတော်ရာယောင်းတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ ရှိသည်။ ဆွက်သည် ပါကစ္စတန်တွင် ကမ္ဘာလှည့်ခရီးသည်တို့ မျက်စိကျသည့် ရေခဲတောင်ဒေသ ဖြစ်သည်။ **"အဲလစ်ဇဘက်ဘုရင်မကြီး"** ရောက်ရှိတုန်းက ဆွက်ကို **"အရှေ့ပိုင်းရဲ့ဆွစ်ဇာလန်"**ဟု တင်စား ပြောဆိုခဲ့သေးသည်။

ဆွက်ဒေသသည် ရှေးဟောင်းအမွေအနှစ်များ ပေါကြွယ်ဝသည့် ဒေသလည်းဖြစ်သည်။ "၇"ရာစုနှစ်များက ဗုဒ္ဓဘာသာ ထွန်းကားခဲ့ဖူးသည့် နိုင်ငံဖြစ်သည်။ ကျောက်တောင်ကြီးများကို ထွင်းထုထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ဖြစ်သည်။ များ

www.burmeseclassic.com

www.burmeseclassic.com



မကြာမီနှစ်များဆီက တာလီဘန်များ ဗုံးခွဲဖျက်ဆီးလိုက်ကြသဖြင့် ပြိုကျပျက်စီးခဲ့လေသည်။ ဒေသခံ **"ပက်ရှ်ထန်"** လူမျိုးများသည် အေးအေးလူလူ နေကြသူများ ဖြစ်သည်။ ဖက်ရှ်ထန်တို့သည် အင်္ဂလိပ်ဘာသာကို တော်လှန်စဉ်က ပါကစ္စတန်၏ ရှေ့တန်းတပ်သားများဖြစ်သည်။

အလားတူ ဆွတ်ခရိုင် တောင်ပေါ်ရွာကလေး တစ်ရွာက ဆွန်နီမွတ်စလင်ဘာသာဝင်များဖြစ်သည့် ကျောင်းဆရာ **ဇီယာအူ ဒင်ယူဆာဖဇေနှင့် တိုပါကင်းယူဆာဖဇေတို့မှ ၁၉၉၇ ခုနှစ်ဇူလိုင်လ(၁၂)ရက်နေ့တွင် သမီးဦးကလေးတစ်ယောက်ကို မွေးဖွားလေသည်။** အမည်မှာ **မာလာလာယူဆာဖဇေ** ဖြစ်လေသည်။ အများစုက မာလာလာယူစွတ်ဖိုင်းဟု သိထားကြသည်။ မာလာလာ၏ အမေက အခြား ပက်ရှ်ထန် အရပ်သူများအတိုင်း စာမတတ်သည့် သာမန်အိမ်ရှင်မတစ်ယောက်၊ အဖေက ခေတ်ပညာတတ်၊ ကဗျာစပ်သည်၊ စာဖတ်သည်။ **ပါကစ္စတန်နိုင်ငံ အောက်တန်းကျနေသည်မှ လူတွေ စာမတတ်လို့ဟု စွဲစွဲမြဲမြဲ ယုံကြည်သူဖြစ်သည်။**

သမီးဦးလေးကို မာလာလာဟု အမည်ပေးရခြင်းမှာ ၁၇-ရာစုက အာဖဂန်ကဗျာဆရာမ **"မာလာလေမေဝန်"**ကို ဂုဏ်ပြုသောအားဖြင့် ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်သည်။ မေဝန်းဒေသမှ နာမည်ကျော် ကဗျာဆရာမ မာလာလေသည် ကဗျာရေးစပ်ရင်း အင်္ဂလိပ်ကို လက်နက်ကိုင် တော်လှန်ခဲ့သည့် အာဇာနည်မယ် ဖြစ်သည်။ **၁၈၈၀ ပြည့်နှစ်တွင်** တိုက်ပွဲဝင်ရင်း တိုင်းပြည်အတွက် အသက်ပေးလှူခဲ့လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



ယခု မာလာလာက မာလာလေ့မေ၀ဲန်းနှင့် တူသလိုနှင့် ကွဲလွဲနေသည်။ သူက လက်နက်မကိုင် ငြိမ်းချမ်းရေးနည်းဖြင့် တိုက်ပွဲဝင်လေသည်။ ပညာရေးနှင့် လူ့အခွင့်အရေးကို ရဲရဲတင်းတင်း ပြောဆိုဝေဖန်သည်။ တောက်မည့်မီးခဲ တရဲရဲ ဆိုသလို အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းကလေးများ ပညာသင်ကြားခွင့်နှင့် လူ့အခွင့်အရေးကို တိုက်ပွဲဝင်လေသည်။ ၂၀၀၁-ခုနှစ်တွင် အာဖဂန်အစိုးရကို ပုန်ကန်သည့် အစ္စလာမ်အစွန်းရောက် တာလီဘန်တို့ လှုပ်ရှားမှုသည် ပါကစ္စတန်သို့ ကူးစက်လာသည်။ သူတို့သည် အနောက်ယဉ်ကျေးမှုနှင့် လောကဓာတ်ကျောင်းများကို အစ္စလာမ်ဘာသာ၏ ဓမ္မန္တရာယ်များဟု သတ်မှတ်၍ အပြတ်နှိမ်ကွပ်သည်။ ကြိမ်ဒဏ်ပေးသည်။ သေဒဏ်ပေးသည်။

မိန်းကလေးများ ပညာသင်ကြားခွင့်မရှိ။ အမျိုးသမီးများ ခေါင်းမြီးခြုံရမည်။ ယောကျ်ား သို့မဟုတ် ညီအစ်ကိုမောင်ဖွား မပါဘဲ အိမ်ပြင်ပ မထွက်ရဟု ပြောဆိုကြသည်။ စာသင်ကျောင်းများကို ဖုံးခွဲဖျက်ဆီးသည်။ ကလေးသူငယ်တွေ အစုလိုက် သေကျေအောင်ဖျက်ဆီးကြသည်။ ဒီမိုကရေစီအစိုးရကို ဖြုတ်ချပြီး စစ်တပ်က အာဏာသိမ်းသည်။ ဝန်ကြီးချုပ် အလီဘူတိုကို ကြိုးပေးသတ်သည်။ သမီးဘနာဇီယာဘူတိုကို လုပ်ကြံသတ်ဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးတွေ အာဏာလုကြသည်။ သူတို့တစ်တွေက ကျိုကျို တက်ချမ်းသာပြီး ပြည်သူက ဆင်းရဲ၊ တိုင်းပြည်က မွဲပြာကျလာသည်။

တာလီဘန်ကို နိုင်အောင်မတိုက်နိုင်ဘဲ သွေးချောင်းစီး လူသတ်ပွဲတွေဖြစ်ကာ ပြည်သူတွေ ကျီးလန့်စာစားရတဲ့ဘဝ ရောက်နေချိန်မှာ မာလာလာသည် အဖေနှင့်အတူ လူ့အခွင့်အရေး၊ ပညာသင်ကြားရေးတိုက်ပွဲ ဆင်နွှဲသည်။ တာလီဘန်တို့၏ ခြိမ်း ခြောက်မှုကို လုံးဝဂရုမစိုက် တိုက်ပွဲဝင်သည်။

၁၂–နှစ် အရွယ်တွင် ဘီဘီစီအတွက် ဆူးမလေး အမည် ဖြင့် ဘလော့ဂ်တွေ ရေးပို့သည်။ တာလီဘန်တွေ စစ်သွေးကြွ တွေက တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းတွေကို ဖုံးခွဲနေသည်။ ကလေးတွေကို သတ်နေသည်။ မာလာလာက အစ္စလာမ်မာဘတ် မြို့တော်သို့ တက်ပြီး ဟောပြောပွဲတွေ လုပ်သည်။ ရုပ်သံအင် တာဗျူးတွေ လုပ်သည်။

မာလာလာ၏ တိုက်ပွဲခေါ်သံ တစ်ကမ္ဘာလုံးသို့ ပျံ့သွား လေသည်။

မာလာလာ ကျောင်းကအပြန် ၂၀၁၂–ခုနှစ် အောက်တို ဘာလ(၉)ရက်နေ့တွင် တာလီဘန်လူသတ်သမားတို့ ကျောင်းကား ပေါ်တက်ပြီး ဦးခေါင်းကို အနီးကပ် ပစ်သတ်လိုက်ကြသည်။ အခြားကျောင်းသူကလေးနှစ်ဦးပါ ဒဏ်ရာရသည်။ ကျည်ဆန်က မိန်းကလေး၏ ဦးခေါင်းကိုဖြတ်ပြီး ပခုံးညှပ်ရိုးအထိ ရောက်သွား သည်။ သို့သော် မာလာလာ အသက်မသေ။ သူလုပ်ချင်တာ၊ မြင်ချင်တာ၊ အစစ လုပ်ခွင့်ရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ အကြောင်းအရာသည် ကျွန်တော်ပြောသည့် မာလာလာအကြောင်း။

ဆက်လက်၍ မာလာလာပြောသည့် မာလာလာအကြောင်းကို တင်ပြလိုက်ချင်ပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com



(၂)

## ရတနာတစ်ပါး မွေးဖွားခြင်း

ကျွန်မကို မွေးတုန်းက အမေနဲ့အတူ တစ်ရွာလုံးက အဖေ့ကို ဝိုင်းသနားနေကြတယ်။ ဝမ်းသာဂုဏ်ယူမယ့်သူ တစ်ယောက်မှမရှိ။ မွေးတဲ့အချိန်က အရုဏ်တက်မှာပါ။ ကောင်းကင်မှာ ကြယ်တွေ ပျောက်ကွယ်စအချိန် ဖြစ်တယ်။ ကျွန်မတို့အရပ်မှာ အဲဒီအချိန်ကို မင်္ဂလာရှိတဲ့ အချိန်လို့ အယူရှိကြတယ်။ ဒါဟာ ကျွန်မတို့ "ပက်ရှ်ထန်"လူမျိုးတွေရဲ့ ရိုးရာယုံကြည်မှု တစ်ခုပါ။ ကျွန်မကို ဆေးရုံမှာမွေးဖို့ မတတ်နိုင်ကြပါဘူး။ သားဖွားဆရာမခေါ်ဖို့တောင် ပိုက်ဆံမရှိပါဘူး။ အိမ်နီးနားချင်းများရဲ့ အကူအညီနဲ့ ကျွန်မ လူ့လောက ထဲ ရောက်လာတာပါ။

အဖေနဲ့ အမေရဲ့ သားဦးကလေးမွေးတုန်းက အသက်ပါမလာဘူး။ အခု ဒုတိယ ကျွန်မကတော့ ရုန်းကန်အော်ဟစ်ပြီး ထွက်လာတာတဲ့။ သားယောကျ်ားလေးမွေးရင် သေနတ်ဖွေပစ်ဖောက်ပြီး အောင်ပွဲခံတဲ့ တိုင်းပြည်မှာ ကျွန်မကို မွေးတာပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမွေးရင် ဝှက်ထားရတယ်။ လုံလုံခြုံခြုံ သိမ်းထားရတယ်။ ဒီတိုင်းပြည်မှာ မိန်းကလေးတို့ရဲ့ တာဝန်ဟာ မီးဖိုချောင်အလုပ်နဲ့ ကလေးမွေးဖို့ကလွဲပြီး ဘာမှမရှိပါ။

ပက်ရှထန် ထုံးစံအရ မိန်းကလေးမွေးတဲ့နေ့ဟာ "အ, မင်္ဂလာနေ့"ပါပဲ။ တိုရေရှားရေ မီးနေဝင်မယ့်သူ ဆိုလို့ ကျွန်မဦးလေး ဂျီဟာန်ရှားခန်းဆာဖဇေ တစ်ယောက်ပဲ ရှိတယ်။ ဦးလေးက ကျွန်မအတွက် ပိုက်ဆံတော်တော်များများ လက်ဆောင်ပေးတယ်။ သူက ကျွန်မတို့ မျိုးရိုးစဉ်ဆက် ဖယားရှည်ကြီးတစ်ခုလည်း ယူလာပေးတယ်။ ဒါလိုခယ်လ်ယူဆာဖဇေ ဘိုးစဉ်ဘောင်ဆက်ရဲ့ ဘိုးဘိုးကြီးတွေသာ ပါတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ အဘွားတွေ၊ အမေတွေ မပါဘူး။

ကျွန်မအဖေ ဇီယာအူဒင်ဟာ တခြား ပက်ရှ်ထန်တွေနဲ့ မတူတဲ့ တစ်မူကွဲလွဲတဲ့လူ ဖြစ်ပါတယ်။ သူက ဦးလေးဆီက ဖယားကိုယူပြီး သူ့နာမည်အောက်ကို မျဉ်းတစ်ကြောင်း ဆွဲချလိုက်တယ်။ မျဉ်းထိပ်မှာ အဝိုင်းကလေးဝိုင်းတယ်၊ အဝိုင်းထဲမှာ "မာလာလာ"လို့ ရေးထည့်လိုက်တယ်။ ဦးလေးလုပ်သူက တအံ့တသြဖြစ်ပြီး ရယ်လေတယ်။ အဖေက ဦးလေးရယ်တာကို ဂရုမစိုက်ဘဲ ကျွန်မ မွေးမွေးချင်း ကျွန်မမျက်လုံးတွေကို စိုက်ကြည့်ပြီး သူ့ သမီးလေးကို သိပ်ချစ်သွားတဲ့အကြောင်း ပြောလေတယ်။

"ဟောဒီသမီးလေးက သိပ်ထူးခြားတဲ့ သမီးလေးဖြစ်ရမယ်"

လို့ ဘေးကလူတွေကို ပြောပြလေတယ်။ ယောကျ်ားလေးတွေ မွေးရင်သာ လုပ်လေ့ရှိတဲ့ ရိုးရာဓလေ့အတိုင်း အဖေက

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါင်းအသင်းတွေကို လုပ်ခိုင်းတယ်။ ကျွန်မရဲ့ပုခက်ထဲကို ချိုချဉ်တွေ၊ သစ်သီးခြောက်တွေနဲ့ ပိုက်ဆံအကြွေတွေ ပစ်ထည့်ခိုင်းတယ်လေ။

မာလာလာ ဆိုတာ အာဖဂန်နစ္စတန် မေဝန်နယ်က မာလာလေဆိုတဲ့ အမျိုးသမီးသူရဲကောင်းရဲ့ နာမည်ကိုယူပြီး အဖေက မှည့်လိုက်တာပါ။ ကျွန်မတို့ ပက်ရှ်ထန်တွေဟာ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်ရဲ့ ဖြာထွက်နေတဲ့ လူမျိုးစုများစွာထဲက သိပ်မာနကြီးတဲ့ လူမျိုးစုပါ။ ပက်ရှ်ထန်တွေဟာ ရာစုနှစ်နဲ့ ချီပြီး ပက်ရှ်ထန်တွန်ဝါလီလိုခေါ်တဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နီတိနဲ့ နေထိုင်ကြတာပါပဲ။

ဧည့်သည်ကို ဧည့်ဝတ်ကျေပွန်ရတယ်၊ ဂုဏ်သိက္ခာကို လေးစားရတယ်၊ မျက်နှာပျက်ရမယ့် အလုပ်မျိုးကို ပက်ရှ်ထန်တွေ ဘယ်တော့မှမလုပ်၊ ပက်ရှ်ထန် ယောက်ျားသားတွေဟာ အရှက်ရမယ့် အလုပ်ကို အကြောက်ဆုံးပဲ၊ ကျွန်မတို့မှာ ဆိုရိုးစကားရှိပါတယ်။

"ဂုဏ်သိက္ခာမရှိတဲ့ဘဝနဲ့ နေရမှာထက် သေရတာကမြတ်တယ်"

ကျွန်မတို့ လူမျိုးတွေဟာ မြေရှင်ပဒေသရာဇ်တွေကို တိုက်ခဲ့တယ်၊ ကျွန်မတို့ အချင်းချင်းထဲက ရန်သူတွေကို တိုက်ခဲ့တယ်။ အဲဒီအချင်းချင်းထဲက ရန်သူကို "တာဘာ"လို့ ခေါ်တယ်။ ညီအစ်ကိုတော်ပေါ့။ ကျွန်မတို့ဘာသာစကားမှာ "တာဘာ"ဟာ ရန်သူလို့လည်း အဓိပ္ပာယ်ထွက်တယ်။ ဒါပေမဲ့ တိုင်းတစ်ပါးသားတွေ ကျူးကျော်လာပြီဆိုရင်တော့ ကျွန်မတို့ လက်တွဲပြီး အမိမြေကို ကာကွယ်ခဲ့တာချည်းပဲ။ အနိုင်တိုက်ခဲ့တာချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဖေက အိမ်လာလည်သမျှ လူတွေကို မာလာလေ အကြောင်း အမြဲတမ်း ပြောပြတယ်။ ကျွန်မ ဘယ်တော့မှ နား ထောင်လို့ မဝဘူး။ အဖေဆိုဆိုပြတဲ့ သီချင်းလည်း အလားတူပဲ၊ ဒီလိုနဲ့ ကျွန်မနာမည်ဟာ လေထဲမှာစီးမျောနေသလို ဖြစ်နေတယ်။

ကျွန်မတို့နေရတဲ့ နေရာဟာ ကမ္ဘာပေါ်မှာ အလှဆုံးနေရာ။ ဆွက်တောင်ကြားဒေသ ဆိုတာ နီဗွာနက်နဲ့ အနီးဆုံးနေရာ၊ ဘုရား သခင်ရဲ့နယ်မြေ စသည် စသည်ဖြင့် လူတွေက တင်စားတတ် ကြသည်။ စိမ့်စမ်း၊ ရေတံခွန် အသွယ်သွယ်နဲ့ ရှုမဆုံးတော့တဲ့ မြင်ကွင်းကျယ်တွေ၊ စိမ်းမြကြည်လဲ့နေတဲ့ ရေကန်ကြီးတွေ။ ကျွန်မတို့ တောင်ကြားဒေသဟာ "နီဗွာနက်ဘုံမှ ကြိုဆိုပါ၏"လို့ ဆိုင်းဘုတ်ရေးထားတဲ့ အတိုင်းပဲ။

ကျွန်မတို့ဆီကို အဲလီဇဘက်ဘုရင်မကြီးတောင် လာဖူး တယ်၊ "ရွှေနန်းဖြူ"မှာ တည်းသွားတယ်။ အဖြူရောင်နန်းတော် ကြီးကို ကျွန်မတို့ဘုရင်မင်းမြတ် တည်ဆောက်ထားတာပါ။ သုံး ထားတဲ့ကျောက်ဖြူသားတွေက **"တပ်ချ်မဟာ"**မှာ သုံးထားတဲ့ ကျောက်တုံးတွေနဲ့ အတူတူပဲ။ ကျွန်မတို့ ဆွက်ဒေသရဲ့ ပထမဆုံး ဝါလီ အုပ်ချုပ်သူပေါ့။

ကျွန်မတို့မှာ ကိုယ်ပိုင်သမိုင်းရှိတယ်၊ ဒီနေ့ ဆွက်ဟာ ခီဘာပက်ရှ်ထန်ခဝါး၊ ပါကစ္စတန် ခေါ် ကေပီကေရဲ့ နယ်တစ် နယ်။ ဒါပေမဲ့ ဆွက်ဟာ အခြားပါကစ္စတန်နဲ့ မတူဘူး၊ သီးခြားပါ။ တစ်ချိန်က ကိုယ့်ဘုရင်၊ ကိုယ့်သခင်နဲ့ နေခဲ့တဲ့ ပြည်နယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကိုလိုနီဘဝမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ နေခဲ့ရတဲ့ပြည်နယ်။ ၁၉၄၇ ခုနှစ် အိန္ဒိယ လွတ်လပ်ရေးရတော့ ပါကစ္စတန်ရယ်လို့ ခွဲထွက်ခဲ့ပါတယ်။ ဒီတော့ ကျွန်မတို့ဆွက်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဆင့်က လျော့ကျမသွားခဲ့ပါဘူး။ ပါကစ္စတန်ဟာ ရူပီးကို သုံးပေမယ့် နိုင်ငံခြားရေးကလွဲပြီး ပြည်မအစိုးရက ဘာမှဝင်မစွက်ပါဘူး။ ကျွန်မတို့မြို့ဟာ ပါကစ္စတန်မြို့တော် အစ္စလာမ်မာဘတ်နဲ့ မိုင် ၁၀၀ ပဲ ဝေးပါတယ်။

ကျွန်မတို့နေတဲ့ ဖင်ရိုရာမြို့ဟာ ဆွက်တောင်ကြားဒေသမှာ အကြီးဆုံးပါ။ ပြောရရင် ဒီတစ်မြို့ပဲ ရှိပါတယ်။ ပထမတော့ မြို့ငယ်ကလေးပါပဲ။ ရွာနီးချုပ်စပ်တွေက မြို့တက်လာပြီး အခြေချတဲ့သူ များလာတော့ တဖြည်းဖြည်း စည်ကားလာပါတယ်။

ကျွန်မကိုမွေးပြီး နောက်(၂)နှစ်အကြာမှာ ကျွန်မ မောင်လေးတစ်ယောက် ရလာတယ်။ သူ့နာမည်က "ခူရှဲလ်"တဲ့။ သူ့ကိုလည်း ကျွန်မလိုပဲ အိမ်မှာပဲ မွေးလေတယ်။ သူ့နာမည်ကို အဖေက သူ့ကျောင်းနာမည်ယူပြီး မှည့်လိုက်တာပါ။ ခူရှဲလ်ဆိုတာ ပက်ရှ်ထန်တွေရဲ့ အချစ်တော် စာဆိုစစ်သည် ကဗျာကဝိကြီးပေါ့။

သားအရမ်းလိုချင်နေတဲ့ အမေက သားကလေးရတော့ ဝမ်းသာမဆုံး တပြုံးပြုံးပေါ့။ ကျွန်မအတွက်တော့ သိပ်မထူးပါဘူး။ နီတာရဲ့ ပေါက်စကလေးက လေတိုးရင် ပါသွားတော့မလိုဘဲ။ အဖေနဲ့တူတယ်တဲ့။ ဒါကြောင့် အဖေက အသည်းစွဲဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာလေ။ မောင်လေးအတွက် အမေက ပုခက်ဝယ်ပေးစေချင်တယ်။

ကျွန်မ မွေးတုန်းက ပုခက်မဝယ်နိုင်ဘူး။ အိမ်နီးချင်းတွေပေးတဲ့ ပုခက်အဟောင်းကြီးနဲ့ ကျွန်မ စခန်းသွားရတာ။ ခုတော့ အဲဒီပုခက်ကြီး ချုံးချုံးကျနေပြီ။ သို့သော် အဖေက အသစ်ဝယ်ပေးဖို့ကို ငြင်းနေတယ်။

"မာလာလာတောင် ဒီပုခက်ထဲမှာ ကြီးပြင်းခဲ့တာပဲ။ သူလည်း ဒီပုခက်နဲ့ပဲ အိပ်ပေါ့"

လို့ အမိန့်ပေးတယ်။ ဒီလိုနဲ့ နောက်ငါးနှစ်ကြာတော့ ယောကျ်ားလေးတစ်ယောက် ထပ်မွေးတယ်။ "အတဲလ်"ဆိုတဲ့ အငယ်လေး မျက်လုံးတောက်တောက်နဲ့ ရှဉ့်လေးတစ်ကောင်လို စပ်စပ်စုစုလုပ်မယ့်ပုံမျိုး။ သူမွေးပြီးတော့ အဖေက ပြောတယ်။

"တော်လောက်ပြီ"

တဲ့။ ကျွန်မတို့ "ဆွက်"စံချိန်နဲ့ဆိုရင်တော့ နည်းသေးတာပေါ့။ အများအားဖြင့် ကလေးခုနစ်ယောက် ရှစ်ယောက် ယူတတ်ကြတယ်။ အမေက မိန်းမချောတစ်ယောက်ပါ။ ဒါကြောင့် အမေက ဖူးဖူးမှုတ်ထားတာပေါ့။ အမေကို ယုယတယ်။ ဘယ်တုန်းကမှ လက်ဖျားနဲ့ မတို့ဖူးပါဘူး။ ကျွန်မတို့ဆီမှာ ယောကျ်ားတိုင်း မိန်းမကိုရိုက်တဲ့ ဓလေ့ရှိပါတယ်။ အမေ့နာမည်က "တော်ပီကိုင်" တဲ့။ အဓိပ္ပာယ်က ပိတုန်းရောင်ကေသာပေါ့။ ဒါပေမဲ့ အမေ့ ဆံပင်တွေက သစ်ချသီးရောင်ပါ၊ နီညိုပေါ့။

ကျွန်မ လေးနှစ်သမီး အရွယ်လောက်က မေးဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ… အဖေ့ အသားအရောင်က ဖြူသလား မည်းသလား"

အမေက ပြန်ပြောတယ်။

"မသိပါဘူး သမီးရယ်၊ ဖြူသလိုလို ညိုသလိုလိုပါပဲ"

လက်ဖက်ရည်ထဲကို နွားနို့ရောလိုက်သလိုလားလို့ ကျွန်မ ပြောတော့ အမေ ခွက်ထိုးခွက်လန် ရယ်ပါတယ်။ ကျွန်မတို့ရဲ့ အရပ်မှာ လက်ထပ်ထိမ်းမြားခြင်းကို လူကြီးတွေက စီစဉ်ကြပါတယ်။ ဒါပေမဲ့ အဖေနဲ့အမေကတော့ လူငယ်ချင်းကြိုက်ပြီး ယူကြတာတဲ့။

ကျွန်မတို့မောင်နှမတွေ တစ်ခုခု ဖြစ်ရင်လည်း အမေက အသက်နဲ့ရင်းပြီး ရင်ဆိုင်မယ် ထင်တယ်။ အမေကစာမတတ် ပေမယ့် ဘာပဲလုပ်လုပ် အဖေက အမေနဲ့တိုင်ပင်ပြီးမှ လုပ်တယ်။ တစ်နေ့တာ အတွေ့အကြုံတွေကို ကောင်းတာရော ဆိုးတာပါ အဖေက အမေကို ပြန်ပြောတတ်တယ်။ အမေက အဖေ့ကိုပျော် အောင်ထားတယ်။ မိတ်ဆွေအစစ်နဲ့အတူ ခွဲပေးတတ်တယ်။ အမေ ပြောရင် ဘယ်တော့မှ မမှားဘူးလို့ အဖေက ပြောပါတယ်။

ပက်ရှိထန် အများစုမှာ အဖေနဲ့ အမေလို လင်မယားမျိုး မရှိသလောက် ရှားတယ်၊ ပက်ရှိထန် ယောက်ျားတွေဟာ မိန်းမ တွေကို လူရာမသွင်းကြပါဘူး။ လူရာသွင်းသူကို သရော်ကြတယ်။ မိန်းမနဲ့တိုင်ပင်ရတယ်လို့ဗျာဆိုပြီး အပုပ်ချတယ်။ အဖေနဲ့အမေ ကတော့ မောင်တစ်ထမ်း မယ်တစ်ရွက်ပါပဲ။ အမြဲတမ်းပေါ့ပေါ့ ပါးပါး၊ ကျွန်မတို့မိသားစုကို ပျော်စရာကောင်းတဲ့ မိသားစုဖြစ် ပတ်ဝန်းကျင်က အသိအမှတ် ပြုကြပါတယ်။ အမေက ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တရားကို ရှိသေကိုင်းရှိုင်းတယ်၊ က,တာကို သဘောမကျဘူး။ ဘုရားမကြိုက်ဘူးတဲ့။ ဒါပေမဲ့ အလှအပတော့ ကြိုက်တယ်။ ဓာတ်ပုံးပန်းထိုး အဝတ်မျိုးကို အမေ ကြိုက်မှကြိုက်။ ကျွန်မနဲ့တော့ တစ်ဘာသာစီပဲ။

ကျွန်မက အဖေနဲ့တူတယ်၊ အဲဒီအတွက်အမေနည်းနည်းစိတ်ပျက်မယ်ထင်တယ်။ ကျွန်မက အဝတ်အစားတို့ လက်ဝတ်ရတနာတို့ကို ဂရုမစိုက်ဘူး၊ ဈေးသွားတာလည်း ဝါသနာမပါဘူး၊ ဒါပေမဲ့ က,တာတော့ ဝါသနာပါတယ်။ သူငယ်ချင်းတွေနဲ့ တံခါးအလုံပိတ်ပြီး ဝဲနေအောင် က,တတ်တယ်။ ကျွန်မ အရွယ်ကလေးနည်းနည်းရလာတော့ အမေနဲ့ အနေများသွားတယ်။

အဖေက အိမ်ကို သိပ်ကပ်ရတယ် မရှိဘူး။ ကျောင်းအလုပ်တင်မကဘူး၊ ရပ်ရွာရေးကိစ္စ ကျေးလက်ကိစ္စ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေနဲ့ အမြင်ကျယ်လာတယ်။ လူကြိုက်များလာတယ်။ ဒီတော့ ကျွန်မတို့ကိုလည်း အဆင့်မြင့်မြင့်ထားနိုင်လာတယ်။

အဖေက ကျွန်မတို့ကို စစ်သွေးကြွ တောင်ပေါ်သားတွေအကြောင်း၊ ပက်ရှ်ထန်ခေါင်းဆောင်တွေအကြောင်း၊ သူတော်စစ်တွေအကြောင်းလည်း ပြောပြတတ်ပါတယ်။

ကဗျာတွေကို ဖတ်ပြတဲ့ အခါမှာတော့ သံနေသံထားနဲ့ ဖတ်ပြတတ်တယ်။

တစ်ခါ တစ်ရံ ဖတ်ရင်း ငိုတဲ့အခါ ငိုတယ်။

ကျွန်မတို့လူမျိုးက လူတိုင်းလက်နက်ကိုင်တယ်။ ဒါပေမဲ့ အဲဒီခေတ်က တခြားပက်ရှ်ထန်ဒေသတွေမှာလို ကျွန်မတို့က သေ

www.burmeseclassic.com



နတ်တကားကားနဲ့ လျှောက်သွားမနေဘူး။ ကျွန်မအဘိုးရဲ့အဖေ၊ ကျွန်မရဲ့ဘိုးဘိုးကြီးပေါ့။

သူက သူတို့ကလေးဘဝ တိုက်ပွဲတွေ အကြောင်း ပြောပြတယ်။ ပြီးခဲ့တဲ့ ရာစုနှစ်ရဲ့ နောက်ဆုံးပိုင်းမှာ အင်္ဂလိပ်လက်အောက်ရောက်မယ့် အရေးကို သူတို့တွေ ပူလာကြတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်က တိုင်းပြည်တော်တော်များများကို သိမ်းထားပြီးပြီတဲ့။

ပါကစ္စတန်နိုင်ငံ ပေါ်ပေါက်လာပြီး နှစ်နှစ်အကြာ ၁၉၄၉ ခုနှစ်မှာ သူက သားအကြီး မိန်ရှူးလ်အဗ္ဗဒူဟတ်ဂျီဟာန်ဇက်ကို အာဏာလွှဲပေးလိုက်တယ်။ ကျွန်မတို့အဖေ ပြောလေ့ရှိပါတယ်။

"ဘက်ဒ်ရှားဆပ်က တိုတောင်ကြားဒေသကို ငြိမ်းချမ်းအောင် လုပ်တယ်၊ သူ့သားက တိုးတက်ကြီးပွားအောင်လုပ်တယ်"

တဲ့… ဂျီဟာန်ဇက်ခေတ်ဟာ ကျွန်မတို့ရဲ့သမိုင်းမှာ ရွှေခေတ်လို့ ပြောလို့ရမှာပါ။ သူက ပက်ရှ်ဝါမှာ အင်္ဂလိပ်စာသင်ခဲ့ရတဲ့ ခေတ်ပညာတတ်လေ။ သူ့အဖေက စာမတတ်လို့ ထင်ပါရဲ့ ပညာရေးကို သိပ်အားပေးတယ်။ ကျောင်းတွေ အများကြီးဆောက်တယ်၊ ဆေးရုံတွေလည်း ဆောက်တယ်၊ လမ်းတွေလည်း ဖောက်တယ်။

၁၉၅၀–ပြည့်လွန်နှစ်တွေကစပြီး လူမျိုးစုအကြီးအကဲတွေအတွက် အခွန်အတုတ် ကောက်ခံပေးသွင်းရတဲ့ စနစ်ကို သူက ဖျက်သိမ်းလိုက်တယ်။ ဒါပေမဲ့ လွတ်လပ်စွာ ပြောဆိုခွင့်တော့ မပေးဘူး။ ခေါင်းဆောင်ကို ဝေဖန်ရင်တော့ နယ်နှင်ဒဏ်ခံရပြီ

www.burmeseclassic.com

www.burmeseclassic.com



အာမှတ်၊ တောင်ကြားဒေသမှ မောင်းထုတ်တော့တာပဲ။ ကျွန်မ ကိုးအဖေဖွေးတဲ့ ၁၉၆၉ ခုနှစ်မှာ သူက အာဏာစွန့်ရတယ်။

ကျွန်မတို့ ဆွက်တောင်ကြားဟာလည်း အနောက်ပါကစ္စ တန်နယ်စပ်ဒေသ အုပ်ချုပ်ရေးအောက်ကို ရောက်သွားပါတော့ တယ်။ မကြာခင်ကမှ ခိုင်ဘာဖက်ထန်ခဝါ ဆိုတဲ့ နာမည်ကို ပြောင်းလိုက်လေတယ်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



# (၃)

## သိမ်းငှက်နဲ့တူတဲ့ ကျွန်မအဖေ

ကျွန်မတို့အဖေဟာ စကားထစ်တဲ့လူမျိုး ဖြစ်ပါတယ်။ သူ့နှုတ်က စကားတစ်လုံးထွက်ဖို့ အတော်အားရုံစိုက်ရတယ်။ စကားပြောမယ်ကြံရင် သူ့လည်ချောင်းထဲမှာ နံရံကြီးတစ်ခု ပိတ်ထားသလိုပဲတဲ့။ "မ"တို့ "ပ"တို့ "က"တို့ ဆိုတဲ့ အသံတွေဟာ သူ့ကို ဒုက္ခအပေးဆုံး အသံတွေပဲ။ ကျွန်မကို မာလာလာလို့ ခေါ်ရတာခက်လို့ သမီးလို့ ခေါ်တာလားလို့ မေးပြီး ကျွန်မ စ, တတ်ပါတယ်။

အဖေ့မှာ စကားထစ်တဲ့ ဦးလေးတစ်ယောက် ရှိတယ်။ ကျွန်မတို့ အဘိုးကြောင့် အဖေ့ခမျာ ဗျာပါဒပိုရှိရှာတာပါ။ အဘိုးက အပြောကောင်း အဟောကောင်း၊ အသံသြဇာအပြည့်နဲ့ပုဂ္ဂိုလ်။ အဖေစကားပြောရင် တစ်ဝက်တစ်ပျက်နဲ့ ထစ်နေပြီဆိုရင် "ပြော လေကွာ၊ ဆက်ပြောလေ"ဟု မချင့်မရဲ အော်တော့တာပါပဲ။

အဖေတို့ မိသားစုက ညီအစ်ကို မောင်နှမ များတယ်။ အဖေ့မှာ အစ်ကိုကြီးတစ်ယောက် ရှိတယ်။ အဖေနဲ့ အသက်တော်

www.burmeseclassic.com

www.burmeseclassic.com



တော်ကွာတယ်။ ကျွန်မက ဦးကြီးခန်းဒါဒါလို့ ခေါ်တယ်။ ညီမ ငါးယောက်ရှိတယ်။ အိမ်တိုင်းမှာလိုပဲ ယောက်ျားတွေက ကျောင်းသွား မိန်းကလေးတွေက အိမ်မှာနေကြရတယ်။

"သူတို့က ယောက်ျားယူဖို့ အချိန်စောင့်နေကြရတာ"

လို့ အဖေက ပြောပြတယ်။ ကျောင်းသွားဖို့ အခွင့်အရေးသာ မရတာ မဟုတ်ဘူး၊ အခြား ဘာအခွင့်အရေးမှလဲ ကျွန်မတို့ အဒေါ်တွေ မရကြပါဘူး။ မနက် မနက် အဖေတို့က နွားနို့မလိုင်နဲ့ လက်ဖက်ရည်သောက်နေချိန်မှာ သူတို့လက်ဖက်ရည်ထဲမှာ နွားနို့ မပါရှာဘူး။ ကြက်ဥဆိုလည်း သူတို့နဲ့ မဆိုင်သလိုပဲ။ ယောက်ျားလေးတွေသာ စားခွင့်ရှိတယ်။

ကျွန်မတို့ ဆွေတော်တော်များများက ပါကစ္စတန်တရားရေးစနစ်ကို မကြိုက်ကြဘူး။ ကျွန်မတို့ ရိုးရာတောင်တန်းဒေသတရားစီရင်ရေးစနစ်ကို မမီဘူးလို့ ပြောကြတယ်။ မထိရောက်တဲ့ အပြင် နှေးကွေးတယ်လို့ ဝေဖန်ကြပါတယ်။ ကျွန်မအဘိုးက လူတန်းစားခွဲခြားမှုစနစ်ကို လုံးဝမကြိုက်ဘူး။ ခန်းတွေရဲ့အဆင့်ဆင့်အာဏာဆက်ခံမှုကိုလည်း မကြိုက်ဘူး။ ဆင်းရဲချမ်းသာ ချောက်ကမ်းပါး ကွာဟမှုကိုလည်း မကြိုက်ဘူး။

ကျွန်မတို့တိုင်းပြည်ဟာ နုနုကလေး ရှိပါသေးတယ်။ ဒါပေမဲ့ သမိုင်းဟာ စစ်တပ်အာဏာသိမ်းမှုတွေနဲ့ အရုပ်ဆိုးအကျည်းတန်ခဲ့ရပါပြီ။ ကျွန်မတို့ ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ ဝန်ကြီးချုပ် **"အလီဘူတို"**ကို နိုင်ငံတော်သစ္စာဖောက်မှု တံဆိပ်တပ်ဖမ်းပြီး **ရဝါမင်ဒီ** အကျဉ်းထောင်မှာ ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ပေးသတ်ပစ်လိုက်တယ်။ မစ္စတာဘူတိုကို တိုင်းပြည်က ယနေ့အထိ လူတော်တစ်ယောက်အဖြစ် အသိအမှတ် ပြုထားဆဲပါ။

သူကိုယ်တိုင် မြေပိုင်ရှင်ကြီးတစ်ယောက်ဖြစ်ပြီး သရက်ခြံတွေ ကေပေါင်းများစွာ ရှိပေမယ့် သူဟာဆင်းရဲသားတွေဘက်က ရပ်တဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် ယနေ့အထိ ပါကစ္စတန်မှာ အရိုပ်ထိုးနေဆဲပါ။ သူ့ကိုသတ်လိုက်တဲ့အတွက် တစ်တိုင်းပြည်လုံး အထိတ်အလန့် ဖြစ်သွားတယ်။ ကမ္ဘာအလယ်မှာ နာမည်ပျက်ခဲ့ရတယ်၊ အမေရိကန်ဆိုရင် လုံးဝအကူအညီတွေ ရပ်ပစ်လိုက်တယ်။

သူတို့ဟာ တိုင်းပြည်ကို စိတ်ထင်ရာ လုပ်ကြတယ်။ အဆိုးဆုံးက ၁၉၄၇ ခုကတည်းက ရှိခဲ့တဲ့ မူလသမိုင်းစာအုပ်တွေကို ပြင်ရေးတယ်။ ဟိန္ဒူဘာသာနဲ့ ဂျူးဘာသာတွေကိုတော့ မှိုချိုးမှျစ်ချိုး ရေးထားပါတယ်။ အဘွားက အဖေ့ကိုယုံတယ်၊ အားပေးတယ်၊ တစ်နေ့မှာ သူသာ၊ အောင်မြင်ရမယ်၊ လူတစ်လုံးသူတစ်လုံး ဖြစ်ရမယ်လို့ အဘွားက စိတ်ချထားတယ်၊ အဲဒီအတိုင်းပဲ အဖေကလည်း ကျွန်မကို ယုံတယ်။

အဖေက အဘိုးကို သိပ်အားကျတယ်။ သူလို ဟောတတ်ပြောတတ်ချင်တယ်။ သူ့ရဲ့ အ,ထစ်ဘဝကို စိတ်ညစ်နေတယ်။ အဘိုးကတော့ အဖေ့ကို ဆရာဝန် ဖြစ်စေချင်တယ်။ အဖေက စာတော်တယ်။ ဒါပေမဲ့ သချာနဲ့ သိပ်မရဘူး။ ဒီအတွက် စိတ်မာတ်ကျတယ်။ အဘိုး ဂုဏ်ယူလောက်တဲ့ အလုပ်တစ်ခုကိုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက နှစ်စဉ်ကျင်းပတဲ့ ခရိုင်စကားပြောပြိုင်ပွဲ မှာ ဝင်ပြိုင်မယ်တဲ့လေ။ သူ့ကို လူတွေက ရူးသွားပြီလို့ ကြတယ်။ ဆရာတွေကရော အပေါင်းအသင်းတွေကပါ ဝိုင်း တယ်။ အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်တော့မှာပဲတဲ့ အဘိုးကလည်း အဖေ့ကို မိန့်ခွန်းရေးပေးဖို့ လက်တွန့်နေတ နောက်ဆုံးတော့ အဘိုးက မိန့်ခွန်းရေးပေးလိုက်ပါတယ်။ အ က တစ်လုံးမကျန် အလွတ်ရအောင် ကျက်တယ်။ လမ်းလျှော ပြီးတော့လည်း လေ့ကျင့်တယ်။

အဲဒီလိုနဲ့ စကားပြောပွဲရက်ကို ရောက်လာပါတယ်။ မည်ကျော် စကားပြောကောင်းတဲ့ ကောင်လေးတွေ အများ ရောက်လာကြတယ်။ အလှည့်ကျ ဟောပြောကြတယ်။ အ အလှည့်ကို နောက်ဆုံးရောက်ပါလေရော။ စိတ်ထဲမှာ ပျော် နေတဲ့ အချိန်ဖြစ်သည်။ ဟောပြောမှုလည်း ပြီးရော လက် ဩဘာသံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ အဖေ့အတွက် စရာအကောင်းဆုံး ဖြစ်လေသည်။ ပထမဆုရယူဖို့ စင်ပေါ်တက် ရင်း အဖေက အဘိုးကို လှမ်းကြည့်လိုက်သည်။ အဘိုး ယောက် ပျော်လွန်းလို့ သူ့ဘေးနားက လူတွေကို ကျောပုတ်လို လက်ဆွဲနှုတ်ဆက်လိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေသည်

"အဖေ့ကို ဒီတစ်ခါပဲ ပြုံးအောင်လုပ်ခဲ့နိုင်တယ်"

လို့ အဖေက ပြောပြတတ်တယ်လေ။

အဘိုးဟာ ပထမဆုံးအကြိမ်အဖြစ်နဲ့ အဖေ့ကို လူ သူတောထဲမှာ သူ့သားတော်ကြောင်း ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဓိယာအူဒင်ဟာ ရှာပတင်းတစ်ကောင်ပဲ"လို့ ဂုဏ်ယူစွာနဲ့ သူ့သားကို နာမည်ပေးပါတယ်။ ရှာပတင်းဆိုတာ သိမ်းငှက်ကို ပြောတာပါ။ မင်းနာမည်ထိုးရင် "သိမ်းငှက်ဓိယာအူဒင်လို့ထိုးရမယ်"လို့ ပြောလာပါတယ်။ ပထမတော့ အဖေက အဘိုးစကားကို နားထောင်ပါသေးတယ်။ နောက်တော့ အဲဒီနာမည် ဆက်မသုံးတော့ပါဘူး။

သိမ်းငှက်ဆိုတာ အမြင့်ကို ပျံနိုင်ပေမယ့် ရက်စက်ကြမ်းကြုတ်တဲ့ ငှက်မျိုး ဖြစ်တယ်လေ။ အဲဒါနဲ့ မျိုးရိုးနာမည်ယူပြီး "ဓိယာအူဒင်ယူဆာဖဇေ"ဆိုတဲ့ နာမည်ကို ခံယူလိုက်ပါတယ်။

O

www.burmeseclassic.com

www.burmeseclassic.com



(၄)

## ကျောင်းဝင်းထဲမှာ ကြီးပြင်းလာ

ကျွန်မအမေဟာ ခြောက်နှစ်သမီးမှာ ကျောင်းစနေပါတယ်။ ဒါပေမဲ့ နှစ်မကုန်ခင်မှာ ရပ်ပစ်လိုက်ပါတယ်။ ဆက်မတက်တော့ပါဘူး။ အမေဟာ ရွာထဲမှာ ထူးခြားတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ အဖေနဲ့ အစ်ကိုတွေက အမေ့ကို စာတတ်စေချင်ကြတယ်။ ကျောင်းတက်တော့ အတန်းထဲမှာ မိန်းကလေးက အမေတစ်ယောက်တည်းရှိတယ်။ အားလုံး ယောကျ်ားလေးတွေချည်းပဲ။ ဒါပေမဲ့ အမေ့ညီမဝမ်းကွဲ မိန်းကလေးအားလုံးက ဘယ်သူမှ ကျောင်းမသွားကြဘူး၊ အိမ်မှာဆော့နေရစ်ကြတယ်။ ဒါကို အမေက အားကျတယ်။

ထမင်းမချက်ချင်တာနဲ့ ကျောင်းတက်တယ် ဆိုတာ သိပ်အဓိပ္ပာယ်မရှိဘူးလို့ အမေ မြင်လာတယ်။ နောက်ဆုံး အိမ်အလုပ်လုပ်ရမှာပဲ။ ယောကျ်ားယူပြီး ကလေးတွေ မွေးရမှာပဲ မဟုတ်လား။ ဒါနဲ့ တစ်နေ့မှာ စာအုပ်တွေကိုရောင်းပြီး ကန်စွန်းဥပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်စားပစ်လိုက်တယ်။ အမေရဲ့အဖေက ဘာမှမပြောဘူး။ အမေရဲ့အဖေက မနက်စာ စားပြီးတာနဲ့ ဂျာမန်ပစ္စတိုကြီး ပခုံးလွယ်ပြီး အိမ်ကထွက်သွားတာပဲ။

တစ်နေ့ကုန် နိုင်ငံရေးနဲ့ အလုပ်ရှုပ်နေတာ မြေရှင်ပဒေသရာဇ်စနစ် တိုက်ဖျက်ရေးတရားတွေ လှည့်ဟောနေတာ၊ တစ်ဖက်က ခုနစ်ယောက်ကိုလည်း ရှာကျွေးနေရသေးတော့ တစ်ယောက်ချင်း ဂရုမစိုက်နိုင်ဘူး။ အဖေနဲ့တွေ့မှ အမေ နောင်တရတာ။ အဖေက စာတတ်ပေတတ်လေ။ အဖေ့ရည်ရွယ်ချက်က စာသင်ကျောင်းတစ်ကျောင်း ရွာမှာဆောက်ဖို့ပါ။

ဒါပေမဲ့ အဆက်အသွယ်ကမရှိ၊ ငွေရေး ကြေးရေး မပြေလည်တာကြောင့် သူ့အိပ်မက်ကို ဘယ်လိုမှ အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ရွာကလူတွေကို မျက်စိဖွင့်ပေးဖို့လောက် အရေးကြီးတာ ဘာမှမရှိဘူးလို့ ယုံကြည်နေတယ်၊ ရွာမှာရှိတဲ့ ကျောင်းကလေးက နွားတင်းကုတ်သာသာ တဲတစ်လုံး၊ အတန်းအချို့ဟာ သစ်ပင်အောက်မှာထိုင်ပြီး သင်ကြရတာ၊ ကလေးတွေအားလုံး ဘူမိကမ္ဗလာမြေမွေ့ရာမှာ ထိုင်ကြရတယ်၊ အိမ်သာမရှိ၊ အပေါ့အပါးသွားရင် ကလေးအားလုံး တောထိုင်ကြရတယ်။

ဒါပေမဲ့ သူ သိပ်ကံကောင်းတယ်လို့ အဖေက ပြောတတ်ပါတယ်။ သူ့နှမတွေ၊ သူ့အဒေါ်တွေ ဘယ်သူမှ ကျောင်းမသွားကြလို့တဲ့လေ။ ကျွန်မတို့တိုင်းပြည်မှာ ကျောင်းမသွားတဲ့ မိန်းကလေး သန်းပေါင်းများစွာ ရှိပါတယ်။ အဖေကတော့ ပညာရေးဟာ ပထမ၊ ပညာရေးဟာ ဒုတိယလို့ ခံယူတဲ့ လူစားမျိုး။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေး ချာတူးလန်နေတာဟာ ပါကစ္စတန်ရဲ့ အဓိက ရေသောက်မြစ် ပြဿနာလို့ အဖေက မြင်နေပါတယ်။ ပညာမတတ်ကြတော့ နိုင်ငံရေးသမားတွေ ထင်သလိုလုပ်တာ ခံနေကြရတာပေါ့။ လူတော်လူကောင်းတွေကို ရွေးကောက်တင်မြှောက်ရမှန်း မသိကြတော့။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ သူတွေလည်း ခပ်ချာချာတွေ ဖြစ်ကုန်တော့တာပေါ့။ ဒါကြောင့် အဖေက ကျောင်းတွေ ဖွင့်ချင်တာ၊ လူတွေပညာတတ်စေချင်တာ၊ ဆင်းရဲချမ်းသာမရွေး၊ ယောကျ်ားမိန်းမ အားလုံး ပညာသင်ကြရမယ်။ ပညာတတ်ရမယ်။ ပညာသင်ခွင့် ရှိကြရမယ်။ အဖေ အိမ်မက်မက်နေတဲ့ ကျောင်းမျိုးက စားပွဲ ကုလားထိုင်နဲ့ စာကြည့်တိုက်နဲ့ ကွန်ပျူတာတွေ ရှိရမယ်၊ နံရံမှာ ရောင်စုံပိုစတာကြီးတွေ ရှိရမယ်၊ အရေးအကြီးဆုံးက အိမ်သာတွေ ရှိရမယ်။

အဖေက ကျွန်မတို့ ဆွက်ဒေသရဲ့ အကောင်းဆုံး ဂျီဟာန်ဇက်ကောလိပ်မှာ "အေ"အဆင့် ကျောင်းသားအဖြစ် တက်ခွင့်ရပါတယ်။ ဒါပေမဲ့ အဘိုးက သူ့သားအတွက် ကျောင်းစရိတ် မပေးနိုင်ဘူး၊ သူ့ကိုယ်တိုင်လည်း အိန္ဒိယမှာ အခမဲ့ စာသင်ခဲ့ရတာကိုး။ ဗလီမှာ တာလစ်တစ်ယောက်လို နေခဲ့ရပြီး အရပ်က ထမင်းကျွေးတယ်၊ အဝတ်ဆင်တယ်။

ဂျီဟာန်ဇက်တက္ကသိုလ်မှာ ကျောင်းလခ မပေးရပါဘူး။ အခမဲ့ကျောင်းပါ။ ဒါပေမဲ့ ထမင်းတော့ မကျွေးဘူး။ ဒါကြောင့် အဖေ့မှာ ငွေလိုပါတယ်။ ပါကစ္စတန်မှာ ကျောင်းသားတွေကို ပညာသင်စရိတ် မချေးပါဘူး။ အဖေဟာ ဆယ်တန်းအောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မှာအလုပ်မရှိလို့ အဖေဦးလေးကျောင်းမှာ စေတနာ့ဝန်ထမ်း ပ်အားပေးဆရာ ဝင်လုပ်တယ်။

အဲဒီမှာ အဖေ့ဘဝ အလှည့်အပြောင်းတစ်ခု ဖြစ်လာတယ်။ ကောင်းထောက်မစွာနဲ့ စေတနာအကျိုးပေးတယ် ဆိုရမှာပေါ့။ ဒီရွာသားတစ်ယောက်နဲ့ ကျွန်မတို့ အဒေါ်တစ်ယောက် အိမ် ထောင်ကျတော့ အဲဒီရွာကို နာဆာပါချာဆိုတဲ့ အမျိုးတစ်ယောက် ရောက်လာပြီး အဖေ အလုပ်လုပ်နေတာ တွေ့သွားတယ်။ နာဆာ ဆော်ဒီမှာ အလုပ်သွားလုပ်ပြီး မိသားစုကို ငွေပြန်ပို့တဲ့သူ။ တ္တသိုလ်တက်ခွင့်ရရက်နဲ့ မတက်ဖြစ်တဲ့အကြောင်း အဖေက သူ့ကို ပြောပြလိုက်တယ်။ ပိုက်ဆံမတတ်နိုင်လို့ မတက်တဲ့ အကြောင်းတော့ ထည့်မပြောလိုက်ဘူး။

အဲဒီမှာ နာဆာပါချာက ပြောတယ်။

"တို့နဲ့ မင်းလာနေပါလား"

"ဟာ... ဒါဆိုရင်တော့ ဘုရားမ,တာပေါ့ဗျာ"လို့ အဖေ ဝမ်းသာအားရ ပြန်ပြောတယ်။ အဲဒီလိုနဲ့ အဖေဟာ နာဆာ ချာ သူ့မိန်းမဂျာဂျေးနဲ့ပါ ခင်သွားကြတယ်။ နောက်တော့ မျိုးတွေ ဖြစ်သွားကြတယ်။ ဂျာဂျေးတို့ လင်မယားက အဖေ့ကို သွေးရင်းသားရင်းလို ခင်မင်လာကြတယ်။ အဖေကလည်း ဂျာဂျေ ကွယ်လွန်သွားတဲ့ မိခင်နေရာကို အစားထိုးပြီး အမေ လို့ချင် သွားတယ်၊ အဖေ့ဘဝမှာ ဂျာဂျေဟာ အရေးပါတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်လာတယ်။

အဖေ ပညာသင်နေတဲ့ စပယ်ဘန်ဒီက မိန်းကလေးတွေ ကျွန်မတို့ရွာက မိန်းကလေးတွေလို အိမ်တွင်းပုန်းတွေမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူတို့အားလုံး လွတ်လွတ်လပ်လပ်နေခွင့် ရှိကြတယ်။ လွတ်လပ်စွာ စုဝေးခွင့်ရှိတယ်။ အဲဒီလို စုဝေးဖို့ သတ်မှတ်ထားတဲ့နေရာ ရှိတယ်ဆိုတာ ကျွန်မတို့ တိုင်းပြည်မှာ အတော်ကိုရှားသည်။ ပြီးတော့ သူတို့ကို စောင်မ;ကြည့်ရှုမယ့် အင်္ဂလာခန်းလိုသူတွေရှိတယ်။

အင်္ဂလာခန်းက သူကိုယ်တိုင် တက္ကသိုလ်မရောက်ဖူးပေမယ့် အဖေ့ကို ကျောင်းစရိတ် ထုတ်ချေးတယ်လေ။ အင်္ဂလာဟာ အမေ့လိုပဲ ကျောင်းစာဖြစ်ဖြစ်မြောက်မြောက် မတတ်ပေမယ့် အသိဉာဏ်မြင့်တယ်။ စာနာတတ်တယ်။ အင်္ဂလာခန်းနဲ့ နူဆာပါချာတို့ နှစ်ယောက်က "ကူညီစောင်မခြင်းသည် တူညီသောတုံ့ပြန်မှုကိုရသည်"လို့ ယုံကြည်သူများဖြစ်ကြောင်း မကြာခဏပြောပြတတ်ပါတယ်။

ပါကစ္စတန်သမိုင်းရဲ့ အရေးအကြီးဆုံး အချိန်အခါမှာကျွန်မအဖေ ကောလိပ်ကို ရောက်ပါတယ်။ အဲဒီနှစ်က တောင်တန်းတွေပေါ် အဖေ လမ်းလျှောက်နေချိန်မှာ အာဏာရှင် ဗိုလ်ချုပ်ကြီး ဇီယာဟာ ထူးဆန်းစွာ လေယာဉ်ပျက်ကျပြီး သေဆုံးသွားခဲ့ပါတယ်။ သရက်သီးခြင်းထဲမှာ ထည့်ပေးလိုက်တဲ့ ဗုံးပေါက်ကွဲတာလို့ လူတော်တော်များများက ယုံကြည်နေကြပါတယ်။

အဖေ ကောလိပ်ရောက်တဲ့ ပထမနှစ်ဝက်မှာ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတယ်။ အဖေ ငယ်ငယ်တုန်းက သွင်ပျက်ခံရတဲ့ ဝန်ကြီးချုပ်ရဲ့သမီး ဘေနာဇီယာဘူတို အနိုင်ရခဲ့ပါတယ်။ ဘေနာဇီယာဟာ ကျွန်မတို့နိုင်ငံရဲ့ ပထမဆုံး အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်ပါ။ အစ္စလာမ်ကမ္ဘာမှာလည်း ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်ပါ။ သမိုင်းတစ်ခေတ် သစ်ခဲ့ပြီဆိုပြီး အားလုံးမျှော်လင့်ချက်ကြီးစွာနဲ့ ပျော်နေကြပါတယ်။

ဗိုလ်ချုပ်ကြီးဇီယာ လက်ထက်က ဖျက်ပစ်ခဲ့တဲ့ ကျောင်းသားသမဂ္ဂတွေ ပြန်အသက်ဝင်လာပြီး အရှိန်အဟုန်နဲ့ လှုပ်ရှားနေပါပြီ။ အဖေဟာ ကျောင်းသားနိုင်ငံရေးသမား ချက်ချင်းဖြစ်သွားတော့တာပါပဲ။ စကားပြောကောင်းတဲ့ ကျောင်းသားခေါင်းဆောင် စည်းရုံးရေးကောင်းတဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ အဖေဟာ ပက်ရှ်ထန်ကျောင်းသားသမဂ္ဂရဲ့ အထွေထွေအတွင်းရေးမှူး ဖြစ်လာပါတယ်။ ကျောင်းသားဥက္ကဋ္ဌက အဖေနဲ့ အပြန်အလှန် လေးစားမှုရှိတဲ့ ကျောင်းသားပါ။ နောက်တော့ မိတ်ဆွေဖြစ်သွားကြပါတယ်။ သူက အဖေ့ကို ပြောပါတယ်။

"သူငယ်ချင်း… မင်းသာ ခန်းတစ်ယောက်ဖြစ်ရင် PSF ရဲ့ ဥက္ကဋ္ဌဖြစ်မှာ သေချာတယ်၊ ပြီးတော့ နိုင်ငံရေးသမားတစ်ယောက်ဖြစ်မှာ သေချာတယ်"

ဟု ပြောဆို မှတ်ချက်ပေးပါတယ်။ အဖေတို့ခေတ်မှာ အငြင်းရဆုံးက "Thesatanic Verses"ဆိုတဲ့ ဝတ္ထုတစ်အုပ်ပါ။ ဆယ်လမန်ရုပ်ရှ်ဒီရဲ့ ဝတ္ထုပါ။ ဓာတ်လမ်းထဲမှာ တမန်တော်ရဲ့ ဘဝကို ဘုံဘေမြို့မှာ စထားပြီး ဟာသလုပ်ထားတယ်။ ဘာသာရေးကို ပုတ်ခတ်စော်ကားတာဆိုပြီး မွတ်စလင်တွေ ဒေါသအမျက်ထွက်ကြတယ်။ ရယ်စရာကောင်းတာက စာအုပ်ထွက်တာ ဘယ်သူမှ မသိကြဘူး။

www.burmeseclassic.com



ပါကစ္စတန်ကို တစ်အုပ်မှ ရောက်မလာဘူး။ အူရဒူဘာသာသုတင်းစာတွေမှာ ဆောင်းပါးတွေ ပလူပျံနေတာပဲ ရှိတယ်။ တမန်တော်ကို လှောင်ရမလားဆိုပြီး ကျီးအာသလို ဝိုင်းအာကြတာလေ။ မွတ်စလင်တိုင်း ဒီတိုက်ပွဲမှာ ပါဝင်ရမယ်တဲ့၊ ဆန္ဒပြကန့်ကွက်ပွဲတွေ ပါကစ္စတန် တစ်နိုင်ငံလုံးမှာ လုပ်ကြတယ်။ စာရေးဆရာ ရုပ်ရှ်ဒီရော၊ ထုတ်ဝေသူပါ အင်္ဂလိပ်လူမျိုးတွေပါ။

ရဲက သေနတ်ပစ်ပြီး လူစုခွဲရတယ်။ ဆန္ဒပြသူလေးယောက် သေတယ်။ ဒီကိစ္စက ဒီမှာတင် ရပ်မသွားဘူး။ နောက်နှစ်ရက်ကြာတော့ အီရန်ဘာသာရေးခေါင်းဆောင် အယ်ာတိုလာခိုမေနီက ရုပ်ရှ်ဒီကို သေဒဏ်ပေးရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ ကျောင်းသားတွေနဲ့ ပြည့်ကျပ်နေတဲ့ အခန်းတစ်ခန်းထဲမှာ အဖေဟာ လုပ်ဖော်ကိုင်ဖက် ကျောင်းသားတွေနဲ့ အပြင်းအထန် ဆွေးနွေးနေကြတယ်။

ကျောင်းသား တော်တော်များများက ဒီစာအုပ်ကို မီးရှို့ပစ်ရမယ်၊ ပိတ်ပစ်ရမယ်၊ စာရေးဆရာကို ခိုမေနီ ပြောတဲ့အတိုင်း သတ်ပစ်ရမယ်လို့ အော်နေကြတယ်။ အဖေက ဒီစာအုပ်ဟာ အစ္စလာမ်ဘာသာကို ထိခိုက်စေတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အဖေက လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်ကို ယုံကြည်တဲ့သူလေ။ ဒီတော့ အဖေက သူ့အယူအဆကို တင်ပြတယ်။

"ပထမဆုံး ငါတို့ ဒီစာအုပ်ကို ဖတ်ရမယ်၊ ပြီးတော့ စာအုပ်တစ်အုပ်ရေးပြီး ပြန်တိုက်ရမယ်၊ အစ္စလာမ်ဘာသာဟာ စာအုပ်ကလေးတစ်အုပ်ရဲ့ အတိုက်အခိုက်ကို မခံနိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် အားနည်းတဲ့ ဘာသာလား၊ ငါယုံကြည်တဲ့ အနှစ်သာမ် ဒီလိုဘာသာရေးမျိုး မဟုတ်ဘူး"

အဖေ့အသံဟာ မိုးချုန်းသံလို ဟိန်းထွက်သွားတယ်၊ အဲဒီ အတွက် အဘိုးဟာ အဖေ့ကို ဂုဏ်ယူမဆုံး ဖြစ်နေတယ်။

o

www.burmeseclassic.com

www.burmeseclassic.com



(၅)

## မာလာလာပညာရေးအကယ်ဒမီ

အဖေဟာ ဂျိုဟန်နက်စ်ဘတ္တသိုလ်မှ ဘွဲ့ရပြီး မကြာခင်မှာ နာမည်ကျော် ပုဂ္ဂလိကပိုင် ကောလိပ်တစ်ခုမှာ အင်္ဂလိပ်စာပြ ဆရာအဖြစ် ဝင်လုပ်တယ်။ လစာက မဖြစ်စလောက်ပါ။ ရူပီငွေ ၁၆၀၀ တဲ့ (ဆယ့်ကိုးဒေါ်လာ)ပေါ့။ အိမ်ကို ပြန်မပို့နိုင်တဲ့အတွက် အဘိုးက ဆူတယ်။ အဖေ့မှာက ချစ်သူကို လက်ထပ်ယူဖို့ ပိုက်ဆံတောင် မစုနိုင်ဘူး။ ဘယ်လိုပင်ဖြစ်ဖြစ် အဖေ့မှာ ရည်မှန်း ချက်တွေရှိတယ်။

အဲဒါကြောင့် အဖေဟာ ကောလိပ်ကျောင်းက ထွက်ခဲ့ တယ်။ ဒါပေမဲ့ နိုင်ငံရေးက ဆက်လုပ်နေပါတယ်။ ကိုယ်ပိုင် ကျောင်းထောင်ဖို့ အဖေ အမြဲစိတ်ကူးနေတယ်။

အဲဒီလိုနဲ့ ဆွက်ဒေသ အလွတ်ပညာသင်ကျောင်းများ အစည်းအရုံးကို အဖေ ဝင်လိုက်တယ်။ အဲဒီတုန်းက အဲ့ငယ် ကလေးပါ။ အသင်းဝင် ၁၅ ယောက်ပဲ ရှိတယ်။ ... သလိုပဲ အဖေက ဒုဥက္ကဋ္ဌ ဖြစ်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တခြားကျောင်းအုပ်တွေက ထုံးစံအတိုင်း ဖြစ်နေတော့ ပညာရေးဌာနကို လာဘ်ထိုးကြတာပေါ့။ အဖေက မပေးဘူး။ အားလုံးညီရင် ဒီအစဉ်အလာကို တော်လှန်လို့ ရတယ်ဆိုပြီး စည်းရုံးတယ်။

"စာသင်ကျောင်းဖွင့်ကာ ဝိသမလောဘအလုပ်မှ မဟုတ်တာ၊ ရာဇဝတ်မှုကျူးလွန်တာမှ မဟုတ်တာ၊ ဖာခန်းထောင်တာမှ မဟုတ်တာ၊ ကလေးတွေကို စာပေသင်ပေးတာပဲ၊ ဘာလို့ လာဘ်ထိုးရမှာလဲ၊ ပြီးတော့ အဲဒီအရာရှိတွေဟာ ခင်ဗျားတို့ ကျုပ်တို့ရဲ့ အထက်လူကြီးတွေ မဟုတ်ဘူး"

လုပ်ဖော်ကိုင်ဖက်တွေကို အဖေက သတိပေးတယ်၊ နောင်တော့ အဖေဟာ အဖွဲ့ရဲ့ဥက္ကဋ္ဌ ဖြစ်လာတယ်၊ အဖွဲ့ဝင် လေးရာ ရှိလာအောင် အဖေ စည်းရုံးနိုင်ခဲ့တယ်။ အဲဒီမှာ ကျောင်းအုပ်ဆရာကြီးတွေရဲ့အင်အား ပိုပြီးတောင့်တင်းလာတယ်။

တစ်နေ့ အဖေ မိန်းမယူဖို့ ပြန်လာတယ်။ ဒါပေမဲ့အပေါင်းအသင်းတွေကို တစ်ယောက်မှ ဖွင့်မပြောဘူး၊ ကျွန်မတို့ မိရိုးဖလာ အစဉ်အလာက မင်္ဂလာဆောင်ရင် ရက်ပေါင်းများစွာ ကျွေးမွေးဧည့်ခံရပါတယ်။ တစ်ရက်တည်းနဲ့ မပြီးပါဘူး၊ အမေက အဖေ့ကို ကြိုပြောထားတယ်၊ နောက်ဆုံးနေ့မှလာတဲ့၊ သူ မတတ်နိုင်ဘူးလေ။ အဲဒီနေ့မှာ ခိုရပ်ကျပ်နဲ့ ခြုံထည်ကို ခေါင်းပေါ်တင်ရတယ်၊ ပြီးတော့ သတို့သမီးနဲ့ သတို့သား မှန်ကြည့်ရတယ်။

စုံတွဲတော်တော်များများဟာ အဲဒီအခါကျမှ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖူးကြတာ။ အဲဒီအခါမှ ယောက်ျားလေးတစ်

www.burmeseclassic.com



ယောက်ကို ခေါ်လာပြီး သတို့သားနဲ့ သတို့သမီးရဲ့ ပေါင်ပေါ် မှာ ထိုင်ခိုင်းတယ်။ သားဆုပန်တဲ့ သဘောပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ မွေးတယ်။ ကလေးတွေ အများကြီး မွေးပေးဖူးတဲ့ အိမ်နီးနားချင်း အမျိုးသမီးကြီးတစ်ယောက်က အမေ့ကို မွေးပေး တာတဲ့။ ကျွန်မမွေးပြီဆိုတဲ့သတင်း ကြားတော့ အဖေ ကျောင်း ကနေ ပြန်ပြေးလာတယ်။ သားယောကျ်ားလေး မမွေးဘဲ သမီး မိန်းကလေးမွေးတဲ့အကြောင်း ပြောဖို့ အမေ ဝန်လေးနေတာပေါ့ ဒါပေမဲ့ အဖေက ကျွန်မမျက်လုံးတွေကိုကြည့်ပြီး ဝမ်းသာသွား သတဲ့။

ဟစ်ဒယာတူလာကလည်း...

မာလာလာဟာ ကံကောင်းတဲ့ မိန်းကလေး၊ သူမွေးလာ မှ ကျွန်တော်တို့ အဆင်ပြေလာတာ မဟုတ်ဘူး။ ၁၉၉၇–ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့ဟာ ပါကစ္စတန်ရဲ့ နှစ် ၅၀ မြောက် လွတ်လပ်ရေးနေ့ပါ၊ တစ်နိုင်ငံလုံး ပျော်ပွဲရွှင်ပွဲ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနေကြချိန်ပေါ့။

အဖေဟာ တစ်ဖက်မှာ စာသင်ပြီး စာရင်းအင်းကိုလည်း သူကိုယ်တိုင် လုပ်ရတယ်။ ကျောင်းအုပ်တာဝန်လည်း လုပ်ရတယ် ကြမ်းတိုက်လည်းသူ၊ ဆေးသုတ်လည်းသူပါပဲ။ ကြမ်းတိုက်လည်း အဖေကိုယ်တိုင်၊ အိမ်သာခန်းတွေ သန့်ရှင်းရေးလည်း အဖေကိုယ် တိုင် လုပ်တယ်...

ဆရာတွေလခနဲ့ အိမ်လခပေးပြီးရင် ပိုက်ဆံသိပ်မကျန် တော့ပါဘူး၊ ကျွန်မတို့ လက်ဖက်ရည်ကို နို့ထည့် မသော

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ အဖေ့ကျောင်းဟာ အမြတ်မထွက်ပေမယ့် အရင်းကျေအမှတ်ကိုတော့ ရောက်လာပါတယ်။ အဖေ ဘာလုပ်တယ် ထင်ပါသလဲ၊ နောက်တစ်ကျောင်း ထပ်ထောင်ဖို့ ကြိုးစားပါတော့တယ်။ အဲဒီကျောင်းကို **"မာလာလာပညာရေးအကယ်ဒမီ"**လို့ အမည်ပေးမယ်တဲ့လေ။

အဲဒီ့အချိန်မှာ ဆရာတွေတင် မကဘူး၊ ဆရာမတွေပါ အငှားခန့်ထားပြီးပြီ။ ကျွန်မကို မစ္စအူလ်ဖတ် ဆိုတဲ့ ဆရာမက ချီပြီး သူ့ပေါင်ပေါ်မှာ တင်ထားတတ်တယ်။ ကျွန်မဟာ ဆရာမရဲ့ အချစ်တော်ကလေး ဖြစ်နေပြီး တစ်ခါတလေ ဆရာမက သူ့အိမ် ခေါ်သွားတတ်တယ်တဲ့။ ကျွန်မ သုံး,လေးနှစ်လောက်ရောက်တော့ အတန်းထဲလိုက်ပြီး ကလေးကြီးတွေနဲ့ အတူတူထိုင်သတဲ့။ သူတို့ သင်နေတာတွေကို မျက်လုံးအပြူးသားနဲ့ ကြည့်ပြီး နားထောင်နေတတ်တယ်။ တစ်ခါတလေ ဆရာ၊ ဆရာမတွေပြောတဲ့ လေသံကို အတုခိုးပြီး စာသင်သေးတယ်တဲ့။ တကယ်တော့ ကျွန်မဟာ ကျောင်းမှာ ကြီးပြင်းလာတယ်လို့ ပြောရမှာပါ။

၂၀၀၂-ခုနှစ် စက်တင်ဘာလထဲမှာ ကျွန်မတို့ဆီ ဟာစ်ဒယာတူလာ ရောက်နေတုန်းမှာ လူတွေစုပြုံရောက်လာကြပါတယ်။ ရောမပြသနာကြီးတစ်ခု ဖြစ်နေပြီဆိုတဲ့ လူတွေများသထက်များလာပါတယ်။ သူတို့ပြောနေတဲ့ အကြောင်းအရာက နယူးယောက်က ရောမအဆောက်အအုံကြီး တစ်ခုကို လေယာဉ်ပျံနှစ်စင်းနဲ့ ဝင်တိုက်ဖျက်ဆီးလိုက်တဲ့ သတင်းပါ။ အဲဒီတုန်းက ကျွန်မ လေးနှစ်သမီးပဲ ရှိပါသေးတယ်။ သိပ်နားမလည်သေးဘူး။ လူကြီးတွေတောင် သိပ်နားလည်ဖို့ခက်တဲ့ ကိစ္စပါ။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ဆွက်ဒေသမှာ အကြီးဆုံး အဆောက်အအုံဆိုလို့ ဆေးရုံနဲ့ ဟိုတယ် တစ်ခုပဲ ရှိပါတယ်။ အမြင့်ဆုံး နှစ်ထပ် သုံးထပ်ပါ။ သူတို့ပြော နေကြတဲ့ အဖြစ်အပျက်ဟာ ကျွန်မတို့နဲ့ သိပ်ဝေးပါတယ်။

နယူးယောက် ဘယ်မှာရှိမှန်း၊ အမေရိကန် ဘယ်နားနေ မှန်း ကျွန်မ မသိပါဘူး။ ကျွန်မတို့ ကျောင်းဟာ ကျွန်မတို့ကမ္ဘာ ပါ။ ကျွန်မရဲ့ကမ္ဘာဟာ ဒီကျောင်းပါပဲ။ အဲဒီ ၉/၁၁ အဖြစ်အပျက် ကြောင့် ကျွန်မတို့ကမ္ဘာကို အပြောင်းအလဲ ဖြစ်လာလိမ့်မယ်။ ကျွန်မတို့ရဲ့ တောင်ကြားဒေသအထိ ဂယက်ရိုက်လာလိမ့်မယ်လို့ လုံးဝမထင်ခဲ့တာ အမှန်ပါ။

○

www.burmeseclassic.com

www.burmeseclassic.com



(၉)

## ငှက်ကလေးလို လွတ်လပ်တယ်

ကျွန်မတို့ ရိုးရာဓလေ့အရ ကလေးမွေးပြီး ခုနစ်ရက်ပြည့်တဲ့နေ့မှာ **နိုမာ(ခုနှစ်လို့ အဓိပ္ပာယ်ရပါတယ်)** လို့ခေါ်တဲ့ မီးထွက်ပွဲ လုပ်ရပါတယ်။ မိသားစုရဲ့ မိတ်ဆွေတွေ၊ အိမ်နီးနားချင်းတွေ ကိုဖိတ်ပြီး အကျွေးအမွေးနဲ့ ဧည့်ခံပါတယ်။ ကလေးအတွက် ဆုတောင်းမင်္ဂလာပွဲပေါ့။ ကျွန်မ မွေးတုန်းက အဖေနဲ့အမေ ဒီလိုပွဲမျိုး မလုပ်နိုင်ခဲ့ပါဘူး။ ထမင်းကို ဆိတ်သားဟင်းနဲ့ကျွေးဖို့ သူတို့မတတ်နိုင်ပါဘူး။ အဘိုးကလည်း ဘာမှအကူအညီ မပေးဘူး။ ကျွန်မက ယောက်ျားလေး မဟုတ်လို့လေ။

ကျွန်မ မောင်လေးတွေ မွေးတော့ အဘိုးက မီးထွက်ပွဲလုပ်ဖို့ ငွေထုတ်ပေးတယ်။ အဖေက လုံးဝလက်မခံဘဲ ပယ်ချလိုက်တယ်။ ကျွန်မအလှည့်တုန်းက လှုမ်ပေးလို့တဲ့လေ။ ကျွန်မမှာ ဘာဘ(အဘိုး) တစ်ယောက်ပဲ ရှိပါတော့တယ်။ အမေ့အဖေဟာ ကျွန်မကို မမွေးခင် ဆုံးတာ၊ အဖေနဲ့ အမေက ပြောတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ အဘိုးနှစ်ယောက်စလုံးနဲ့ တူတယ်တဲ့။ အမေ့ဘက်က အဘိုးဟာ ဟာသဉာဏ်ရွှင်ပြီး အဖေ့ဘက်က အဘိုးဟာ စကားပြောကောင်းတယ်တဲ့။

ဘဘဟာ ခေါင်းတွေဖြူဖွေးနေပြီ။ အင်မတန် နူးညံ့ပါတယ်။ ကျွန်မ အဲဒီကို အမြဲသွားလည်တတ်ပါတယ်။ ကျွန်မလာရင် သီချင်းဆိုပြီး ကြိုတတ်ပါတယ်။ ကျွန်မနာမည်နဲ့ပတ်သက်တဲ့ လွမ်းမောဖွယ်ရာတွေကို ဖွဲ့နွဲ့ပြီး သီချင်းစပ်ထားပါတယ်။ ဘဘက ကျွန်မနာမည်ကို ပျော်စရာဖြစ်အောင် စပ်ဆိုပါတယ်။

"မေဝန်ရဲ့ မာလာလာလေးရယ်
ကမ္ဘာပေါ်မှာ အပျော်ဆုံးပါကွယ်"

"အစ်"ပွဲတော်ရက်တွေမှာ ကျွန်မတို့ရွာကို အမြဲပြန်ကြပါတယ်။ "အစ်"က တစ်နှစ်မှာ နှစ်ကြိမ်ကျပါတယ်။ အစ်ကြီးနဲ့ အစ်ကလေးပါ။

**အစ်ကလေးက ရာမာဒန်ဥပုသ်လကုန်မှာ အဆုံးသတ်ပါတယ်။ အစ်ကြီးက တမန်တော် အေဘရာဟင်က သူ့သားအစ္စမေကို ဘုရားသခင်ထံ လှူဒါန်းဖို့အဆင့်ဖြစ်တဲ့ အထိမ်းအမှတ်ပွဲပါ။ အစ်ပွဲကို ဘာသာရေးခေါင်းဆောင်များက လ,အထွက်ကို စောင့်ကြည့်ပြီး ရက်သတ်မှတ်ပေးပါတယ်။ ရေဒီယိုက ပွဲတော်ရက် ကြေညာပါတယ်။**

အဲဒီလိုကြေညာရင် ကျွန်မတို့ ခရီးထွက်ကြမြဲပါ။ ... စရာကောင်းပါတယ်။ အဲဒါက တခြားမဟုတ်ဘူး၊ အဖိုးအဘွား ... ထိုင်ရာရွာကို ပြန်ရတာဖြစ်ပါတယ်။ ဒါဟာ ... တစ်ခုလို ...

www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်။ ရွာကို မပြန်ဘဲနေတယ်လို့ ဘယ်လိုပင်ပြောပြော အစ်နေ့ရောက်ထိုင်း ပြန်ကြတယ်။ ဆွေမျိုးတွေနဲ့ တွေ့ဆုံကြတယ်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုတက်ကြပါတယ်။

ကျွန်မက အခြားသူတွေနဲ့ မတူဘူး။ တစ်နည်းအားဖြင့် အမျိုးသမီးတွေနဲ့ မတူတာ ဖြစ်တယ်။ ရွာထဲက အမျိုးသမီးတွေဟာ အိမ်ထဲမှာနေရင်တောင် ကန့်လန့်ကာထားတဲ့ အခန်းမှာပဲ နေရပါတယ်။ အပြင်ထွက်ရင် ခေါင်းမြီးခြုံ ထွက်ရတယ်။ လမ်းမှာ အမျိုးအရင်းအခြာ မဟုတ်ရင် ဘယ်ယောကျ်ားနဲ့မှ စကားမပြောရဘူး။ အပျိုပေါက်ကလေး ဖြစ်လာတော့ ခေတ်ဆန်ဆန် အဝတ်တွေ ကျွန်မ ရွေးဝတ်တယ်။ ဘယ်တော့မှ ခေါင်းမြီးမခြုံဘူး။ အမျိုးထဲက ယောကျ်ားသားတွေ ဒေါပွကြတယ်။

ကျွန်မ ခေါင်းမြီးမခြုံတဲ့ကိစ္စ အဖေ့ကို မေးတယ်၊ မာလာလာ ဘာဖြစ်လို့ ခေါင်းမြီးမခြုံတာလဲပေါ့။

"သူက ငါ့သမီးကွ။ မင်းတို့သမီးတွေအတွက်ပဲ မင်းတို့ပူကြ"

အဖေက ပိတ်ပြောလိုက်ပါတယ်။ ဒီတော့ ကျွန်မတို့အကြောင်း လူတွေ အတင်းတုတ်ကြတယ်လေ။ ကျွန်မတို့မိသားစုဟာ ပက်ရှ်ထန် မပီသဘူး။ အမျိုးမစောင့်ဘူး။ ဘာညာ ဘာညာပေါ့။ ကျွန်မဟာ ပက်ရှ်ထန်လူမျိုး ဖြစ်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရဲ့ လူနေမှုစနစ်ကို တစ်ခါတလေ ပြန်ကြည့်မိတယ်။ အထူးသဖြင့် အမျိုးသမီးရေးရာကိစ္စတွေပေါ့။

မိန်းကလေးတွေကို နှိပ်စက်ကလူပြုတဲ့ အဖြစ်အပျက်တွေပေါ့။ ကျွန်မတို့အိမ်မှာ အလုပ်လုပ်တဲ့ ရှာဟီဒါဆိုတဲ့ ကလေး

www.burmeseclassic.com

www.burmeseclassic.com



ထိန်းအမျိုးသမီးတစ်ယောက် ရှိတယ်။ သူ့ဘဝအကြောင်း ကျွန်မကို ပြန်ပြောပြပါတယ်။ သူ ဆယ်နှစ်သမီးအရွယ်မှာ သူ့အဖေက သူ့ကို အဘိုးကြီးတစ်ယောက်ဆီမှာ ရောင်းစားလိုက်သတဲ့။ အဘိုးကြီးက မိန်းမရှိပြီးသား၊ ငယ်ငယ်လေးတစ်ယောက် ထပ်လိုချင်လို့တဲ့လေ။

ကျွန်မတို့မှာ ဓလေ့တစ်ခု ရှိပါတယ်။ မိန်းကလေးတစ်ယောက်ကို အခြားလူမျိုးတစ်ယောက်ဆီ ဆက်သရသတဲ့ဓလေ့လေ။ ကြွေးမြီမဆပ်နိုင်ရင် မိန်းကလေးကို ထိုးဆပ်ရတဲ့ အစဉ်အလာလည်း ရှိသေးတယ်။ အစိုးရက တရားဝင် ပိတ်ပင်ထားပေမယ့် အဲဒီအစဉ်က တိမ်ကောမသွားသေးပါဘူး။

ကျွန်မတို့ရွာမှာ ဆိုရာပဟာ ဆိုတဲ့ မုဆိုးမတစ်ယောက် ရှိတယ်။ ဆိုရာပဟာကို သူတို့မိသားစုရဲ့ကြွေးရှင် မုဆိုးဖိုတစ်ယောက်က သိမ်းပိုက်လိုက်တယ်။ မုဆိုးဖိုကို မိန်းကလေးရဲ့အမျိုးတွေက သဘောမတူဘဲ လက်ထပ်ခွင့်မရှိပါ။ အဲဒီတော့ ဆိုရာပဟာရဲ့ ဆွေမျိုးတွေက မုဆိုးဖိုကို ခြိမ်းခြောက်တော့တာပေါ့။ အမှုကို ရပ်မိရပ်ဖတွေက အဆုံးအဖြတ် ပေးလိုက်တယ်။ မုဆိုးဖိုမှာ အပြစ်ရှိတယ်ဆိုပြီး သူ့ရဲ့ အချောဆုံးသမီးလေးကို ဆိုရာပဟာ အမျိုးထဲက ကလေကချေကောင်လေးတစ်ယောက်ကို လက်ထပ်စေသတဲ့။ မိန်းကလေးရဲ့ဘဝဟာ မဆီမဆိုင် ဖျက်ဆီးခံလိုက်ရတာပဲ။

ဒီလိုကိစ္စတွေကို အဖေ့ရှေ့မှာ ကျွန်မ ပြန်ပြောပါတယ်။ မခံနိုင်လွန်းလို့ပါ။ အဖေက ကျွန်မကို ပြန်ပြောပါတယ်။ အဘဖက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်တန်မှာ မိန်းမဖြစ်ရတာ မလွယ်ဘူးတဲ့။ အဲဒီလိုပဲ တာလီဘန်ခေါင်းဆောင်တစ်ယောက်က တိုင်းပြည်ကိုသိမ်းပြီး မိန်းကလေးကျောင်းမှန်သမျှ မီးရှို့ပစ်တယ်။

ယောက်ျားလေးတွေကို လက်ဆွဲမှန်အိပ်လောက်ရှည်တဲ့ မုတ်ဆိတ်တွေ မထားမနေရ ထားခိုင်းတယ်။ မိန်းမတွေကို ခေါင်းမြီးခြုံ ဂါဝန်ရှည်ကြီးတွေ ဝတ်ခိုင်းတယ်။ မျက်လုံးနှစ်လုံး နေရာမှာပဲ အပေါက်ရှိတယ်။ ပုတ်ဆိုရာသီဆို ပေါင်းအိုးထဲ ဝင်နေရသလိုပါပဲ။ ကျွန်မကတော့ တစ်သက်နဲ့တစ်ကိုယ် ဝတ်မှာမဟုတ်ဘူး။

အဖေက ဆက်ရှင်းပြတယ်။ သူတို့တက်လာစက မိန်းမတွေကို အသံထွက် မရယ်ရလို့တောင် ပိတ်ပင်သေးတယ်။ ပြီးတော့ အဖြူရောင်ဖိနပ် မစီးရဘူးတဲ့။ အဖြူရောင်ဆိုတာ ယောက်ျားတွေရဲ့အရောင်တဲ့လေ။ မိန်းကလေးတွေ လက်သည်းဆိုးရင် ဖမ်းပြီး ရိုက်နှက်သတဲ့။ ဒါတွေကို အဖေ့ဆီက ကြားရတဲ့အခါ ကျွန်မကြက်သီးမွေးညင်း ထမိပါတယ်။

"မာလာလာဟာ ငှက်ကလေးတစ်ကောင်လို လွတ်လပ်တယ်"လို့ ကျွန်မကိုယ်ကျွန်မလည်း အဲဒီအတိုင်း ယုံကြည်နေပါတယ်။ အာဖဂန်နစ္စတန်ရဲ့ မကြားဝံ့မနာသာ ဇာတ်လမ်းတွေဖတ်ရရင် ဆွက်ဒေသမှာ လူလာဖြစ်ရတဲ့အတွက် ကံကောင်းလေစွဆိုပြီး ကျွန်မ ဂုဏ်ယူမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ မိန်းကလေးတွေ ကျောင်းနေခွင့် ရှိတယ်။

ဒါပေမဲ့ တာလီဘန်တွေက ကျွန်မတို့ ပက်ရှ်ထန်တွေကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြတယ်။ ကျွန်မအတွက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ တောင်ကြားဒေသဟာ ပျော်စရာ အကောင်းဆုံးပါ။ အဖေက ကျွန်မကို အမြဲအားပေးတယ်။

"သမီး မာလာလာ... သမီးလုပ်ချင်တာတွေ ဆက်သာလုပ်၊ သမီးအိပ်မက်တွေကို အကောင်အထည် ပေါ်လာအောင် ဖော်။ အဖေ တစ်ယောက်လုံး ရှိတယ်"တဲ့။

O

www.burmeseclassic.com

www.burmeseclassic.com



(၇)

## ဒုတိယဆုကို ကျေနပ်တယ်

ကျွန်မ ခုနစ်နှစ်သမီးအရွယ်ရောက်တော့ အတန်းထဲမှာ နံပါတ်တစ်က မဆင်းရလောက်အောင်ပါပဲ။ စာမလိုက်နိုင်တဲ့ ကလေးတွေကိုတောင် ကျွန်မက စာကူကျက်ပေးနိုင်သေးတယ်။

"မာလာလာက သိပ်တော်တာပဲဟ"ယ်"လို့ အတန်းသား တွေ ပြောတတ်ကြပါတယ်။ စာတင်မကဘူး၊ ကျွန်မက ဘက်စုံ ရတယ်လေ။ ကြက်တောင်ရိုက်တယ်၊ ခရစ်ကက်ရိုက်တယ်၊ ပန်းချီ ဆွဲတယ်၊ ပြဇာတ်က,တယ်၊ သီချင်းတောင် ဆိုလိုက်သေးတယ်။ ကျွန်မအသံကတော့ သိပ်မကောင်းဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အခု လိုတော်တာ အဖေ အမေတို့ရဲ့ ထောက်ခံအားပေးမှုပါပဲ။ အဖေ က သူ့ရုံးခန်းနံရံမှာ လင်ကွန်းရဲ့ စာတစ်စောင်ကို ဘာသာပြန် ပြီး မှန်ပေါင်သွင်းချိတ်ထားတယ်။ သူ့သားရဲ့ဆရာဆီကို သမ္မတ ကြီးရေးတဲ့စာပါ။ သိပ်ကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာခင်ဗျာ... ဖြစ်နိုင်ရင် သူ့ကို စာအုပ်တွေရဲ့ အံ့ဖွယ်ရာ အဖြာဖြာကို သင်ပေးပါ။ ပြီးတော့ ကောင်းကင်ပေါ်က ငှက်တွေ၊ နေရောင်ခြည်နဲ့ တောင်တန်းစိမ်းတွေပေါ်က ပန်းပွင့်တွေပေါ့။ သူတို့ရဲ့ တွေးလို့ မဆုံးအောင် လျှို့ဝှက်ဆန်းကြယ်ပုံတွေကို စဉ်းစားဆင်ခြင်ဖို့လည်း အချိန်ပေးပေးပါ။ နောက်ပြီး လိမ်လည်လှည့်ဖြားခြင်းထက် ကျဆုံးခြင်းက ပိုပြီးဂုဏ်သိက္ခာရှိကြောင်းလည်း သင်ပေးပါ ဆရာခင်ဗျာ"

ကျွန်မ ထင်ပါတယ်။ လူတိုင်းဟာ သူ့ဘဝမှာ အနည်းဆုံး တစ်ခါတော့ မှားတတ်ကြမှာပါတဲ့။ အရေးကြီးတာက အဲဒီအမှားကနေပြီး သင်ခန်းစာ ယူတတ်ဖို့ပါပဲ။ ဒါကြောင့် ကျွန်မတို့မှာ အရိုးစွဲနေတဲ့ မိရိုးဖလား အယူသီးမှုကို ကျွန်မ လက်မခံနိုင်တာပါ။ "ကိုယ့်အပေါ် ထိခိုက်အောင် လုပ်တဲ့သူကို လက်စားချေရမယ်တဲ့"။ ဒါဆို ဒီရန်ကြွင်းရန်စက ဘယ်အခါမှ အဆုံးသတ်မှာတဲ့လဲ။

တချို့က ပြောသေးတယ်၊ ပက်ရှ်ထန်က ကျောက်ခဲဟာ ရေထဲမှာ ဘယ်လောက်ကြာကြာ သံကြေးမတက်ဘူးတဲ့၊ ဘယ်တော့မှ မမေ့ဘူး၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတဲ့ သဘောပါ၊ ဒါကြောင့် ကျွန်မတို့ လူမျိုးတွေ "မာနာနာ" (ကျေးဇူးတင်ပါတယ်)ဆိုတဲ့ စကားကို ပြောခဲ့တယ်။ ပက်ရှ်ထန်တိုင်း ယုံကြည်ထားတာ တစ်ခုရှိတယ်။ ကျေးဇူးတရားကို သူတို့မမေ့ဘူး၊ ကျေးဇူးပြန်ဆပ်မယ်။ တူညီတဲ့ တုံ့ပြန်မှုကိုမေးမယ်။ ရန်သူကို လက်စား

www.burmeseclassic.com

www.burmeseclassic.com



ချေသလို ကျေးဇူးရှိသူကိုလည်း ကျေးဇူးနဲ့တုံ့ပြန်မယ်၊ ပီယဝါစာ မလိုဘူးဆိုတဲ့ သဘောပေါ့။

လူတစ်ယောက်ဟာ သူ့ညီ အသတ်ခံရတာနဲ့ သတ်တဲ့သူရဲ့ညီကို ပြန်သတ်ရမယ်ဆိုတာ ကျွန်မတော့ လုံးဝလက်မခံဘူး ပြန်သတ်မယ့်အစား အဲဒီလိုမလုပ်သင့်တဲ့အကြောင်း တစ်ဖက်ကို သဘောပေါက်အောင် ပညာပေးရမယ်။

ခန်းအဗ္ဗူဒုခန်းဆိုတဲ့ ပုဂ္ဂိုလ်ကို ကျွန်မ သိပ်သဘောကျတယ်။ သူက ကျွန်မတို့ ယဉ်ကျေးမှုထဲကို အကြမ်းမဖက်ရေး၊ အဟိံသဒဿနကို စတင်ပြီး မျိုးစေ့ချပေးတဲ့ ပုဂ္ဂိုလ်ပါ။ သူ့ကို ဂန္ဒီကလေးလို့တောင် ဂုဏ်ပြုခေါ်ဝေါ်ကြတဲ့ လူတွေရှိပါတယ်။

ကျွန်မတို့တိုင်းပြည်မှာ နိုင်ငံရေးသမား တော်တော်များများဟာ ခိုးဖို့ကလွဲပြီး ဘာမှမစဉ်းစားတော့ဘူး။ လောဘမတက်နိုင်ကြဘူးလေ။

ကျွန်မတို့တစ်တွေ ငတ်ပြတ်နေချိန်မှာ သူတို့က ရလေလိုလေ အိုတာဠွေတွေ ဖြစ်ကုန်ပြီ။ အစိုးရဘာက်က ငွေတွေချေးတယ်၊ ပြန်မဆပ်ကြဘူး။ ကိုကျိုတက် ချမ်းသာကုန်ကြတယ်။ ဒါပေမဲ့ အခွန်ကိုတော့ မပေးဘူး၊ ကုမ္ပဏီကြီးတွေကို ကန်ထရိုက်တွေရအောင် လုပ်ပေးတယ်၊ အဲဒီအတွက် နင့်နေအောင် ရကြသေးတယ်။ သူတို့တစ်တွေဟာ အဲဒီလိုနည်းမျိုးစုံနဲ့ ချမ်းသာလာကြပြီး လန်ဒန်မှာတောင် ကွန်ဒိုတွေ အဆင့်မြင့်တိုက်ခန်းတွေ ဝယ်ထားကြသေးတယ်။

ကျွန်မဖြင့် စဉ်းစားလို့ မရဘူး၊ တိုင်းပြည်က မီးပျက်၊ ရေပျက်နဲ့ ပြည်သူတွေ အမှောင်ထဲမှာ ထိုင်နေရချိန်မှာ သူတို့မို့

www.burmeseclassic.com

www.burmeseclassic.com



အရှက်မရှိ ဇိမ်ခံနေနိုင်ကြတယ်နော်၊ ကလေးအတော်များများ ကျောင်းမတက်နိုင်ကြဘူး။ မိဘတွေက သူတို့ကို အလုပ်လုပ်ခိုင်း ကြရတယ်။

အဖေက ပြောဖူးတယ်။

"နိုင်ငံရေးသမား ခြကောင်တွေကြောင့် ပါကစ္စတန်နိုင်ငံ ကျိန်စာသင်နေတာ"တဲ့။

ကျွန်မဟာ ဒီမိုကရေစီခေတ်လို့ ပြောရမယ့် အချိန်မှာ လူ့ပြည်ကို ရောက်လာတာပါ။ ဘနာဇီယာဘူတိုနဲ့ နဝပ်(စ်)ရှရစ် တို့ တစ်လှည့်စီ အာဏာယူထားတဲ့ အချိန်ပေါ့။

သူတို့နှစ်ယောက်စလုံး လွှတ်တော်သက်တမ်းပြည့်အောင် ကုလားထိုင် မမြဲကြပါဘူး။ သူတို့ အစိုးရအဖွဲ့ နှစ်ဖွဲ့ဟာ သူ လာဘ်စားတယ် ငါလာဘ်စားတယ်နဲ့ တစ်ယောက်နဲ့တစ်ယောက် လက်ညှိုးတိုး စွပ်စွဲနေရတာနဲ့ အချိန်ကုန်သွားကြတာပါ။

အဖေပြောတဲ့အတိုင်း ပြောရရင် "ဘာမှ မထူးဆန်းဘူး ကွာ"။ တကယ်လည်း မှန်နေသည်။ ဗိုလ်ချုပ်ကြီးတွေက အာဏာ ကို လုယူသိမ်းပိုက်လိုက်ပြီးနောက် နိုင်ငံကို ပြုပြင်ပြောင်းလဲမည် ဟု ပြောပါတယ်။ အပြောသာရှိတယ်၊ မပြောင်းလဲပါဘူး။ ကျွန်မ မှာ သူငယ်ချင်းကောင်း သုံးယောက်ရှိပါတယ်။ အိမ်နီးချင်း **ဆာ ဖာနာ**ရယ်၊ ဟိုဘက်ရွာက **ဆမ်ဘူ**ရယ်၊ ပြီးတော့... ကျောင်းက **မိုနီဘာ**ရယ် ပါ။ မိုနီဘာနဲ့ မူလတန်းကတည်းက အိမ်နီးနာချင်း မို့ သူ့ကို ကျွန်မတို့ကျောင်းမှာ လာနေဖို့ ကျွန်မ ခေါ်ခဲ့တာ လေ။ မိုနီဘာဟာ သိပ်ဉာဏ်ထက်တဲ့ ကောင်မလေးပါ။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မကြာခဏ ရန်ဖြစ်တာတော့ ရှိတာပေါ့။ အထူးသဖြင့် လေ့လာရေးခရီးထွက်တဲ့ အခါတွေမှာပါ။

ကျွန်မဟာ သူများတွေကို ကူညီတတ်တယ်။ အဲဒီအတွက် အိမ်ကလူကြီးတွေ မငြိုငြင်အောင်လည်း သတိထားရတယ်။ တစ်နေ့မှာ အိမ်နီးနားချင်း တစ်ယောက်က ကျွန်မကို ဈေးထဲမှာ ပြောင်းဖူးဝယ်ခိုင်းတယ်။ အသွားမှာ ကျွန်မကို ကောင်လေးတစ်ယောက်က စက်ဘီးနဲ့ ဝင်တိုက်ပါလေရော။ ကျွန်မရဲ့ဘယ်ဘက်လက်ဟာ မျက်ရည်ထွက်တဲ့အထိ နာသွားတယ်။ ဒါပေမဲ့ ကျွန်မ အံကြိတ်ပြီး ဈေးကိုအရောက်သွားတယ်။ ပြောင်းဖူးကို ဝယ်ဖြစ်အောင် ဝယ်တယ်၊ အိမ်ပြန်ရောက်မှ ငိုချလိုက်တယ်။

သိပ်မကြာခင်မှာ အဖေ ဂုဏ်ယူလောက်တဲ့ သမီးဖြစ်ဖို့ ကျွန်မအတွက် အခွင့်အလမ်း ပွင့်လာပါတယ်။ အဲဒါကတော့ ကျောင်းမှာ စကားပြောပြိုင်ပွဲ ကျင်းပမယ့် သတင်းထွက်လာပါတယ်။

ကျွန်မနဲ့ မိုနီဘာ ဝင်ပြိုင်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဘိုး ဖြစ်စေချင်တဲ့ဆန္ဒကို အဖေက အောင်မြင်အောင် လုပ်ပြခဲ့တုန်းက အဘိုး မျက်လုံးပြူးသွားတဲ့ ဇာတ်လမ်းကို ကျွန်မ ပြန်သတိရလိုက်တယ်။

ပြောရမယ့်ခေါင်းစဉ်ကို မဲနှိုက်တော့ ကျွန်မ ပြောရမှာက "ငြိမ်းချမ်းရေးဖြင့်မတော်ခြင်းသည် အကောင်းဆုံးနိတိ" တဲ့။ အံ့သြမဆုံး ဖြစ်ရသလို ပျော်လည်း ပျော်သွားသည်။ စကားပြောပြိုင်ပွဲကို အဘိုးလည်း လာကြည့်တယ်။ ကျွန်မကို ဆုရစေချင်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဆုကြေညာချိန်မှာ မိုနီဘာက ပထမ။ ကျွန်မက ဒုတိယပါ။ ကျွန်မ ကျေနပ်ပါတယ်။ သူ့သားရဲ့ဆရာဆီရေးတဲ့ စာထဲမှာ လင်ကွန်းက မှာတယ်လေ၊ သိက္ခာရှိရှိ ရှုံတတ်အောင် သူ့ကိုသင်ပေးပါတဲ့။

အတန်းထဲမှာ အမြဲလိုလို ကျွန်မ ပထမရပါတယ်။ သုံးလေးခါရပြီးသော်လည်း နောက်တစ်ခါ ထပ်ရဖို့ မကြိုးစားဘဲ မရဘူးဆိုတာ ကျွန်မ သဘောပေါက်လာပါတယ်။

နောက်တစ်ခု ကျွန်မ နားလည်လာတာ ရှိသေးတယ်။ ကိုယ့်ခံစားချက်အတိုင်း ရေးဖို့ ပြောဖို့ပါပဲ။ နောက်ပိုင်းမှာ ပြောစရာတွေကို ကိုယ့်ဘာသာပဲ ရေးတော့တယ်။ စာရွက်ကို ကြည့်မပြောတော့ဘူး။ ရင်ထဲကလာတဲ့ ကိုယ်ပိုင်စကားလုံးတွေနဲ့ပဲ ပြောတော့တယ်လေ။

၀

www.burmeseclassic.com

www.burmeseclassic.com



(၈)

## အမှိုက်ပုံပေါ်မှ ကလေးများ

အဖေရဲ့ နှုတ်ရှဲလ်ကျောင်း နာမည်ရလာပြီး ကျောင်းသားများလာတော့ ကျွန်မတို့ အိမ်တစ်ခါ ပြောင်းကြရပြန်ပါတယ်။ နောက်ဆုံးမှာ တီဗီတစ်လုံး ဝယ်နိုင်ခဲ့ပါတယ်။ ကျွန်မအကြိုက်ဆုံး အစီအစဉ်က ရှာကာလာကာတွန်းပါ။ အိန္ဒိယကလေးဇာတ်လမ်းတွဲပါ။ ဆန်ဂျူး ဆိုတဲ့ ကောင်လေးတစ်ယောက်အကြောင်းလေ။ သူ့မှာ ပဥ္စလက်ခဲတံတစ်ချောင်း ရှိတယ်။ သူဆွဲသမျှပုံတွေဟာ တကယ်ဖြစ်လာတယ်။ အသီးအနှံပုံတွေဖြစ်ဖြစ်၊ ရဲသားတစ်ယောက်ရဲ့ပုံဖြစ်ဖြစ် ဆွဲလိုက်ရင် မှော်အတတ်နဲ့ စီရင်လိုက်သလို တကယ်ပေါ်လာတယ်။ ဆန်ဂျူးဟာ သူ့ခဲတံနဲ့ လူတွေကိုကူညီတယ်။ သူ့မိဘတွေကိုတောင် လမ်းသရဲတွေရဲ့ရန်က ကာကွယ်ပေးတယ်။ အဲဒီခဲတံမျိုး ကျွန်မ လိုချင်လိုက်တာ တစ်ပိုင်းသေမတတ်ဘဲ။

ည,ညတိုင်း ကျွန်မ ဆုတောင်းရတာ အမော။

www.burmeseclassic.com

www.burmeseclassic.com



"အိုအရှင်... ဆန်ဂျူးရဲ့ခဲတံမျိုး ကျွန်တော်မျိုးမကို ပေးသနားတော်မူပါ။ ဘယ်သူမှ မသိစေရပါ အရှင်။ ကျွန်တော်မျိုးမရဲ့ ဗီရိုထဲမှာ လာထည့်ထားပေးတော်မူပါ၊ လူတိုင်းကိုပျော်ရွှင်အောင် လုပ်ပေးပါ့မယ်"

ဆုတောင်းပြီးတာနဲ့ အံဆွဲတွေထဲကို ပြေးရှာတယ်။

တစ်ခါမှ ခဲတံရောက်မလာပါဘူး။ ဒါပေမဲ့ ခဲတံရရင် ဘယ်သူ့ကို အရင်ကူညီရမယ်ဆိုတာ ကျွန်မ တွေးထားပြီးသားပါ။ ကျွန်မတို့ နောက်ပြောင်းလာတဲ့ လမ်းထိပ်မှာ မြေကွက်လပ်တစ်ခု ရှိတယ်။ လူတွေ အမှိုက်သွားသွားပစ်ရင်း အမှိုက်ပုံကြီး ဖြစ်နေတာပေါ့။

ကျွန်မတို့ ဆွက်ဒေသမှာ အမှိုက်သိမ်းစနစ် မရှိပါဘူး။ သိပ်မကြာခင်မှာ အမှိုက်တွေ တောင်ကြီးတမျှ မြင့်တက်လာပါတော့တယ်။ အနံ့ဆိုးလွန်းလို့ ဘယ်တော့မှ ကျွန်မ အဲဒီအနားမသွားဘူး။

အစ်ကိုတွေ အိမ်မှာမရှိတဲ့ တစ်နေ့မှာ အဖေက ကျွန်မကို အာလူးခွံတွေ၊ ကြက်ဥခွံတွေ သွားပစ်ခိုင်းတယ်။ တောင်လောက်မြင့်တဲ့ အမှိုက်ပုံခြေရင်းမှာ ကျွန်မအထုပ်ကို ပစ်ချလိုက်တယ်။ လှုပ်ရှားလာတဲ့ အရာတစ်ခုကို လှမ်းမြင်လို့ ကျွန်မ ကြောက်အားလန့်အားနဲ့ ထည့်လိုက်မိတယ်။

ဟင်... ကျွန်မအရွယ် မိန်းကလေး တစ်ယောက်ပါလေး၊ ဆံပင်တွေက သူ့ခေါင်းပေါ်မှာ အချပ်လိုက် ပြားကပ်နေတယ်၊ တစ်ကိုယ်လုံး အနာတွေနဲ့ပါလား၊ သူတို့က သံဘူးတွေ၊ ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို လိုက်ကောက်နေကြသူတွေပါ။ သူတို့နဲ့ စကားပြောချင်ပေမယ့် အရှမ်းကြောက်နေတယ်။

အဖေ ကျောင်းကပြန်လာတော့ ဒီအကြောင်း ပြောပြပြီး အဲဒီက ကလေးတွေကို ကျွန်မနဲ့အတူ လိုက်ကြည့်ဖို့ ပြောပါတယ်။ အဖေ လိုက်လာပါတယ်။ သူတို့နဲ့ စကားပြောဖို့ အဖေ ကြိုးစားပါတယ်။ ဒါပေမဲ့ သူတို့အားလုံး ထွက်ပြေးကြတယ်လေ။ အမှိုက်ထဲကရတဲ့ ပစ္စည်းတွေကို ပစ္စည်းအဟောင်းဆိုင်မှာ သွားရောင်းတဲ့ အကြောင်း။ သူတို့ရတဲ့ ပိုက်ဆံက တစ်ပဲခြောက်ပြား ဖြစ်ကြောင်း အဖေက ရှင်းပြပါလေတယ်။

"ဆိုင်ကလူတွေက အဆမတန် အမြတ်တင်ပြီး ပြန်ရောင်းကြတယ်လေ"

အိမ်အပြန်လမ်းမှာ ကျွန်မကိုပြောရင်း အဖေ မျက်ရည်လည်နေတာကို ကျွန်မ သတိထားလိုက်မိတယ်။

"အဖေ့ကျောင်းမှာ ခေါ်ထားပါလားဟင်"

ကျွန်မကပြောတော့ အဖေ ရယ်နေပါတယ်။ ကျွန်မနဲ့ အဖေ နားချလို့ မိန်းကလေးတော်တော်များများ အခမဲ့ ကျောင်းနေခွင့် ရနေကြပါပြီ။ အမေဟာ ခေတ်ပညာ မတတ်ပါဘူး။ ဒါပေမဲ့ အိမ်မှာ ပြဿနာပေါင်းစုံကို လက်တွေ့ကျကျ ဖြေရှင်းနေရတာ အမေပါ။ အဖေက ကျောင်းဆရာဆိုတော့ စကားပြောနေတာက ခပ်များများ။ အမေဟာ လူတိုင်းကို တတ်နိုင်သမျှ ကူညီတယ်။ အဲဒီအတွက် အဖေ တစ်ခါတလေ ကျွဲမြီးတိုပါတယ်။

၀

www.burmeseclassic.com



(၉)

## ဘုရားသခင်ထံ စာရေးခြင်း

အဖေ့ကျောင်းဟာ တဖြည်းဖြည်း တိုးတက်လာပါတယ်။ အိမ်တွေ ထပ်ငှားရတယ်။ လန်ဒီခက်စ်က ပထမဆုံးအိမ်ကို မူလတန်းကျောင်း လုပ်ထားပြီး၊ ယာရှာလမင်က အိမ်ကို မိန်းကလေး အထက်တန်းကျောင်း အဖြစ်နဲ့ ဖွင့်လိုက်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေရှိတဲ့ နှင်းဆီခြံအကျယ်ကြီးနဲ့ အဆောက်အအုံမှာ ယောကျ်ားလေး အထက်တန်းကျောင်း ဖွင့်ထားပါတယ်။

အဖေ့ကျောင်းမှာ စုစုပေါင်း ကျောင်းသားဦးရေ ၈၀၀ အထိ ရှိလာပါတယ်။ ဒါပေမဲ့ အမြတ်အစွန်းတော့ မရှိသလောက်ပါပဲ။ အခမဲ့ ကျောင်းထားရတဲ့ တပည့်က တစ်ရာကျော် ရှိတာကိုး။

ဘယ်လိုပင် ရှိပေမယ့် အမှိုက်ပုံမှာ တွေ့ခဲ့တဲ့ ကောင်မလေးကို သူ့ကျောင်းမှာ ထားပေးဖို့ အဖေ့ကို ကျွန်မ ဆက်လက်တွန်းအားပေးနေတုန်းပါပဲ။ အဖေက ရှင်းပြပါတယ်။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



လေးတွေက သူတို့အိမ်ကို ရှာကျွေးနေရတာတဲ့။ သူတို့ကျောင်းဆက်နေရင် သူတို့အိမ်သားတွေ ငတ်ကုန်လိမ့်မယ်တဲ့။ အဖေပြောတာကို ကျွန်မ ဘယ်လိုမှ ငြင်းမရပါဘူးလေ။ အဖေက ကျောင်းမှာ အချိန်ကုန်သလို နိုင်ငံရေးပြောရမှာ အလွန်ပင် စိတ်အားထက်သန်လွန်းလှပါတယ်။

ကျွန်မကလည်း အဖေ့လိုပဲ နိုင်ငံရေးကို စိတ်ဝင်စားပါတယ်။ တာလီဘန်တွေကို လုံးဝမထောက်ခံပါဘူး။ မိန်းကလေးကျောင်းတွေကို ပိတ်ပစ်တယ်။ ဗုဒ္ဓအမွေအနှစ် ရုပ်ပွားတော်ကြီးတွေကို မိုင်းခွဲဖျက်ဆီးပစ်တယ် ကြားကတည်းက ကျွန်မတို့ရန်သူ ဖြစ်သွားတာပါ။ ကျွန်မတို့ဒေသမှာ ဗုဒ္ဓရဲ့ရောမကျောက်ဆင်းတုကြီးတွေ အများကြီး ရှိပါတယ်။ အဲဒီအတွက် ကျွန်မတို့ဂုဏ်ယူနေတာလေ။ ဒါပေမဲ့ အာဖဂန်နစ္စတန်ကို ဗုံးကြဲတာ။ ပါကစ္စတန်က အမေရိကန်ကို ကူညီနေတာကိုတော့ ကျွန်မတို့ပတ်ရှ်ထန်တွေ မထောက်ခံပါဘူး။

ဗိုလ်ချုပ်ကြီးမူရှာရဖ်က ကျွန်မတို့ လေယာဉ်ကွင်းတွေကိုတောင် အမေရိကန်ကို သုံးခွင့်ပေးထားသတဲ့။ ကျွန်မတို့ရဲ့ ဘာသာရေးခေါင်းဆောင် အချို့ကတော့ အိုစမာဘင်လာဒင်ကို သူရဲကောင်းတစ်ယောက်အဖြစ် သတ်မှတ်ကြတယ်။ မြင်းဖြူကြီးစီးထားတဲ့ ပိုစတာကြီးတွေ ဈေးထဲမှာ ဝယ်လို့ရတယ်လေ။ သူ့ပိုစတာဝယ်ရင် ချိုချဉ်တောင် လက်ဆောင်ပေးသေးတယ်။ အဲဒီဘာသာရေးခေါင်းဆောင်တွေက ၉/၁၁ အရေးအခင်းကို ထောက်ခံကြတယ်။ တစ်ကမ္ဘာလုံးကိုလှည့်ပြီး ဒုက္ခပေးနေတဲ့ အမေရိကန်ကို လက်စားချေတာလို့ သူတို့က ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံထဲက အပြစ်မဲ့တဲ့ ပြည်သူတွေ သေရတာဟာ အမေရိကန်နိုင်ငံခြားရေးဝါဒနဲ့ ဘာမှမဆိုင်ဘူး၊ မိုရမ်ကျမ်းမြတ်ကလည်း အတိအလင်း ဆိုထားတာပဲ။ သူများအသက်သတ်ခြင်းဟာ မှားယွင်းတဲ့ အလုပ်လို့ သေသေချာချာ ဟောထားသားပဲ။ အဲဒီနေ့က ကုန်သွယ်ရေးအဆောက်အအုံမှာ ဂျူးတွေ တစ်ယောက်မှ အလုပ်မဆင်းကြဘူးတဲ့၊ အမှောက လုံးဝလက်မခံပါဘူး။

မူရှာရဖ်က သူ့မှာ ရွေးစရာလမ်း မရှိဘူးတဲ့။ အမေရိကန်ကို အကူအညီပေးရမှာပဲလို့ ပြောသေးတယ်။ ပြီးတော့ ကျွန်မတို့ကို ပြောသေးတယ်။

"မင်းတို့က အကြမ်းဖက်သမားတွေနဲ့ ပေါင်းမှာလား။ ငါတို့ကို ထောက်ခံမှာလားတဲ့။ ပြီးတော့ ကြိမ်းလား မောင်းလား လုပ်သေးတယ်။ "သူတို့ဘက် မပါရင် ဆွက်ဒေသကို ဗုံးမိုးရွာချပြီး ကျောက်ခေတ်ကို ပြန်ပို့ပစ်မယ်"တဲ့လေ။ ဒါပေမဲ့ ကျွန်မတို့က သူ့ကို အပြည့်အဝ မထောက်ခံပါဘူး။ မူရှာရဖ်ဟာ လှည့်နှစ်ခွနဲ့ လူစားဆိုတာ လူတိုင်းက သိနေတယ်။ အမေရိကန်အကူအညီကိုယူတယ်။ တစ်ဖက်မှာ ဂျီဟတ်ကို ကူညီနေတယ်။

သမ္မတဘုရှ်က မူရှာရဖ်ကို လည်ပင်းဖက် ပေါင်းနေတုန်း အိမ်ဖြူတော်ကိုဖိတ်ပြီး ဘုံခန်းအထိ မြှောက်ပင့်နေတုန်း၊ ကျွန်မအဖေရဲ့ အပေါင်းအသင်းတွေကတော့ နှာခေါင်းရှုံ့နေကြပြီပေါ့။ ပါကစ္စတန်မှာ အမေရိကန်တွေ မျက်စိကျလိုက်ရင် စစ်အာဏာရှင်တွေချည်းပဲလို့ ဝေဖန်ခံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးကို ကျွန်မ ငယ်ငယ်လေးကတည်းက စိတ်ဝင်စားခဲ့တာပါ။ အဖေ့ပေါင်ပေါ်ထိုင်ပြီး သူတို့သူငယ်ချင်းတစ်သိုက်ဆွေးနွေးတာကို အမြဲနားထောင်ပါတယ်။ ဒါပေမဲ့ အိမ်ကိစ္စတွေပိုပြီး စိတ်ဝင်စားတယ်။ အထူးသဖြင့် ကိုယ့်လမ်းထဲက အရေးကိစ္စတွေကိုပေါ့။ အမှိုက်ပုံအကြောင်း၊ အမှိုက်ပုံက ကလေးတွေကို ကူညီသင့်တဲ့ အကြောင်းတွေ။ အဲဒီကလေးတွေကို မိတ်ဆွေဖွဲ့ပြီး စာသင်ကျောင်းကို ခေါ်ဖို့ပြောတော့ ညစ်ပတ်တဲ့ သူတွေကို မခေါ်ချင်ကြဘူး။ ကူညီသင့်တဲ့အကြောင်း ပြောတော့လည်း လက်မခံချင်ကြဘူး။ ဒီပြဿနာရှင်းဖို့ သူတို့ အလုပ်မဟုတ်ဘူးတဲ့။ ကျွန်မ သဘောမတူပါဘူး။

ဒါ အစိုးရအလုပ် ဆိုပြီး လက်ပိုက် ကြည့်မနေသင့်ဘူး။ ဒီကလေးတွေကို တစ်အိမ်တစ်ယောက် တာဝန်ယူမယ်ဆိုရင် အဲဒီလိုအိမ်တွေ များလာမယ်ဆိုရင် လမ်းပေါ်က ကလေးတွေအများ ပညာသင်ခွင့်ရကြမှာပေါ့။ မူရှာရဖ်က ဒီကိစ္စမျိုး စိတ်မဝင်စားဘူးဆိုတာ ကျွန်မ သိပါတယ်။ အဖေကလည်း ဘာမှမတတ်နိုင်ဘူးဆိုရင် ကျွန်မမှာ လုပ်စရာတစ်ခုပဲ ကျန်တော့တယ်။ ဘုရားသခင်ထံ ကျွန်မ စာတစ်စောင် ရေးပါတယ်။

**အရှင်ဘုရား...**

**အရှင်သည် အရာရာတိုင်း၏ ဖန်ဆင်းရှင်ဟု တပည့်တော်မ ယုံကြည်ပါသည် ဘုရား။ အရာရာကို သိမြင်တော်မူသော အရှင်ဘုရား ဆိုရာတွင် အရာကိစ္စတွေက များလွန်းသဖြင့် ကိုယ်တော်အရှင် မသိသေးသော အရာ**

www.burmeseclassic.com

www.burmeseclassic.com



များ ရှိနေပါသည်ဘုရား။ အထူးသဖြင့် ပါကစ္စတန်တွင် ဗုံးကြဲနေသည့်ကိစ္စမျိုးပါ ဘုရား။

ပြီးတော့ ကျွန်မတို့လမ်းထိပ် အမှိုက်ပုံးက ကလေးတွေပါ ဘုရား၊ သူတို့ဟာ အမှိုက်ပုံမှာနေပြီး၊ အမှိုက်ပုံကိုမှီပြီး အသက်ရှင်ကြရပါသည် ဘုရား။ အရှင်ဘုရားမြင်တွေ့ပါက စိတ်ချမ်းသာနိုင်မယ်ဟု တပည့်တော် မယူဆပါ။ သည်ကမ္ဘာကြီးကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်နိုင်ဖို့ တပည့်တော်အား သတ္တိနှင့် ခွန်အားပေးသနားတော်မူပါဘုရား။

မာလာလာ

ပြသနာပဲ။ ဒီစာကို ဘုရားသခင်ထံရောက်အောင် ကျွန်မဘယ်လိုပို့ရမှန်း မသိပါ။ စိတ်ကူးတစ်ခု ကျွန်မ ရလိုက်ပါတယ်။ မြေကြီးထဲကို နက်နက်တူးမြှုပ်ဖို့ပါ။ စာကို မပျက်စီးရအောင် ပလတ်စတစ်အိတ်ထဲမှာထည့်ပြီး အိမ်ရှေ့ပန်းခြံထဲမှာ ကျင်းတူးမြှုပ်ထားလိုက်ပါတယ်။ သို့သော် ဘာမှ အကြောင်းထူးမလာခဲ့ပါဘူး။ ဘုရားသခင်ထံ မရောက်ဘူး ထင်ပါရဲ့။ ကျွန်မတို့မှာ အလေ့အထတစ်ခု ရှိပါတယ်။

ဘုရားသခင်နဲ့ဆိုင်တဲ့ စာရွက်စာတမ်းတွေ၊ သင်္ကေတတွေကို ရေမှာမျှောရပါတယ်။ ဒါနဲ့ ပလတ်စတစ်အိတ်ကလေးကို ပြန်တူးပြီး သစ်သားချောင်းတစ်ခုမှာ ပူးချည်လိုက်ပါတယ်။ ပြီးတော့ အဝါရောင်တောပန်းကလေးတစ်ပွင့် သစ်သားချောင်းထိပ်မှာ စိုက်လိုက်ပါသေးတယ်။ ပြီးတော့မှ ချောင်းထဲကို သွားမျှော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ ဆွက်မြစ်ထဲကို စီးဝင်တဲ့ ချောင်းပါ။ ဒီတစ်ခါတော့ သေချာပါပြီ၊ ဘုရားသခင်ဆီ ကျိန်းသေပေါက် ရောက်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



# (၁၀)

## ဘာသာရေး ခုတုံးလုပ်သူ

ကျွန်မကိုမွေးတဲ့ ခုရှဲလ်လမ်းကအိမ်မှာ ကျောင်းဖွင့်ထားတာပါ။ မျက်နှာချင်းဆိုင်အိမ်မှာ ဥပမိရုပ်ကောင်းကောင်းနဲ့ ဘာသာရေးသမားလိုလို လူတစ်ယောက် နေပါတယ်။ သူ့မိသားစုနဲ့ အတူတူ နေတာပါ။ နာမည်က ဂူလာမူလာတဲ့။ သူ့ကိုယ်သူ ဆရာတစ်ဆူလို သဘောထားပြီး ဘာသာရေးခေါင်းဆောင်လိုလိုနဲ့ ပြောရေးဆိုခွင့်ရှိသူဂိုက်မျိုး ဖမ်းနေတဲ့သူပါ။

အဖေကတော့ သူ့ကို အထင်မကြီးဘူး။ **"ခေါင်းပေါင်းပါတဲ့လူတိုင်း သူတို့ကိုယ်သူတို့ ပညာရှိလို့ ခေါ်နေကြတာပါကွာ"** လို့ပြောတတ်ပါတယ်။ အဖေ့ကျောင်း အခြေအနေ ကောင်းလာပါပြီ။ ကျောင်းကို ဂငယ်ပုံစံ မုန့်ဦးတွေ ဘာတွေ ဆောက်နိုင်လာတယ်။ ညေ့်ကြိုခန်းနဲ့ ဘာနဲ့ ဖြစ်လာတယ်။

ဒါကို ကိုရွှေပညာရှိဆိုတဲ့လူက တစ်ချိန်လုံး စောင့်ကြည့်နေတာ။ မိန်းကလေးတွေ ဥဒပတိုဝင်ထွက်နေတာကို သူ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မရဘူး၊ ကျွန်မတို့ အားလုံး အမှိုက်ပေါက်ကလေးတွေ ဖြစ်နေကြပြီလေ။

"အင်း... .ပညာရှိဆိုတဲ့ သီလကြောင်ကတော့ တို့ကို ဆော်တော် မျက်စိစပါးမွေး စူးနေပြီဟေ့"လို့ တစ်နေ့မှာ အဖေက ပြောလာပါတယ်။ အဖေထင်တဲ့ အတိုင်းပါပဲ။

မကြာပါဘူး။ ကျွန်မတို့ ကျောင်းအဆောက်အအုံပိုင်ရှင် အမျိုးသမီးကို သူက သွားတွေ့ပြီး စည်းရုံးမယ်တဲ့လေ။

"ဇိယာအုဒင်ဟာ ခင်ဗျားအိမ်ကိုငှားပြီး ကျောင်းဖွင့်ထားတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ရပ်ကွက်အတွက် အန္တရာယ်ရှိတယ်နော်။ အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်လိမ့်မယ်။ မိန်းကလေးတွေကလည်း ခေါင်းမြီးမခြုံနဲ့၊ ခင်ဗျားအိမ်ကို ပြန်ယူလိုက်ပါ၊ ကျုပ် ငှားမယ်၊ ဘာသာရေးသင်တန်းကျောင်း ဖွင့်မယ်၊ ကျုပ် အခုချက်ချင်း ငွေချေမယ်။ အဲဒါမှ ခင်ဗျား ဘဝကူးကောင်းမှာ၊ သုဂတိကိုလားမှာ"

ပြောသတဲ့။ အဲဒီလူလုပ်ရပ်ကို ဘုရားသခင်က ကြိုက်မှာ မဟုတ်ဘူး။ ဘုရားသခင်က သူတစ်ပါး အကျိုးယုတ်တာ ဘာတစ်ခုမှ မလုပ်ရဟု မိန့်တော်မူတယ်။ အိမ်ရှင်အမျိုးသမီးက မငှားပါဘူး။ သူ့သားက အဖေ့ကို တိတ်တိတ်လာပြောတာ။

"အဲဒီ သီလကြောင်က ဆရာ့ကွယ်ရာမှာ လိုက်အပုပ်ချနေတယ်၊ စိတ်ချပါ။ သူ့ကို ကျွန်တော်တို့ မငှားပါဘူး။ ဒါပေမဲ့ သတိတော့ ထားနေပေါ့ ဆရာ"

အဖေ တော်တော်ဒေါပွသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပညာမကျွမ်းတဲ့ သမားဟာ လူ့အသက်အတွက် အန္တရာယ်တဲ့။ တရားဓမ္မမကျွမ်းတဲ့ တရားဟောဆရာဟာ ဘာသာရေးအတွက် အန္တရာယ်တဲ့။ အဲဒီဆိုရိုးအတိုင်းပေါ့ကွာ"

လို့ အဖေက ပြောပါတယ်။ ကျွန်မတို့ တိုင်းပြည်ဟာ ပထမဆုံးမွတ်စလင်နိုင်ငံ ဖြစ်ရတဲ့အတွက် ကျွန်မ ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ကျွန်မတို့ သဘောမကျတာတွေ အများကြီးပါပဲ။ ခိုရမ်ကျမ်းစာက ကျွန်မတို့ကို သည်းခံခွင့်လွှတ်ခြင်းအကြောင်း သင်ကြားပါတယ်။ ဒါပေမဲ့ ကျွန်မတို့အားလုံး အဲဒါကို မေ့နေကြပါတယ်။

အစ္စလာမ်အယူဝါဒဆိုတာ မိန်းမတွေက အိမ်တွင်းပုန်းလုပ်နေ၊ အပြင်ထွက်ရင် ခေါင်းမြီးခြုံ၊ ယောကျ်ားတွေက စစ်တိုက်လို့ ထင်နေကြတယ်။ ကျွန်မတို့ ပါကစ္စတန်မှာ ဘာသာရေးနဲ့ ပတ်သက်ပြီး ယုံကြည်မှု အမျိုးမျိုး ကွဲနေပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံရေးဖိသုကာ ဂျင်နားဟာ အိန္ဒိယမှာ မွတ်စလင်တို့ရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒါပေမဲ့ အိန္ဒိယမှာက လူများစုက ဟိန္ဒူဘာသာဝင်တွေပါ၊ ဘာနဲ့တူသလဲဆိုရင် ရန်ငြိုးကြီးတဲ့ ညီအစ်ကိုနှစ်ယောက်လို ဖြစ်နေကြတယ်။ မတည့်အတူနေလို့ မဖြစ်တဲ့အတွက် တစ်အိမ်စီ ခွဲနေရတဲ့အဖြစ်မျိုး။

ဒါကြောင့် အင်္ဂလိပ်က ၁၉၄၇–ခုနှစ်၊ ဩဂုတ်လမှာ အိန္ဒိယကို နှစ်ပိုင်းခွဲပေးလိုက်တယ်။ အဲဒီမှာ လွတ်လပ်တဲ့ မွတ်စလင်နိုင်ငံ မွေးဖွားလာတာပါ။ မွေးမွေးချင်းဆိုသလိုပဲ သွေးချောင်းစီးလူသတ်ပွဲတွေဖြစ်ပြီး သွေးပင်လယ်ဝေခဲ့ရတယ်။ သန်းပေါင်းများစွာသော မွတ်စလင်တွေက အိန္ဒိယကို ဖြတ်ကြရတယ်။ အလား

www.burmeseclassic.com

www.burmeseclassic.com



တူပဲ ဟိန္ဒူတွေကလည်း အခြားတစ်ဖက်ကို ကူးကြရတယ်။ အဲဒီလို နယ်စပ်ကို ကူးသန်းရင်း လူပေါင်းနှစ်သန်းနီးပါး သေကြေပျက်စီးခဲ့ကြတယ်။

အခုတော့ ကျွန်မတို့တိုင်းပြည်ဟာ လူဦးရေသန်း ၁၈၀ ရှိခဲ့ပါပြီ၊ ၉၆ ရာခိုင်နှုန်းက မွတ်စလင်တွေပါ။ ခရစ်ယာန်ဘာသာဝင်ပေါင်း နှစ်သန်းရှိပြီး **"အမာဒီယာ"** မွတ်စလင် နှစ်သန်းကျော် ရှိပါတယ်။ သူတို့ကို ကျွန်မတို့အစိုးရက မွတ်စလင်လို့ အသိအမှတ် မပြုပါဘူး။ သနားပါတယ်။ သူတို့ဟာ လူဦးရေနည်းတဲ့ လူမျိုးစုမို့ မကြာခဏ အတိုက်ခံရတယ်။

ဂျင်နားဟာ ငယ်ငယ်တုန်းက လန်ဒန်မှာနေခဲ့ပြီး ဥပဒေတန်း တက်ခဲ့ရပါတယ်။ သူက ဘာသာရေးလွတ်လပ်ခွင့်လိုချင်တဲ့လူ။ လွတ်လပ်ရေးမရခင် ရက်ပိုင်းအတွင်းမှာ သူပြောခဲ့တဲ့ အမ္ဘာကျော်မိန့်ခွန်းကို ကျွန်မတို့ မကြာခဏ ကိုးကားကြရပါတယ်။

> **"ခင်ဗျားတို့ ဘယ်ဘုရားကျောင်းကိုမဆို လွတ်လွတ်လပ်လပ် သွားနိုင်တယ်။ ဘယ်ဗလီကိုမဆို လွတ်လွတ်လပ်လပ် သွားနိုင်တယ်။ ပါကစ္စတန်မှာရှိတဲ့ ဘယ်ဘာသာရေး အဆောက်အအုံအဖြစ်ဖြစ် ကြိုက်သလို လွတ်လွတ်လပ်လပ် သွားနိုင်တယ်။ ကိုးကွယ်နိုင်တယ်။ ကြိုက်တဲ့ ဘာသာကို ယုံကြည်သက်ဝင်ခွင့်ရှိတယ်၊ အဲဒါ နိုင်ငံတော်နဲ့ ဘာမှမဆိုင်ဘူး"**

အဲ... အဖေကတော့ ဒီလိုဝေဖန်တယ်။ "ဂျင်နားဟာ တို့အတွက် ပြည်နယ်တောင် ပေးတာမဟုတ်ဘူး။ မြေ[illegible]တစ်

www.burmeseclassic.com

www.burmeseclassic.com



**ကွက်လောက်ပဲ တောင်းပေးတာ**"တဲ့လေ။ ပါကစ္စတန်နိုင်ငံရယ်လို့ ပေါ်လာပြီး တစ်နှစ်ပဲ သူနေရတယ်။ အဆုတ်ရောဂါနဲ့ ကွယ်လွန်သွားတယ်။ အဲဒီကတည်းက ဖြစ်လိုက်တဲ့ တိုက်ပွဲတွေဟာ ပေါက်ပေါက်ရှော်သလိုပဲ။ အိန္ဒိယနဲ့ စစ်ပွဲကြီးသုံးပွဲဖြစ်တယ်။ ပြည်တွင်းက လူသတ်ပွဲတွေကလည်း အရပ်အနား မရှိပါဘူး။

ကျွန်မတို့ မွတ်စလင်အချင်းချင်း ဆွန်နီရယ်၊ ရှီယိုက်ရယ်လို့ ဂိုဏ်းကွဲနေတယ်။ အားလုံးက ခိုရမ်ကျမ်းမြတ်ကို ယုံကြည်ကိုးကွယ်ကြတာပါပဲ။ ဒါပေမဲ့ ဘယ်သူ ဘာသာရေးခေါင်းဆောင်ဖြစ်သင့်တယ်ဆိုတဲ့ နေရာမှာ သဘောကွဲသွားကြတာပါ။ တမန်တော် ပျံလွန်တာ ခုနစ်ရာစုကတည်းကပါ။ တမန်တော်ရဲ့အရိုက်အရာကိုခံဖို့ အဘူဘာကာကို ရွေးချယ်လိုက်ကြပါတယ်။ သူက တမန်တော်ရဲ့ တူရင်းလည်းဖြစ်၊ အတိုင်ပင်ခံလည်းဖြစ်တဲ့ ပုဂ္ဂိုလ်ပါ။

**"ဆွန်နီ ဆိုတာ အာရဗီဘာသာနဲ့ တမန်တော်ရဲ့ဓမ္မဟောင်းကို ယုံကြည်ကိုးကွယ်သူ"**လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ လူနည်းစုက ဘာသာရေးခေါင်းဆောင်ဟာ တမန်တော်ရဲ့မိသားစုဝင်ထဲကပဲ ဖြစ်ရမယ်လို့ ယုံကြည်ကြတယ်။ ညီဝမ်းကွဲလည်းဖြစ်။ သမက်လည်းဖြစ်တဲ့ အလီပဲ ဖြစ်ရမယ်လို့ ယုံကြည်ကြတယ်။ အဲဒီအုပ်စုဟာ ရှီယိုက်တွေ ဖြစ်လာတယ်။ ရှီယိုက်အလီ (Shia.t. Ali)ရဲ့ အတိုကောက်ပါ။ အဓိပ္ပာယ်ကတော့ **"အလီရဲ့ပါတီ"**ပေါ့။

ရှီယိုက်တွေဟာ ခရစ်နှစ် (၆၈၀)က ကာဘာလာတိုက်ပွဲမှာ ကျဆုံးခဲ့တဲ့ တမန်တော်ရဲ့မြေး ဟူစိန်ဘင်အဘ်အလီအတွက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်ပွဲ လုပ်ကြတယ်။ အဲဒီပွဲကို "မူဟာရစ်"ပွဲတော်လို့ ခေါ်ကြတယ်။ အဲဒီနေ့မှာ သူတို့ကိုယ်သူတို့ သွေးချင်းချင်းနီအောင် ရိုက်ကြတယ်။ စက်ဘီးချိန်းကြိုးနဲ့ ရိုက်တယ်။ တချို့က မုတ်ဆိတ်ရိတ်ဓားတွေကို ကြိုးချည်ပြီးရိုက်တယ်။ အဲဒီနေ့မှာ တစ်လမ်းလုံး သွေးတွေအိုင်ထွန်းနေတယ်။ အဖေ့မှာ ရှီယိုက် သူငယ်ချင်းတစ်ယောက် ရှိတယ်။ ကာဘာလာတိုက်ပွဲမှာ ဟူစိန် ကျဆုံးတဲ့အကြောင်းပြောတိုင်း ငိုတယ်။

သူ့ကြည့်ရတာ အဲဒီအဖြစ်အပျက်ဟာ မနေ့ညကမှ ဖြစ်သွားတဲ့ အတိုင်းပါပဲ။ အမှန်တော့ နှစ်ပေါင်း ၁၃၀၀ ကျော်ကြာခဲ့ပါပြီ။ ကျွန်မတို့ရဲ့ ခေါင်းဆောင် ဂျင်နားဟာလည်း ရှီယိုက်တစ်ယောက်ပါပဲ။ ဘနာဇီယာဘူတိုရဲ့ အမေလည်း အီရန်သူရှီယိုက်ပါပဲ။ ပါကစ္စတန်မှာ အများစုကတော့ ကျွန်မတို့လို ဆွန်နီတွေပါ။ တိုင်းပြည်ရဲ့ ၈၀ ရာခိုင်နှုန်း ရှိပါတယ်။ ဒါပေမဲ့ ဆွန်နီထဲမှာလည်း အုပ်စုတွေ ကွဲနေပါသေးတယ်။ အင်အားအများဆုံးအုပ်စုက **ဘာရဲဂစ်ဗစ်အဖွဲ့ပါ**။ သူတို့က ဘာရဲလ်လီမှာဖွင့်တဲ့ဆယ့်ကိုးရာစုနှစ် ဘာသာရေးကျောင်းကို အစွဲပြုပြီး ဒီနာမည်ကို ယူထားတာပါ။

အိန္ဒိယနိုင်ငံ၊ အူဒါပရာဒက်ရှ်ပြည်နယ်ထဲမှာ ရှိပါတယ်။ နောက်တစ်ဖွဲ့က ဒီယိုဘန်ဒီ။ သူတို့က ပိုပြီးရှေးရိုးဆန်တယ်။ သူတို့လည်း အူဒါပရာဒက်ရှ်ထဲမှာပါပဲ။ ဒီယိုဘန်ရွာကလေးရဲ့ နာမည်ကို ယူထားတာပါ။ ကျွန်မတို့ ဘာသာရေးသင်တန်းကျောင်းအားလုံး ဒီယိုဘန်ဒီတွေချည်းပါပဲ။ ကျွန်မတို့ဆီမှာ ဟာလီဟာဒစ်ရှိတဲ့ အုပ်စုလည်း ရှိသေးတယ်။ သူတို့က "ဆာလာဖစ်"

www.burmeseclassic.com

www.burmeseclassic.com



တွေပါ။ အာရပ်ဩစာခံအဖွဲ့ပါ။ ပိုပြီး ရှေးရိုးစွဲဆန်သေးတယ်။ အနောက်နိုင်ငံတွေက သူတို့ကို စာအုပ်ကြီးသမားတွေလို့ ခေါ်ကြတယ်။ သူတော်စင်တွေကို လက်မခံဘူး။ ဘုရားခန်းတွေ ဘာတွေလည်း မထားဘူး။ ပါကစ္စတန်တော်တော်များများက စိတ်တန်ခိုးကို ယုံကြည်ကြတယ်။ သူတို့က အဈ္ဈတ္တဒဿနကို ပိုပြီးအလေးပေးတယ်။ ဆူဖီ (Sufi Shrine)လို့ ခေါ်တဲ့ ဘာသာရေး အဆောက်အအုံတွေမှာစုပြီး အကအခုန်တွေနဲ့ ဘုရားရှိခိုးကြတယ်။ အဲဒီဂိုဏ်းကြီးတွေရဲ့နောက်မှာ ဂိုဏ်းခွဲကလေးတွေ များကြီးရှိတယ်။

ကျွန်မတို့ရဲ့ သူတော်ယောင် ပညာရှိကြီးဟာ အိမ်ရှင်ကို စည်းရုံးပြီး ကျွန်မတို့ကို မောင်းထုတ်လို့မရတဲ့အခါ တစ်မျိုးကြံပြန်ပါတယ်။ အရပ်လူကြီးတချို့ ခေါ်လာပြီး အိမ်ရောက်လာပါတယ်။ ဗလီဆရာတချို့လည်း ပါလာတယ်။ အိပ်ခန်းသေးသေးလေးထဲမှာ လူတွေပြည့်ကျပ်သွားပါတယ်။ အဖေက ကျွန်မတို့ကို အခြားအခန်းထဲ သွားနေလို့ ပြောပါတယ်။ အိမ်ကကျဉ်းကျဉ်းကလေးမို့ ကျွန်မတို့အားလုံး ကြားနေရပါတယ်။

ရှုလာမူလာက စပါတယ်။

"ကျုပ် အခုရောက်လာတာက တာဘာလစ်ဂစ်အဖွဲ့နဲ့ တာလီဘာန်အဖွဲ့တို့ရဲ့ကိုယ်စား လာခဲ့တာပဲ"

အဖွဲ့နှစ်ဖွဲ့ရဲ့ နာမည်ကိုသုံးပြီး သူ့ကိုယ်သူ ဂုဏ်တင်လိုက်ပါတယ်။

"ကျုပ်ဟာ မွတ်စလင်ဘာသာဝင်ကောင်း တစ်ယောက်အနေနဲ့ မွတ်စလင်ဘာသာကို ကိုယ်စားပြုပြီး ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ကျွန်ုပ်တို့အားလုံးက ခင်ဗျားရဲ့ကျောင်းဟာ ဘာသာ
တရား မကိုင်းရှိုင်းဘူးလို့ ယူဆတယ်။ မိန်းကလေးတွေဟာ
ကျောင်းသွားဖို့ မလိုဘူး၊ အိမ်ထဲမှာပဲနေမှ မိန်းမကြြတ် ပီသတယ်၊
ခိုရမ်ကျမ်းမှာ မိန်းမနာမည် မပါဘူး၊ ဘုရားသခင်က မိန်းမအမည်
နာမတပ်တာကိုတောင် နှစ်သက်တော် မမူဘူး”

အဖေက ဆက်သည်းမခံနိုင်တော့ဘူး။

“မာရီယမ်ဆိုတဲ့ နာမည်ဟာ ခိုရမ်ကျမ်းမှာ အခန်းတိုင်း
ပါတယ်။ သူက မိန်းမ မဟုတ်ဘူးလား။ အမျိုးကောင်းသမီး
မဟုတ်ဘူးလား”

မူလာက လက်မလျှော့ပါ။

“မဟုတ်ဘူး။ ဒါက အီဆာ(ယေရှု)ဟာ မာရီယမ်ရဲ့သား
ဖြစ်တယ်။ ဘုရားသခင်ရဲ့သားတော် မဟုတ်ဘူးဆိုတာ သက်သေ
ပြဖို့သက်သက် ထည့်ထားတာ”

“ထားပါတော့။ ကျုပ် ပြောချင်တာက ခိုရမ်ကျမ်းက
မာရီယမ်ကို နာမည်ပေးလိုက်တာ”

ပညာရှိဆိုသူက ဆက်ငြင်းနေသေးတယ်။ အဖေက သည်း
ခံတော့ဘူး။ သူခေါ်လာတဲ့ သူတွေဘက်ကို လှည့်လိုက်တယ်။

“ဒီပုဂ္ဂိုလ်က လမ်းမှာတွေ့လို့ နှုတ်ဆက်ရင် ဘယ်တော့
မှ မတုံ့ပြန်ဘူးဗျာ။ ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြရုံပဲ”

ပညာရှိဆိုသူ သီလကြောင် ခေါင်းငုံ့နေတယ်။ ကျွန်မတို့
အစ္စလာမ်မှာ နှုတ်ဆက်တာဟာ သိပ်အရေးပါတယ်။ အပြန်အလှန်
လေးစားမှုကို ပြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဒီကျောင်းကို ဖွင့်ထားလို့ ကျုပ် နှုတ်မဆက်တာ"လို့ တုံ့ပြန်တယ်။ အဲဒီမှာ လူစုထဲက တစ်ယောက်က ဝင်ပြောတယ်။

"ကျွန်တော်တို့ ကြားတာက ခင်ဗျားဟာ ဘာသာရေးကို မလေးစားဘူးတဲ့။ ဒါပေမဲ့ ခင်ဗျားအခန်းထဲမှာ ကျမ်းစာအုပ်တွေ ရှိနေသားပဲ"

"ရှိတာပေါ့ဗျာ၊ ကျုပ်က မွတ်စလင်ပဲ"

သူ့ယုံကြည်မှုကို ထိပါးလာတော့ အဖေက ချက်ချင်း တုံ့ပြန်တာပဲ။ ကိုရွှေပညာရှိက အခြေအနေကို စိုးရိမ်လာပုံရတယ်။ သူဆင်ထားတဲ့အကွက်ထဲ မဝင်ဘဲ လွဲသွားပြီလေ။

ပုဂ္ဂိုလ် အကျပ်တွေ့သွားတယ်။ သူက ကျောင်းပိတ်ဖို့ ဦးတည်နေတာ။ ဒါပေမဲ့ လူကြီးတွေက သဘောပေါက်ပါတယ်။ ညှိညှိနှိုင်းနှိုင်းလုပ်ဖို့ပြောပြီး ပြန်သွားတယ်။

အဖေကတော့ ဒီဇာတ်လမ်း ဒီမှာတင် မဆုံးသေးဘူးဆိုတာ သိနေတယ်။ သူတို့တွေ မသိတာရှိတယ်။ အဲဒီကိစ္စက ကျွန်မတို့ပဲ သိနေတာ။ ပုဂ္ဂိုလ်မှာ တူမလေးတစ်ယောက်ရှိတယ်။ တူမအရင်း။ ကျောင်းကို တိတ်တိတ် လာခိုးတက်နေတာ။ မကြာခင်မှာ အဖေက ပညာရှိရဲ့အစ်ကို မိန်းကလေးရဲ့အဖေကို ခေါ်တွေ့တယ်။

"ခင်ဗျားညီနဲ့ ပတ်သက်ပြီး ကျွန်တော် တော်တော်စိတ်ကုန်နေပြီ၊ ဘယ်လိုဘာသာရေးပညာရှိလဲဗျာ။ ကျွန်တော်တို့ကို အမျိုးမျိုး ဒုက္ခပေးနေတယ်။ ခင်ဗျား ကြည့်လုပ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း ဆရာ့လို စိတ်ကုန်နေကြတာပါပဲဗျာ။ အိမ်မှာ သူ ဂြိုဟ်မွှေလို့ ပြဿနာပေါင်းစုံ ဖြစ်နေတယ် ဆရာရေ။ ကျွန်တော်တို့နဲ့ အတူနေပြီး သူ့မိန်းမကို ပြောတယ်။ ကျွန်တော်တို့ မမြင်ရအောင် အခန်းအောင်းပြီး အိမ်တွင်းပုန်းလုပ်နေရမယ်တဲ့။ ပြီးတော့ မိန်းမတွေကိုလည်း သူရှိနေတဲ့အချိန်မှာ အခန်းအောင်းနေရမယ်တဲ့။ ဒီအိမ်ကျဉ်းကျဉ်းကလေးထဲမှာဗျာ၊ မိန်းမတွေက အားလုံး ညီအစ်မတွေလို နေကြတာပါ။ ဒါပေမဲ့ အဲဒီ အရူးကြောင့် ကျွန်တော့်အိမ်မှာ ငရဲလို ပူလောင်နေတယ် ဆရာ။ ဆရာ့ကို မကူညီနိုင်တဲ့ စိတ်မကောင်းပါဘူး"

လို့ တောင်းတောင်းပန်ပန် ပြောလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



# (၁၀)

## သောကနှင့်ဘဝများ

ကျွန်မတို့တိုင်းပြည်နဲ့ ပတ်သက်ပြီး ပြောစရာ မြောက်မြားစွာ ရှိပါတယ်။ အဲဒီအထဲက ဗိုလ်ချုပ်ကြီးမှူရှာရဖ် အကြောင်းကို တင်ပြချင်ပါတယ်။ ဗိုလ်ချုပ်ကြီးမှူရှာရဖ်သည် ယခင်ခေါင်းဆောင် ဇီယာအူဟတ်နဲ့ မတူတာတွေ အမြောက်အမြားရှိတယ်။

သူက စစ်ဝတ်စုံကို ဝတ်ပေမယ့် တစ်ခါတလေ အနောက်တိုင်းဝတ်စုံဝတ်တယ်။ သူ့ကိုယ်သူ စစ်အုပ်ချုပ်ရေးကာလ ဦးစီးချုပ်လို့ မခေါ်ဘဲ အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌလို့ နာမည်ပေးတယ်။ ပြီးတော့ သူက ခွေးတွေလည်း မွေးထားတယ်။ ကျွန်မတို့ မွတ်စလင်ဘာသာဝင်တွေက ဒါကို သန့်ရှင်းတယ်လို့ မထင်ကြပါဘူး။

ဇီယာအူဟတ် လက်ထက်က အစ္စလာမ်ဘာသာ ပြန့်ပွားရေးလို့ ကြွေးကြော်တယ်။ သူကတော့ အစ္စလာမ်ဘာသာကို ညင်သာစွာ ပညာပေးရေးလို့ ခေါင်းစဉ်ပေးတယ်။ သူက မီဒီယာ

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ခွင့်ပေးတယ်။ ပုဂ္ဂလိက တီဗီလိုင်းတွေ လွှင့်ခွင့်ပေးတယ်။ အမျိုးသမီးတွေ သတင်းကြေညာခွင့် ရလာတယ်။ ချစ်သူနေ့၊ ခရစ်ယာန်နှစ်ကူးပွဲ နေ့ရက်တွေမှာ ပွဲတော်ကျင်းပခွင့်ပေးတယ်။ လွတ်လပ်ရေးအဖိတ်နေ့တွေမှာ ပေါ့ပ်အဆိုတော်တွေကိုတောင် တီဗီမှာ သီချင်းဆိုခွင့်တွေ ပေးတယ်။ ဘနာဇီယာဘူတိုလက်ထက်က မရခဲ့တဲ့ ဒီမိုကရေစီအခွင့်အရေးတွေတောင် သူက ပေးလာတယ်။

အမျိုးသမီးတစ်ယောက် မတရားကျင့်ခံရရင် အမျိုးသားသက်သေ လေးဦးတင်ပြနိုင်ရမယ် ဆိုတဲ့ ဥပဒေကိုလည်း ဖျက်သိမ်းပေးခဲ့တယ်။ နိုင်ငံတော်ဗိုင်ဘဏ်မှာ အမျိုးသမီးတစ်ယောက်ကို ပထမဦးဆုံးအနေနဲ့ ညွှန်ချုပ်ရာထူးပေးလိုက်တယ်။ လေယာဉ်မှူးရာထူးမျိုးနဲ့ ကမ်းခြေစောင့်ရေတပ် တိုက်ရေယာဉ်တွေမှာ အမျိုးသမီးတွေကို နေရာပေးလာတယ်။ ကရာချိက ဂျင်းနားရဲ့ အာဓာနည်ဗိမာန်မှာတောင် အမျိုးသမီး အစောင့်တွေ နေရာရလာတယ်။

ဒါပေမဲ့ တိုင်းပြည်ရဲ့ အနောက်မြောက်နယ် စစ်ဒေသမှာတော့ ပြည်မနဲ့ အခြေအနေချင်း မတူပါဘူး။ ၂၀၀၂–ခုနှစ်မှာ ရှာရမ်ဟာ "အထိန်းအကွပ်နဲ့ ဒီမိုကရေစီ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်မတို့ဆီမှာ ရွေးကောက်ပွဲ လုပ်ပါတယ်။ တော်တော်ထူးဆန်းတဲ့ ရွေးကောက်ပွဲပါ။

အမိကအတိုက်အခံ ဂွတွေဖြစ်တဲ့ နဝပ်ဇ်ရှရစ်နဲ့ ဘနာဇီယာဘူတိုက ပြည်နှင်ဒဏ်နဲ့ နိုင်ငံခြားရောက်နေကြတယ်။ ကျွန်မတို့ပြည်နယ်ရွေးကောက်ပွဲတော့ ဘာသာရေးဆရာများရွေးကောက်ပွဲ

www.burmeseclassic.com



လို့ ကျွန်မတို့က နာမည်ပေးထားတယ်။ သူတို့ချည်း အနိုင်ရပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မတို့ ပြည်နယ်ကလူတွေက မကြိုက်ကြဘူး။ အခြားမြို့ရွာ နိုင်ငံတွေကလည်း ကျွန်မတို့ပြည်နယ်ကို ရောက်ရှိလာတယ်။ တာလီဘန်တွေဆို အများအပြားဝင်ရောက်လာကြတယ်။ အဲဒီအထဲမှာ ဘာသာရေးအစွန်းရောက်တွေက များတယ်။ အာဖဂန်နစ္စတန်ကို အမေရိကန်တွေက ဖုံးကြိတော့ ကျွန်မတို့ ပြည်နယ်ကို ပြေးလာကြတာပါ။ အာဖဂန်နစ္စတန်စစ်ပွဲကာလမှာ ဘာသာရေးကျောင်းတွေပါ ပါကစ္စတန်မှာ မှိုလိုပေါက်လာတယ်။ ဆော်ဒီကရတဲ့ငွေတွေနဲ့ ဆောက်ကြတာပဲလေ။ အဖေက ဒါကို **"ပါကစ္စတန်ကို အာရပ်တွေ ဝါးမျိုနေတာ"** လို့ ဆိုပါတယ်။ ၉/၁၁ ကိစ္စ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူတို့ရဲ့အရှိန်အဟုန် ပိုပြင်းလာတယ်။

အဖေ့ကျောင်းက ၂၀၀၃ ခုနှစ်မှာ ဖွင့်တာပါ။ ပထမနှစ်မှာ ယောက်ျားလေး မိန်းကလေး ပေါင်းထားတယ်။ ဒါပေမဲ့ ၂၀၀၄ ခုနှစ်မှာ နိုင်ငံရေးအခြေအနေ ဗြုန်းစားကြီး ပြောင်းသွားတာနဲ့ မိန်းကလေး ယောက်ျားလေး တစ်တန်းတည်းမှာ ရောထားလို့မရတဲ့ အခြေအနေ ရောက်လာတယ်။ ၂၀၀၄ ခုနှစ်မှာ ဝါရှင်တန်ရဲ့ ဖိအားပေးမှုနဲ့ နှစ်နှစ်ကြာတော့ ဗိုလ်ချုပ်ကြီး မူရှာရဖ်ဟာ အာဖဂန်နယ်စပ်ကို စစ်တပ်တွေ ပို့ပေးပါတယ်။

အလားတူ ၂၀၀၄ ခုနှစ်မှာ ပြည်မစစ်တပ် ဝင်သွားတဲ့ တောင်တန်းဒေသဟာ ဝါဇီရင်စတန်းတောင်ပိုင်း ဖြစ်ပါတယ်။ အလားတူ မောင်းသူမဲ့လေယာဉ်ပေါ်က ဟဲလ်ဖိုင်းယားဒုံးကျည်

www.burmeseclassic.com

www.burmeseclassic.com



တစ်စင်း လွှတ်ထည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ ပြောက်ကျား ခေါင်းဆောင် နက်စ်မိုဟာမက် အပါအဝင် အမြောက်အမြား သေကုန်ကြတယ်။ ထို့အတူ ၂၀၀၆ ခုနှစ်မှာ မောင်းသူမဲ့လေယာဉ် တစ်စီးက ရွာတစ်ရွာကို ထိုးစစ်ဆင်တယ်။ အိမ်သုံးလုံးပျက်စီး ပြီး လူဆယ့်ရှစ်ယောက် သေတယ်။ အမေရိကန်က ပြောတယ်။ အဲဒီမှာ ဘင်လာဒင်နဲ့ သူ့လက်ထောက် အာမင်အယ်လ်ဇဝါဟီရီ တို့နှစ်ယောက်ရှိလို့ ပစ်တာတဲ့။ ဒါပေမဲ့လွတ်ထွက်သွားတယ်တဲ့။

အဖေနဲ့ သူ့အဖွဲ့သားတွေ စိတ်သောက ရောက်နေပြီး အဲဒီအချိန်မှာ အဖေက အားလုံးကို တပ်လှန့်စကား ပြောပါတယ်။

"တဖြည်းဖြည်းနှင့် ကျွန်တော်တို့ဆီ ကူးဆက်လာလိမ့် မယ်၊ တောင်ကြားဒေသကို ဝင်စပြုနေပြီ၊ အရေးကြီးပြီး သွေး ဆည်းကြဖို့လိုပြီ၊ တိုက်ပွဲအတွက် ပြင်ဆင်ထားဖို့လိုပြီ"

ဟု ပြောတဲ့ အဖေ့စကားကို အလေးအနက် မထားကြပါ ဘူး။ တချို့က ရယ်နေကြသေးတယ်။ စစ်ပွဲတွေကြောင့် စိတ် သော ရောက်နေတဲ့ကြားက ၂၀၀၅ ခုနှစ်တွင် မြေငလျင်တစ်ခု လှုပ်ခတ်သွားသည်။ ကမ္ဘာ့သမိုင်းတွင် အဆိုးဆုံးကပ်ဘေးကြီး တစ်ခု ဖြစ်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

## ခေါင်းမြီးခြုံထားရုံနဲ့ မလုံ

ကျွန်မတို့ တောင်ကြားဒေသကို တာလီဘန်တွေ ရောက်လာတုန်းက ကျွန်မအသက် ဆယ်နှစ်သာမီးပဲ ရှိပါသေးတယ်။ ပထမ သူတို့ ဆွက်အထက်ပိုင်းကို စဝင်တယ်။ ဖက်ကာရဲ့တောင်တန်းဒေသပေါ့။ သူတို့ကိုယ်သူတို့ တာလီဘန်လို့ မခေါ်ဘူး။ အာဖဂန်တာလီဘန်တွေနဲ့ မတူဘူး။ မာတ်ပုံထဲမှာ ကျွန်မတို့မြင်ဖူးတဲ့ တာလီဘန်တွေက ဦးပေါင်းကြီးတွေနဲ့၊ မျက်နှာဖုံးတွေနဲ့ မျက်လုံးနေရာမှာပဲ လှပ်ထားတယ်လေ။

ကျွန်မတို့ဆီ ရောက်လာတဲ့ တာလီဘန်တွေက ထူးထူးဆန်းဆန်းတွေ။ ဆံပင်ရှည်တွေက ခေါင်းပေါ်မှာ ဘုတ်သိုက်၊ မုတ်ဆိတ်တွေကလည်း အလားတူပဲ။ ခြေမျက်စိအထိ ရှည်တဲ့ ဘောင်းဘီပွပွကြီးနဲ့ အပေါ်ရုံအင်္ကျီပွပွကြီးတွေက တစ်ကိုယ်လုံးကို လွှမ်းထားတယ်။ တချို့က လမ်းလျှောက်ဖိနပ်တွေ စီးတယ်၊ တချို့လည်း အပေါ်စားပလတ်စတစ်ဖိနပ်တွေနဲ့ပါ။ ရုံခါမှာ ခြေ

www.burmeseclassic.com

www.burmeseclassic.com



အိတ်ရှည်တွေကို မျက်နှာဖုံးလုပ်ပြီး ခေါင်းကစွပ်ချထားတယ်။ မျက်လုံးနှစ်ဖက်နေရာမှာ အပေါက်ဖောက်ထားတယ်။ နှပ်ညှစ်တဲ့အခါ ဦးခေါင်းအစွပ်နဲ့ သုတ်တယ်။ သိပ်ရွံစရာကောင်းတာပဲ။ လက်ပတ်အနက်တွေပေါ်မှာ **"ပါကစ္စတန်အတွက် အာဇာနည်"** ဆိုတဲ့ စာတန်းရေးထားတယ်။ တစ်ခါတလေလည်း အနက်ရောင်ဦးပေါင်းထုပ်ကြီးတွေ ပေါင်းတယ်။ ဒါကြောင့် လူတွေက သူတို့ကို **"ခေါင်းပေါင်းနက်စစ်တပ်"**လို့ ခေါ်ကြတယ်။ အဖေ့သူငယ်ချင်းတစ်ယောက်က သူတို့ကို **"ရေချိုးခန်းနဲ့ ဆံပင်ညှပ်ဆိုင်ကို ရှောင်ပြေးနေသူများ"**လို့ ဝိဂြိုဟ်ဖြုပါတယ်။

သူတို့ဟာ ကျွန်မတို့ ပြည်နယ်ကို စည်းရုံးတယ်။ လူတွေကို မှိုင်းတိုက်တဲ့ လုပ်ဇာတ်ပွေ ခင်းတယ်။ အကြောင်းကဲ့တရားမဝင် အသံလွှင့်ရုံကလေးတစ်ခု တည်ထောင်တယ်။ စာမတတ်သူများတဲ့ဒေသဆိုတော့ အသံလွှင့်ချက်တွေကို ယုံကြည်လာကြတယ်။ နောက်တော့ မူလာအက်ဖ်အယ်လို့ နာမည် ထွက်လာတယ်။ **ဖက်ဇ်ဲလူလာနဲ့ ရေဒီယိုမူလာ** ခွဲမရတော့ဘူးပေါ့။ ညတိုင်း ရှစ်နာရီက ဆယ်နာရီအထိ အသံလွှင့်တယ်။ မနက်တစ်ခါ ထပ်လွှင့်တယ်။ ခုနစ်နာရီက ကိုးနာရီအထိ။ ၄၄

သူတို့ဟာသူတို့ အစ္စလာမ်ပြုပြင်ရေးဝါဒီအဖြစ် ကြေညာတယ်။ ခိုရမ်ကျမ်းရဲ့ စကားပြန်ပါလို့ ပြောတယ်။ အမေ အပါအဝင် အားလုံးက သူတို့ကို သိပ်ကြည်ညိုလာတယ်။ သူတို့ရေဒီယိုက လူတွေကို သတိပေးတယ်။ **ရုပ်ရှင်နဲ့ သီဆိုကခုန်တာတွေ မကြည့်ရဘူး၊ သီချင်းနားမထောင်ရဘူး၊** ဒီလို ဘုရားမကြိုက်တဲ့ အလုပ်တွေ လုပ်နေကြလို့ ငလျင်လှုပ်တာတဲ့ ဖက်ဇ်ဲလူလာက

www.burmeseclassic.com



ဒေါနဲ့မောနဲ့ ပြောတယ်။ ဒီလို အ,မင်္ဂလာအလုပ်တွေ ရပ်တန်းက မရပ်ရင် ဘုရားသခင်ရဲ့ဒေါသကို ဖိတ်ခေါ်သလို ဖြစ်လိမ့်မယ်တဲ့။

သူတို့လို လူတွေဟာ နိုရမ်ကို တလွဲအဓိပ္ပာယ် ဖွင့်ကြတယ်။ "**ဟာဒစ်သ်လို့ခေါ်တဲ့ နီတိကျမ်းတွေကိုလည်း လိုရာဆွဲပြီး အနက်ကောက်ကြတယ်။ အမှန်က မူရင်းအာရဗီဘာသာကို ကျွန်မတို့ဆီမှာ တတ်တဲ့လူ သိပ်မရှိပါဘူး။ ဖတ်စ်လူက ဒါကို အခွင့်အရေးယူတာ**။ သူတို့ ပြောတာတွေကို အဖေ့ကို ကျွန်မက မေးလိုက်ပါတယ်။ အဖေက...

"အလကား၊ လူတွေကို နဝေတိမ်တောင် ဖြစ်အောင် လျှောက်လုပ်နေတာ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး သမီး"

လို့ ပြန်ဖြေလေတယ်။ သူတို့အသံလွှင့်ချက်မှာ ယောက်ျား လေးတွေက အလုပ်ထွက်လုပ်တယ်။ လုပ်ခရတယ်။ အိမ်ပြန်ရောက်ရင် စားပြီး အိပ်ရော။ ဒါပဲ။ ယောက်ျားအလုပ် ပြီးပြီ။ ကျွန်မတို့ဆီက ယောက်ျားတွေက ငွေရှာပေးမယ်။ အိမ်မှာ ဩဇာပေးမယ်။ အိမ်အုပ်ချုပ်မှုအာဏာ သူတို့လက်ထဲမှာ ရှိနေတယ်လို့ ထင်ကြတယ်။ အဲဒီဩဇာအာဏာဟာ တစ်နေကုန် အိမ်မှုကိစ္စတွေကို လုပ်နေရှာတဲ့ မိန်းမတွေဆီမှာ ရှိသင့်တယ်ဆိုတာ သူတို့ မသိဘူး။ သူတို့ရဲ့ကလေးတွေကို မွေးပေးနေရတဲ့ မိန်းမတွေကို အရေးပေးရမှန်း မသိကြဘူး။

ကျွန်မတို့ အိမ်မှာဆို အားလုံး အမေ့တာဝန်တွေချည်း။ အမေတစ်ယောက်တည်း အောက်ခြေသိမ်း လုပ်ရတာ။ အဖေက အမြဲတမ်း သူ့အလုပ်နဲ့သူ ရှုပ်နေတယ်။ မနက်မိုးလင်းတိုင်း ကလေးတွေကို နှိုးရတာ အမေ၊ ကျောင်းဝတ်စုံတွေ မီးပူတိုက်ရတာ

www.burmeseclassic.com



အမေ၊ မနက်စာ ပြင်ကျွေးရတာ အမေ၊ ကျောင်းမှာ မဖွယ်မရာတွေ မလုပ်ဖို့ သင်ပေးရတာ အမေ၊ ဈေးသွားရတာ အမေ။ အမေ့ခမျာ သဗ္ဗရုန်ပေါင်း အကုန်လုပ်ရရှာတာပါ။

ဒါပေမဲ့ အမေက မိန်းမတွေ အပြင်မထွက်ရဘူး။ ထွက်ရင် အမျိုးမတော်တဲ့ ယောကျ်ားတွေနဲ့ စကားမပြောရဘူးလို့ နိုရမ်ကျမ်းစာထဲမှာ ပါတယ်လို့ ထင်နေတုန်း။ အဖေက ဒီလိုပြောတတ်ပါတယ်"

"မိန်းမရယ်... ခေါင်းမြီးခြုံထားရုံနဲ့ မလုံပါဘူးကွာ၊ နှလုံးသားလုံခြုံဖို့ အရေးကြီးတာပါ"

ဟု ပြောလိုက်ပါတယ်။

○

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

## ရုပ်ပွားတော်များ ဖျက်ဆီးခံရခြင်း

တာလီဘန်တွေက ကျွန်မတို့ရဲ့ ဂီတကို ဖျက်ဆီးတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတွေကို မိုင်းခွဲဖျက်ဆီးတယ်။ ပြီးတော့ ကျွန်မတို့ရဲ့သမိုင်းကို ဖျက်ဆီးတယ်။ ကျွန်မတို့ ကံကောင်းပါတယ်။ နိဗ္ဗာန်ဘုံတမျှ သာယာလှပတဲ့ စိမ့်စမ်းရေတံခွန် အသွယ်သွယ်နဲ့ ဆွက်ဒေသမှာ လူဖြစ်ရလို့လေ။ လည်ပတ်ကြည့်ရှုစရာတွေက မကုန်နိုင် မခန်းနိုင်၊ သဘာဝကန်တော်ကြီးတွေ ရှိတယ်။ ရှေးဘုရင်တို့ရဲ့ နန်းတော်ရာတွေ၊ ဗုဒ္ဓရုပ်ပွားတော်ကျောက်ဆင်းတုကြီးတွေ။ ပြီးတော့ ကျွန်မတို့ ဆွက်ဒေသ အစ္စလာမ်သုခမိန်ကြီးရဲ့အုတ်ဂူ စသဖြင့် စသဖြင့်ပေါ့။ အဲဒီနေရာအားလုံးမှာ အင်မတန်ကြီးတဲ့ ဓာတ်လမ်းတွေရှိတယ်။

တာလီဘန်တွေ ဖျက်ဆီးခဲ့တဲ့ ရှေးမဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးတွေနားမှာ ကျွန်မတို့ ကစားကြတာပါ။ ဒီကျောက်ဆင်းတုတော်ကြီးတွေဟာ ခုဋ္ဌန်ဘုရင်မင်းမြတ်များ လက်ထက်ကတည်း

www.burmeseclassic.com

www.burmeseclassic.com



တာ ရှိခဲ့တာ နှစ်ပေါင်းတစ်ထောင်ကျော်ပြီပေါ့။ တာလီဘန်တွေက ဒီဆင်းတုတော်ကြီးတွေ၊ ရှေးဟောင်းပန်းချီကားတွေဟာ မရှိအပ်၊ မထားအပ်တဲ့ အရာတွေလို့ ယုံကြည်ကြတယ်။ အဲဒီနေ့ဟာ သိပ် အဖြစ်ဆိုးတဲ့နေ့ပါ။ ဂျီဟဒ်နာဘက် တောင်ကမ်းပါးယံမှာ ထွင်း ထုထားတဲ့ ရောမကျောက်ဆင်းတုကြီးရဲ့ မျက်နှာတော်ကို မိုင်းခွဲ ဖျက်ဆီးကြတယ်လေ။ အဲဒီနေရာကို မင်ရိုရာကမောင်းရင် နာရီ ဝက်ပဲ ကြာပါတယ်။

ကျောက်သားနံရံထဲမှာ ထွင်းထုထားတဲ့ ဆင်းတုတော်ကြီး ဟာ ဘုဏ်တော်နှစ်ဆယ့်သုံးပေမြင့်ပြီး ကောင်းကင်ကို ထိုးထွက် နေတာ။ ရှေးဟောင်းသုတေသနပညာရှင်တွေရဲ့ အဆိုအရ ဒီ ဆင်းတုတော်ကြီးဟာ အာဖဂန်မှာ တာလီဘန်တွေ ဖောက်ခွဲဖျက် ဆီးပစ်လိုက်တဲ့ ဆင်းတုတော်ကြီးနဲ့ပါး သမိုင်းတန်ဖိုး ကြီးမား တယ်တဲ့။ ဒီရုပ်ပွားတော်ကြီးကို ဖျက်ဆီးဖို့ သူတို့နှစ်ကြိမ်တိုင် တိုင် ကြိုးစားရတယ်။ ပထမတစ်ကြိမ်က ကျောက်သားထဲကို လွန်နဲ့ဖောက်ပြီး ဒိုင်းနမိုက်တွေ ထည့်ရတယ်။ ဒါပေမဲ့ အဲဒီတစ် ကြိမ်က မပြိုဘူး။ ၂၀၀၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ မှာထပ်ပြီး ကြိုးစားပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဆင်းတုတော် ကြီးရဲ့မျက်နှာ အတော်ပျက်စီးသွားတယ်။

ခုနှစ်ရာစုကတည်းက ကျွန်မတို့ တောင်ကြားဒေသကို ငုံ့ကြည့်နေတဲ့ ရှင်တော်မြတ်ဘုရားရဲ့ မျက်နှာတော်ကြီး ပျက်စီး သွားခဲ့ပါတော့တယ်။ ဒီလိုနဲ့ တာလီဘန်တွေဟာ ယဉ်ကျေးမှု အနုပညာ၊ ပန်းချီ ပန်းပုလက်ရာနဲ့ သမိုင်းရဲ့ ရန်သူတွေ ဖြစ် သွားပါတော့တယ်။ ဆွက်ယဉ်ကျေးမှုပြတိုက်ထဲက ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



အမွေအံနှစ်တွေကိုလည်း လုံခြုံတဲ့နေရာကိုတွေ့ပြီး ဝှက်ထားကြရတယ်။ သူတို့က အပေါင်းမှန်သမျှ ဖြိုချဖျက်ဆီးပစ်ပြီး အသစ်နဲ့ အစားထိုးတာလည်း တစ်ခုမှ မရှိပါဘူး။

မြထွက်တဲ့ တောင်ကြီးကိုလည်း သူတို့ သိမ်းယူလိုက်တယ်။ အဖိုးတန် မြကျောက်တွေကို ရောင်းစားပြီး လူသတ်လက်နက်တွေ ဝယ်တယ်၊ သစ်တောတွေကို ခုတ်ရောင်းတယ်။ သစ်ခုတ်သမားတွေဆီက ခေါင်းပုံဖြတ်လိုက်သေးတယ်။ သစ်တင်တဲ့ကားတွေဆီလည်း ဂိတ်ကြေးမတရားတောင်းတယ်။

တာလီဘန်တွေဟာ ရွာတွေထဲကို အသံချဲ့စက်တွေနဲ့ စစ်သွေးကြွတွေ ဝင်လာတယ်။ ရဲတွေ ထွက်ပြေးကြကုန်တယ်။ ရဲတွေထွက်ပြေးရင် ရွာတွေကို သိမ်းယူတယ်။ ရက်ပိုင်းအတွင်းမှာ ရွာပေါင်းငါးဆယ်တို့မှာ သူတို့လက်အောက် ကျရောက်သွားပါတော့တယ်။

○

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

## ဆွက်ဒေသမှ ကြိမ်းဝါးသံ

ဒီအကြောင်းတွေကို တင်ပြရရင် ကြီးမားတဲ့ မှတ်တမ်းတစ်ခု ဖြစ်သွားနိုင်ပါတယ်။ တာလီဘာန်တွေဟာ သူတို့ သိမ်းယူထားတဲ့ ရွာတွေကို သူတို့အစိုးရပုံစံတွေ ထုတ်ပြန်ကြေညာတယ်။ သူတို့ထုတ်ထားတဲ့ အမိန့်တွေကို မလိုက်နာပါက ရက်စက်စွာ အပြစ်ရှင်းလေသည်။ ရွာများသည် သူတို့၏အမိန့်ကို လိုက်နာကြလေသည်။ တာလီဘာန်များသည် ရွာသားတွေကို စည်းရုံးကြလေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ လောလောဆယ် အစိုးရတွေဘာမှမတတ်နိုင်အောင် ဖြစ်နေတယ်။

မကြာမီရက်ပိုင်းတွင် အစိုးရတပ်တွေ ဆွက်ကို ဝင်လာပါတယ်။ စစ်ကားသံတွေ၊ ရဟတ်ယာဉ်သံတွေ ဆူညံသွားတယ်။ ပထမဆုံး ရဟတ်ယာဉ်တွေ ဆင်းလာတော့ ကျွန်မတို့ ကျောင်းမဆင်းသေးဘူး။ သူတို့ဟာ တာလီဘာန်တွေကို တိုက်ထုတ်ဖို့ ရောက်ရှိလာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန် လူတစ်ယောက်က ကျွန်မတို့ကို လမ်းမှာ ပြောပါတယ်။ ဗလီမှာ ကြေညာနေတယ်တဲ့။ နောက်တစ်နေ့က စပြီး နေဝင်မီးငြိမ်းတဲ့။ နေဝင်မီးငြိမ်းဆိုတာ ကျွန်မတို့ မသိကြပါဘူး။ ဒါပေမဲ့ အားလုံး လန့်နေကြပါတယ်။ နောက်တစ်နေ့မှာ တိုက်ပွဲတွေ စဖြစ်သည်။ တီဗီမှာ ကြေညာသည်။ ကျောင်းတွေအားလုံး ပိတ်လိုက်ရပါပြီ။ အိမ်မှာနေပြီး သတင်းတွေကို နားစွင့်နေကြရပါတယ်။ သေနတ်သံတွေ ကျယ်လောင်စွာကြားနေရပါတယ်။ စစ်တပ်က လက်နက်အင်အား လူအင်အား အဖုံကြီးသာတဲ့အတွက် သိပ်မကြာခင်အတွင်း တောင်ကြားဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဖက်ဇ်လူလာရဲ့ ဌာနချုပ် အင်မယ်ဒါရီကိုလည်း သိမ်းလိုက်တယ်။

BURMESE CLASSIC

စစ်သွေးကြွတွေ နီးရာတောတွေ၊ တောင်တွေဆီကို ထွက်ပြေးကြတယ်။ ရန်သူအားလုံးကို မောင်းထုတ်ပြီးကြောင်း စစ်တပ်က ကြေညာတယ်။ ဒါပေမဲ့ တာလီဘန်တွေကို စစ်တပ်က အပြီးအပိုင် ချေမှုန်းနိုင်ခြင်းမရှိ။ အဖေကတော့ "ပွဲမပြီးသေးပါဘူးကွာ"ကို ပေါ့ဟိန်းထုတ်ပါတယ်။ အဖေပြောတာ မှန်တယ်။ တာလီဘန်ခေါင်းဆောင် လေးယောက် အနယ်နယ် အရပ်ရပ်မှာ ရောက်လာပြီး အစိုးရကို စစ်ကြေညာဖို့ ပြင်ကြတယ်။ တပ်သားအင်အား ၄၀၀၀၀ ရထားတယ်လို့ ကြေညာတယ်။

တာလီဘန်တွေရဲ့ပစ်မှတ်က နိုင်ငံရေးသမားတွေ၊ ပါလီမန်အမတ်တွေ၊ ရဲတွေသာမကတော့ဘူး။ ခေါင်းမြီးမခြုံတဲ့ အမျိုးသမီးတွေ၊ သတ်မှတ်ထားတဲ့ အလျားအတိုင်း မုတ်ဆိတ်ရှည်မထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူတွေ၊ သတ်မှတ်ထားတဲ့အဝတ် မဝတ်တဲ့ လူတွေဆီကိုပါ သူတို့သေနတ်ပြောင်း လှည့်ထားတယ်။

ဒီဇင်ဘာလ ၂၇ ရက်နေ့ ကလီယာတွက်ပန်းခြံမှာ လူထုကို ဘေနာဇီယာက ရွေးကောက်ပွဲမိန့်ခွန်း ပြောပါတယ်။ အဲဒီနေရာက ရဝါပင်ဒီက ပန်းခြံတစ်ခုပါ။ ကျွန်မတို့ရဲ့ ပထမဆုံး ဝန်ကြီးချုပ် **လီယာကွတ်အလီ** လုပ်ကြံခံရတဲ့ နေရာပေါ့။

**"အဲဒီ တစ်ဖက်စွန်းသမားတွေ စစ်သွေးကြွတွေကို ကျွန်မတို့ရဲ့ ပြည်သူ့အင်အားနဲ့ အနိုင်တိုက်မယ်"**လို့ ကြေညာတော့ လက်ခုပ်ဩဘာသံတွေ သိပ်သိပ်ညံသွားတယ်။ သူကတိုယိုတာ ကျည်လုံကားထဲမှာ ထိုင်ပြီးပြောနေတာပါ။ ဟောပြောပြီးလို့ ပန်းခြံထဲက အထွက်မှာ ပရိသတ်ကို နှုတ်ဆက်ဖို့ ထရပ်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ စက်သေနတ်သံတွေ ဆူညံသွားပါတယ်။ အပြင်ကလည်း ဗုံးပစ်တယ်။ အသေခံဗုံးခွဲသမားတစ်ယောက်က ဘေနာဇီယာရဲ့ကားနံဘေးမှာကပ်ပြီး ဖေါက်ခွဲလိုက်ပါတယ်။ သူလည်း တစ်စစီ ဖြစ်သွားတယ်။ ဘေနာဇီယာလည်း နောက်လန်ကျသွားတယ်။

ကျွန်မတို့က တီဗီမှာ သတင်းထိုင်ကြည့်နေတာပါ။ အဘွားကပြောတယ်။ "ဘေနာဇီယာ မသေပါဘူး၊ ဒဏ်ရာတော့ ရှိချင်ရှိမှာပါ၊ သေသော်လည်း ငရဲ မလားပါဘူး"လို့ ပြောပါတယ်။ ကျွန်မတို့အားလုံး ထိုင်ငိုကြတယ်။ ပြီးတော့ မသေပါနဲ့လို့ ဆုတောင်းကြတယ်။ သေသွားပြီလို့ သိလိုက်တဲ့ အချိန်မှာ ကျွန်မနှလုံးသားရဲ့ ပဲ့တင်သံကို ကျွန်မ ပြန်ကြားလိုက်ပါတယ်။ နင် ဘာတွေစဉ်းစားနေတာလဲ၊ သွားပြီလို့ အမျိုးသမီးအခွင့်အရေး တိုက်ပွဲကို မစသေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့တစ်တွေ ဒီမိုကရေစီကို လိုချင်နေကြပါပြီ။ ရေငတ်သလို ငတ်နေကြပါပြီ။ လူတွေက ပြောလာကြပါပြီ။

"ဘာနာဇီယာ သေပြီဆိုရင် ဘယ်သူမှ မလုံခြုံတော့ဘူး" တဲ့။ ကျွန်မ စိတ်ထဲမှာ ကျွန်မတို့တိုင်းပြည် လမ်းဆုံးရောက်နေပြီလား၊ မျှော်လင့်စရာ မရှိတော့ဘူးလား။ မူရှာရဖ်က ဘာနာဇီယာကို သတ်တာ ဘောတူလာမဲ့ဆာဒ်ရဲ့ လက်ချက်လို့ စွပ်စွဲတယ်။ အဲဒီတီတီပီခေါင်းဆောင်နဲ့ စစ်သွေးကြွတွေ ဒီလုပ်ကြံမှုအတွက် ပြောဆိုတိုင်ပင်နေတဲ့ အပြန်အလှန် တယ်လီဖုန်းသံတွေ သူ မိထားတယ်လို့လည်း ပြောတယ်။ ဘောတူလာက ဒါကို ငြင်းတယ်၊ ထုံးစံအရ တာလီဘန်တွေက ဒါမျိုးကို ဂုဏ်ယူတာပါ။

အဖေ့ကို ကျွန်မ မေးကြည့်ပါတယ်။ အဖေက ရှင်းပြပါတယ်။

"အဖေတို့မှာ ရွေးစရာလမ်း မရှိဘူး သမီး၊ ခိုရမ်သင်ဖို့ သူတို့လို ဆရာတွေဆီမှာပဲ သင်ရမှာပဲ၊ သူတို့ဆီက စာပဲသင်၊ သူဖွင့်ဆိုတဲ့ အနက်အဓိပ္ပာယ်တွေ မယူနဲ့၊ ဘုရားသခင်ရဲ့နှုတ်ကပါဠ်တော်ကိုသင်၊ ပြီးတော့ ကိုယ့်ဘာသာကို အနက်ဖွင့်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

## မာလာလာဟာ တို့အားလုံးရဲ့သမီး

"မာလာလာက နိုင်ငံရေးလုပ်ဖို့ လူဖြစ်လာတာ"

ဝါရင့်နိုင်ငံရေးသမားကြီးများ၊ ဆရာ ဆရာမအားလုံး ပြောဆိုကြတယ်။ မှတ်ချက်စကားများ ပြောဆိုကြတယ်။ သူတို့ပြောသလို ကျွန်မဟာ နိုင်ငံရေးလုပ်ဖို့ဆိုတာ တကယ်ပဲလား၊ ကျွန်မကိုယ်တိုင် မတွေးမိခဲ့တာ အမှန်ပါ။ ကျွန်မရဲ့ဆန္ဒအမှန်မှာ မိန်းကလေးတွေ စာသင်ရေး၊ လူသားအားလုံး ချစ်ချစ်ခင်ခင် နေထိုင်ရေး၊ အနိုင်ကျင့် မိုလ်ကျသူများကို တွန်းလှန်ရေးတို့ ဖြစ်ပါသည်။

ကျွန်မတို့ဒေသ အပါအဝင် အခြားဒေသတွေမှာ တာလီဘန်တွေ၏ ရက်စက်မှုကြောင့် သေကြေပျက်စီး ဒုက္ခရောက်နေကြတာကို တွေ့ရ ကြားရတော့ စိတ်ထဲမှာမကောင်း ဖြစ်မိပါတယ်။ ဒီလူတွေကို ဘယ်လိုပုံစံမျိုးနှင့် ကူညီရမလဲ ဆိုတာ တွေးနေမိသည်။ အဖေကတော့ ညနေစောင်းလျှင် သူ့အဖွဲ့များနဲ့ နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးကြပါတယ်။ အဲဒီအထဲမှာ ကျောင်းဆရာများ ကုန်သည်များ၊ ဟိုတယ်ပိုင်ရှင်များ ပါဝင်ကြသည်။

အဲဒီလို နိုင်ငံရေးဆွေးနွေးကြရင် ကျွန်မက လက်ဖက်ရည်ဖျော်တိုက်ပြီး သူတို့ ပြောတာတွေကို အသာလေးငြိမ်ပြီး နားထောင်နေပါတယ်။

"မာလာလာဟာ ဗီယာအူဒင် တစ်ယောက်တည်းရဲ့သမီး မဟုတ်ဘူး။ တို့အားလုံးရဲ့သမီး"

ဟု သူတို့ ပြောတတ်ကြပါတယ်။ အဖေကတော့...

"ဆွက်မှာ ရောက်နေတဲ့ တာလီဘန်တွေဟာ စစ်တပ်က လူတချို့နဲ့ အစိုးရပိုင်းက လူတချို့ကြောင့် သက်ဆိုးရှည်နေတာ။ နိုင်ငံတော်အစိုးရဆိုတာ ပြည်သူတွေရဲ့ အခွင့်အရေးကို ကာကွယ်ရပါတယ်။ ဒါပေမဲ့ ခုအချိန်မှာပြောဖို့ တော်တော်ခက်ခဲပါတယ်။ အစိုးရကို အားကိုးရမှာလား၊ ဘယ်သူ့ကို အားကိုးရမှာလဲ"

လို့ ပြောတတ်ပါတယ်။ ကျွန်မတို့ရဲ့ စစ်တပ်နဲ့ စစ်ထောက်လှမ်းရေး(အိုင်အက်စ်အိုင်)ဟာ အလွန်အမင်း အင်အားတောင့်တင်းပါတယ်။ ဒါကြောင့် ဘယ်သူ့မှ မဆန့်ကျင်ရဲကြပါဘူး။ ဒါပေမဲ့ အဖေတို့အဖွဲ့ကတော့ မကြောက်ပါဘူး။ သူတို့ကတော့ ခပ်ပြတ်ပြတ်ပဲ။ လူတွေ ရေငုံနှုတ်ပိတ်နေတာကို အဖေက သိပ်ကို ခံပြင်းနေတယ်။ လူတွေ ရေငုံနှုတ်ပိတ် နေကြတယ်။ အဲဒီလို အသံတိတ် နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

အဖေက ကျောင်းမှာ ငြိမ်းချမ်းရေးဆန္ဒပြပွဲတွေ စီစဉ်တယ်။ ကျွန်မတို့ကိုလည်း ပြောရဲဆိုရဲရှိအောင် အားပေးတယ်။ ဖြစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



မှန်တွေကို ဖွင့်ချခိုင်းတယ်။ မိုနီဆာက ချက်ဆို နားကွက်က မီးတောက်တယ်၊ အပြောလည်း မြန်တယ်။

"ကျွန်မတို့ ပက်ရှ်ထန်တွေဟာ ဘာသာရေးကို ကိုင်းရှိုင်းတဲ့ လူမျိုးတွေဖြစ်တယ်။ တာလီဘန်တွေကြောင့် ကျွန်မတို့ပါ အကြမ်းဖက်သမားတွေလို့ တစ်ကမ္ဘာလုံးက ထင်နေကြတယ်။ အဲဒီက အကြောင်းမဟုတ်ပါဘူး။ ကျွန်မတို့ဟာ ထမင်းကို ယပ်ခတ်စားချင်တဲ့ လူမျိုးတွေပါ။ ကျွန်မတို့ရဲ့ တောင်တန်းပြာတွေ၊ သစ်တောစိမ်းစိမ်းတွေ ကျွန်မတို့ရဲ့ ရောင်စုံဖုံးလွှမ်းနေတဲ့ ပန်းတွေအားလုံးဟာ ကျွန်မတို့တောင်ကြားဒေသရဲ့ ငြိမ်းချမ်းရေး သင်္ကေတတွေပါ"

ကျွန်မတို့အုပ်စုကို အေတီဗီက ဖျူးပါတယ်။ ATV ဆိုတာ ပက်ရှ်ထန်ရဲ့ တစ်ခုတည်းသော ရုပ်သံလိုင်းပါ။ စစ်သွေးကြွတွေကြောင့် ကျောင်းထွက်သွားရတဲ့ မိန်းကလေးတွေအကြောင်း ဆွေးနွေးပါတယ်။ မေးခွန်းတွေကို ဘယ်လိုဖြေရမယ်ဆိုတာ ဆရာတွေက ကျွန်မကို သင်ပေးပါတယ်။ ကျွန်မတို့အုပ်စုအားလုံး ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ် အရွယ်တွေပါ။ ကျွန်မဟာ တစ်ယောက်တည်း ဖျူးတာမဟုတ်ပါဘူး၊ အားလုံး အလှည့်နဲ့ ဖြေကြားရပါတယ်။

ကျွန်မတို့ ဆယ့်သုံးနှစ် ဆယ့်လေးနှစ် အရွယ်ရောက်လာတဲ့အခါမှာ သူငယ်ချင်းတွေရဲ့ အစ်ကိုတွေ၊ အဖေတွေက ဒီလို လုပ်ခွင့် မပေးတော့ပါဘူး။ အပျိုဖြစ်ပြီမို့ ခေါင်းမြီးခြုံရတော့မယ်လေ။ အဲဒါကြောင့်လည်း ပါတယ်။ ကြောက်တာလည်း ပါနေတာပေါ့။

o

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

## မာလာလာ သို့မဟုတ် ကြယ်ပွင့်ကလေး

အဲဒီကစပြီး ကျွန်မ ရုပ်သံတွေမှာ အင်တာဗျူး အမြဲလို ဖြေခွင့်ရလာတယ်။ တစ်နေ့မှာတော့ ကျွန်မတို့တိုင်းပြည်ရဲ့ အကြီးဆုံး ရုပ်သံလိုင်း "ဂျီထို"ကို ကျွန်မ သွားရပါတယ်။ အမယ်လေး… ရုပ်သံလိုင်းတွေက မနည်းမနောပါလား။ ရုံးခန်းတွေထဲမှာ ရိုက်ကွင်းနေရာတွေ၊ ကင်မရာတွေ အပြည့်ပဲ။ နောက်မှ ကျွန်မ စဉ်းစားကြည့်မိပါတယ်။

"မီဒီယာဆိုတာ အင်တာဗျူးတွေ လိုအပ်တာကိုး။ သူက မိန်းကလေးငယ်ကို ဗျူးချင်တယ်။ မိန်းကလေးတွေက ဗျူးခံရမှာ ကြောက်ကြတယ်။ သူတို့ မကြောက်ရင်လည်း သူတို့မိဘတွေက လုပ်ခွင့်ပေးမှာ မဟုတ်ဘူး။ ကြောက်တာကိုး။ ကျွန်မမှာတော့ သတ္တိကောင်းတဲ့ အဖေရှိတယ်၊ အဖေက ကျွန်မနောက်မှာ အမြဲရှိတယ်။ အဖေက ပြောတယ်။ သမီးက ကလေးရှိသေးတာပဲ။ သမီးမှာ ပြောရေးဆိုခွင့် ရှိတယ်"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးတွေ မကြာ မကြာ လုပ်ရလေ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာလေ ဖြစ်လာတယ်။ ကျွန်မနောက်မှာ လူတွေအများကြီး ရှိနေတယ်လို့ ခံစားရတယ်။ ကျွန်မအသက် တစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့ အရွယ်ထက်ပိုပြီး ရင့်ကျက်နေပါပြီ။ စာနယ်ဇင်းသမားတစ်ယောက်က ကျွန်မကို နာမည်တောင် မခေါ်ဘူး။ "ကြယ်ပွင့်ကလေး"တဲ့။ နောက်တစ်ယောက်ကတော့ "ပညာရဲရင့် ပွဲလယ်တင့်ကလေး"တဲ့လေ၊ ကျွန်မကတော့ နှလုံးသားထဲကကို ယုံကြည်နေတာ။ ဘုရားသခင် ကျွန်မကို စောင့်ရှောက်လိမ့်မယ်လို့။

ကျွန်မ ပြောနေတာတွေက ကျွန်မ အခွင့်အရေးပဲ။ မိန်းကလေးတွေရဲ့ အခွင့်အရေးပါ။ အဲဒါ ဘာမှားလို့လဲ။ ဒါဟာ လုပ်ကိုလုပ်ရမယ့် ကျွန်မတာဝန်ပဲ။ ဘုရားသခင်က ကျွန်မကို အားပေးမှာပါ။ နိုရမ်ကျမ်းမှာ ပါတယ်လေ။ မတရားမှုက ချုပ်ငြိမ်းသွားပြီး အမှန်တရားသည်သာ ထာဝရရှင်သန်နေလိမ့်မယ်" တဲ့။

ဖက်ခ်လူလာလို လူတစ်ယောက် အရာရာကို ဖျက်ဆီးပစ်နေတယ်။ အဲဒီအဖျက်အစီးကို မိန်းမတစ်ယောက်က ဘာလို့ ပြောင်းနိုင်ရမှာလဲ။ ကျွန်မ အဲဒီလို တွေးမိပြီး ခွန်အားတွေ ပေးသနားလို့ ဘုရားသခင်ထံမှာ ညစဉ် ဝတ်ပြုဆုတောင်းမိတယ်။

အင်တာဗျူး လုပ်တဲ့အခါ အခက်အခဲများစွာ ရှိတယ်၊ ကျွန်မတို့မှာ ကားမရှိပါဘူး။ ဒါကြောင့် အင်တာဗျူးကိစ္စတွေအတွက် သွားရတဲ့အခါ ဆိုက်ကားနဲ့ သွားရပါတယ်။ တစ်ခါတလေ အဖေ့သူငယ်ချင်းတွေက လိုက်ပို့ပေးပါတယ်။ တစ်နေ့မှာတော့ အဖေနဲ့ ကျွန်မ ဘီဘီစီ အူရဒူးကဏ္ဍကပြေး နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကျော် သတင်းစာဆရာ **ဝါစတူလာခန်း**နဲ့ ဗျူးဖို့ ပက်ရှ်ဝါကို လာခဲ့ပါတယ်။

တာလီဘာန်တွေဘက်က မွတ်စလင်ခန်း လာမယ်ဆိုပြီး စတူဒီယိုကို ရောက်မလာဘူး။ ကျွန်မ နည်းနည်းတော့ စိုးရိမ်သွား တယ်။ ဒါပေမဲ့ ဒီတစ်ခါ သိပ်အရေးကြီးတယ်ဆိုတာ ကျွန်မ သိတယ်။ ပါကစ္စတန် တစ်နိုင်ငံလုံး တီဗီရှေ့မှာ စောင့်ကြည့်နေ ကြမှာကိုး။

"တာလီဘာန်တွေက ကျွန်မရဲ့ အခြေခံအခွင့်အရေးဖြစ် တဲ့ ပညာသင်ကြားခွင့်ကို ပိတ်ပင်ရအောင် သူတို့ ဘယ်လောက် သတ္တိကောင်းလို့လဲ"

တစ်ဖက်က ဘယ်သူ့ဖြေသံမှ ပေါ်မလာပါဘူး။ သူတို့က မွတ်စလင်ခန်းနဲ့ သတ်သတ် တယ်လီဖုန်းနဲ့ အင်တာဗျူးထားတာ တဲ့။ ကျွန်မက လူတစ်ကိုယ်လုံးနဲ့ ရုပ်သံကင်မရာတွေက ပြော နေတာ။ ဘယ်မှာ အပေါက်အလမ်း တည့်နိုင်မှာလဲ။ လူတွေက ကျွန်မကို ဝိုင်းချီးကျူးကြပါတယ်။ အဖေကတော့ **"ငါ့သမီး နိုင်ငံရေးထဲ ခြေစုံပစ်ဝင်တော့"**လို့ ရယ်ပြီး ပြောတယ်လေ။

"ညည်းက မတ်တတ်ပြေးစ အရွယ်ကတည်းက နိုင်ငံရေး စကား ပြောလာတာလို့ ကျွန်မကို စကြပါတယ်။ တာလီဘာန် တွေကတော့ ကျွန်မရော အဖေ့ကိုပါ မုန်းနေကြတယ်။ တချို့ဆို လျှင် ကျွန်မရော အဖေ့ကိုပါ သတိနှင့်နေရန် တာလီဘာန်တွေက သတိပေးထားသည်။ ကျွန်မတို့ကို စောင့်ကြည့်နေတာ၊ အခိုင် အမာထက် ပိုလာလျှင် ထိပ်တိုက်ဖြေရှင်းမည်ဟု ပြောဆိုနေကြ သည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

## ကျွန်မတို့ စိတ်ဓာတ်ကို ထိန်းလို့မရ

တာလီဘန်တွေဟာ မြို့နယ်ကျေးရွာရှိ စာသင်ကျောင်းတွေကို ဖျက်ဆီးကြလေသည်။ အဲဒီအထဲမှာ နာမည်ကျော် စာသင်ကျောင်းကြီးတွေလည်း ပါဝင်လေတယ်။

ကျွန်မအဖေ ထောင်ထားတဲ့ စာသင်ကျောင်း နှစ်ကျောင်းကိုပါ ဗုံးခွဲဖျက်ဆီးခံရတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မအဖေကို မေးကြည့်ပါတယ်။

"သူတို့သမီးတွေကျတော့ ဘယ်လိုလုပ်မလဲ။ စာမတတ်စေချင်ကြဘူးလား"

လို့ မေးဖူးပါတယ်။ အဖေကတော့ စိတ်သောက တော်တော်ကို ရောက်နေပါတယ်။ အလားတူ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အစည်းအဝေးတစ်ခုမှာ အဖေက အသက်ငယ်ငယ် မိန်းကလေးတစ်ယောက်ကို ပွေ့ချီပြီး ပြောဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ပါ။ ဒီကလေးတွေကို ကျွန်တော်တို့ စာမတတ်တဲ့ အနုံညာကကလေးတွေဖြစ်အောင် လုပ်ကြမှာလား"

ဟုပင် ဖြစ်တော့ယ်။ အဖေဟာ ပညာရေးနဲ့ ပတ်သက်လာရင် စိတ်အားထက်သန်စွာ ပြုလုပ်တတ်သလို တန်ဖိုးလည်းထားတယ်။ အဲဒါကြောင့် ကျွန်မတို့ မောင်နှမကို ကျောင်းထွက်ဖို့ တစ်ခါမှ မပြော။ စာကို ကြိုးစားသင်ရန်သာ ဆုံးမကြလေတယ်။ တာလီဘာန်တွေက ရေဒီယိုက အသံလွှင့် အမိန့်ထုတ်တယ်လေ။ မိန်းကလေးကျောင်း အားလုံး ပိတ်ရမယ်တဲ့။ မိန်းကလေးတွေ လုံးဝကျောင်းမတက်ရဘူးတဲ့ ကျွန်မတို့ကို ကျောင်းမသွားဖို့ သူတို့ ဘယ်လို တားနိုင်မှာလဲပေါ့။

သူငယ်ချင်းတွေကို ကျွန်မ ပြောတယ်။

"သူ့မှာ အဲဒီလိုလုပ်ဖို့ ဘာအာဏာပါဝါမှ မရှိဘူးလေ။ အလကား လေကျယ်နေတာ၊ တောင်ကြီးကို ဖြိုချနိုင်တယ်။ ဖျက်ဆီးနိုင်တယ်နဲ့၊ လမ်းတောင် သူတို့မဖောက်နိုင်ပါဘူး"

သူငယ်ချင်းတွေက ဒီတစ်ခါ ကျွန်မကို မထောက်ခံကြဘူး။ သူတို့က ပြန်မေးတယ်။

"ဘယ်သူတွေက သူတို့ကို တားရဲလို့လဲ။ ကျောင်းတွေ ရာပေါင်းများစွာ ဖျက်ဆီးပြီးပြီ။ ဘယ်သူက ဘာအရေးယူခဲ့လို့လဲ"

တဲ့။ အဖေကတော့ ပြောပါတယ်။

"ကျွန်တော်တို့ ကျောင်းကဆရာတွေဟာ နောက်ဆုံးစာသင်ခန်းတစ်ခန်း ကျန်တဲ့အထိ နောက်ဆုံးကျောင်းသားတစ်ယောက် ကျန်တဲ့အထိ သင်မယ့်ဆရာတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေတယ်။

အဖေနဲ့ အမေဟာ ကျွန်မကို ကျောင်းထွက်ဖို့ ဘယ်တော့မှ မပြောပါဘူး။ ကျွန်မတို့ မိသားစုဟာ ကျောင်းကိုချစ်တယ်၊ တာလီဘန်တွေက ကျောင်းတွေကိုဖျက်ဆီး၊ ပညာရေးကို တားဆီးပိတ်ပင်တဲ့အခါမှာမှ ကျောင်းဆိုတာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်မတို့ ပိုသိလာတယ်။

ကျောင်းသွားတယ်။ စာကျက်တယ်။ အိမ်စာတွေ လုပ်တယ်ဆိုတာဟာ သက်သက် အချိန်ဖြုန်းတာ မဟုတ်ပါဘူး။ ဒါဟာ ကျွန်မတို့ရဲ့ အနာဂတ်ပါ။

တာလီဘန်တွေဟာ ကျွန်မတို့အားလုံးရဲ့ စာအုပ်တွေ၊ ခဲတံတွေကို သိမ်းချင် သိမ်းသွားလိမ့်မယ်။ ဒါပေမဲ့ ကျွန်မတို့ စိတ်ဓာတ်ကိုတော့ သိမ်းလို့မရပါဘူး။

o

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

## မမေ့နိုင်တဲ့ ဗုဒ္ဓဟူး

ဇန်နဝါရီလ ၁၄ ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှာပေါ့၊ အဲဒီနေ့ မနက် အိပ်ရာကနိုးတော့ ကျွန်မအခန်းထဲမှာ တီဗီကင်မရာတွေ ရောက်နေတာ တွေ့ရပါတယ်။ ပါကစ္စတန်လူမျိုး တီဗီ သတင်း ထောက် အာဖန်အရှမ်ဖ်က ကျွန်မကိုလိုက်ရှာပြီး ရောက်လာတာ တဲ့။ သွားတိုက်ရင်း ကျွန်မ ဘုရားတ,နေမိတယ်။

အဖေ့မျက်နှာ သိပ်မသာဘူးလို့ ကျွန်မ အကဲခတ်မိလိုက် ပါတယ်။ သူ့သူငယ်ချင်းတစ်ယောက်က နယူးယောက်တိုင်း အတွက် သတင်းဇာတ်လမ်းကိုရိုက်ဖို့ အဖေ့ကို စည်းရုံးခဲ့တာပါ။ ကျွန်မတို့ဆီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကမ္ဘာကသိအောင် လို့တဲ့လေ။ မကြာခင်က ပက်ရှ်ဝါမှာ အမေရိကန်ဗီဒီယိုသတင်း ထောက် အဒမ်အီလစ်နဲ့ ကျွန်မတို့ တွေ့ခဲ့တယ်။ အဲဒီမှာရယ် စရာအဖြစ်နဲ့ ကြုံခဲ့ရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အကြာကြီး အမေးအဖြေ လုပ်နေတုန်း ကျွန်မက ငြိမ်ငြိမ်လေး ထိုင်နားထောင်နေတယ်။ သူတို့နှစ်ယောက် အင်္ဂလိပ်လို ပြောနေကြတာပါ။ ကျွန်မ တစ်ခွန်းမှ ဝင်မပြောဘူး။ နောက်မှ ကျွန်မကို မေးပါတယ်။ အာဖန်ကို စကားပြန်လုပ်ခိုင်းပြီး မေးတာပါ။ ဆယ်မိနစ်လောက်ကြာတော့ သူပြောတာတွေကို အာဖန် ဘာသာပြန်မပေးခင် ကျွန်မ နားလည်နေတယ်ဆိုတာ သူ ရိပ်မိသွားတယ်။ အဲဒီတော့မှ **"မင်း အင်္ဂလိပ်စကား ပြောနိုင် လား"** လို့ မေးတယ်။ ကျွန်မက ပြောနိုင်ကြောင်း ခေါင်းညိတ်ပြပြီး…

"ဟုတ်ကဲ့… ခု ကျွန်မတို့ ဆွေးနွေးနေတာ ကျွန်မရင်ထဲမှာ ကိန်းအောင်းနေတဲ့ အကြောက်တရား အကြောင်းနော်"

လို့ ပြန်မေးလိုက်တော့ သူ အံ့အားသင့်သွားတယ်။

"ဟာ… ဒုက္ခပါပဲ၊ သူက ခင်ဗျားတို့နှစ်ယောက်ထက်တောင် အင်္ဂလိပ်စကားပြော ကောင်းသေးတယ်၊ အဲဒါကို ကျုပ်က စကားပြန်ကတစ်ဆင့် မေးနေတယ်။ သေပါတော့ကွာ"

တဲ့။ ကျွန်မတို့အားလုံး ပွဲကျသွားပါတယ်။

သူတို့လိုချင်တဲ့ သတင်းတွေက ကျောင်းတွေပိတ်ထားရတယ်၊ ကျောင်းတွေ အဖျက်အဆီး ခံနေရတာ အဖေ ဘယ်လိုခံစားရသလဲဆိုတာ အဓိကပါ။ ဒါပေမဲ့ ပြီးသွားတော့ အာဖန်က ကျွန်မကို ဆက်မေးတာပါ။ ဒါပေမဲ့ ဆွက်ကို အဒမ် ပါမလာပါဘူး။ နိုင်ငံခြားသားတစ်ယောက်အတွက် သိပ်အန္တရာယ်များလို့ သူ ပါမလာတာပါ။ အာဖန်နဲ့ ကင်မရာသမားတွေ ရောက်လာတော့ ကျွန်မဦးလေးက အထိတ်တလန့်နဲ့ ကင်မရာတွေကို လူမမြင်အောင်ဝှက်ဖို့ တဖွဖွ ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း အိမ်ကို သူ့တို့အဖွဲ့ ရောက်လာတာ ပြဿနာဖြစ်နိုင်တဲ့ အကြောင်းလည်း အပ်ကြောင်းထပ်နေလေရဲ့။ ကင်မရာတွေ ဝှက်ထားဖို့ပြောလို့ ကျွန်မ အခန်းထဲမှာ လာဝှက်ထားကြ တာတဲ့လေ။ ဒါပေမဲ့ သူတို့က နယ်စွန်နယ်ဖျားရောက် အောင် တကူးတက လာခဲ့ကြတာ။ ကျွန်မတို့ ပက်ရှိထန်တွေရဲ့ ခေည့်ဝတ် ကျေပွန်မှု ထုံးစံကလည်း ရှိနေတော့ ကျွန်မတို့ မငြင်း နိုင်ကြပါဘူး။ ပြီးတော့ အဖေက သဘောပေါက်တယ်။ ခုမှ ကျွန်မတို့ပြော တစ်ကမ္ဘာလုံးကြားမှာတဲ့။ အဖေ့သူငယ်ချင်းတွေက လည်း ဝိုင်းပြောကြတယ်။

"ဟုတ်တယ်... ခုမှ မင်းလက်ထဲကို တစ်ကမ္ဘာလုံးကြား နိုင်မယ့် အော်ပီကျယ် ရောက်လာတာ"တဲ့။

တီဗီအင်တာဗျူးတွေ ကျွန်မ အများကြီး လုပ်ဖြစ်ပါတယ်။ ကင်မရာရှေ့မှာ ပြောရတာလည်း သဘောကျပါတယ်။ အရင် တုန်းက တစ်ခါမှ တီဗီမရိုက်ဖူးဘူးလေ။ အာဖန်က ကျွန်မကို ရိုးရိုးလေး လှုပ်ရှားသွားဖို့ ပြောနေကျအတိုင်း ပြောဖို့ သင်ပေးပါ တယ်။ သိပ်တော့ မလွယ်ဘူး၊ ကင်မရာက ကျွန်မသွားလေရာ လိုက်ရိုက်နေတာ။ သွားတိုက်တာ၊ မျက်နှာသစ်တာကအစ ရိုက် တာ။ ဝတ်လို့မရတော့တဲ့ ကျောင်းဝတ်စုံတွေကို ကျွန်မ ထုတ်ပြ တယ်။ ကျောင်းသွားနေတုန်း တာလီဘန်တွေနဲ့တိုးမှာ ကြောက် တဲ့အကြောင်း၊ မျက်နှာကို အက်စစ်နဲ့ ပက်ခံထိမှာကို အရမ်း ကြောက်တဲ့အကြောင်းတွေ ကျွန်မ ပြောပြပါတယ်။ အဲဒါက အာဖဂန်နစ္စတန်မှာ သူတို့လုပ်နေကျပဲလေ။

○

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

## အမေရိကန်မှ ဖုန်းခေါ်သံ

တီဗီသမားတွေနဲ့ ကျွန်မ အလုပ် ဆက်လုပ်ရပါတယ်။ အင်မရာရှေ့မှာ ကျွန်မ ဆက်ပြောနေပါတယ်။

"သူတို့ ကျွန်မတို့ကို တားလို့မရပါဘူး။ ပညာဆက်သင်ရပါ။ ကျောင်းမသွားရလည်း အိမ်မှာသင်မှာပေါ့။ ဒါမှမဟုတ် တစ်နေရာရာမှာပေါ့။

ကမ္ဘာကြီးကို မေတ္တာရပ်ခံချင်တာ အဲဒါပါ။ ကျွန်မတို့ ကျောင်းတွေကို ကယ်ကြပါ။ ပါကစ္စတန်ကို ကယ်ကြပါ။ ကျွန်မတို့ ဆွတ်တောင်ကြားဒေသကို ကယ်ကြပါ"

အိမ်ပြန်ရောက်တော့ ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတယ်။ တော်တော်နဲ့ တိတ်လို့မရပါဘူး။ အားလုံး ဆုံးရှုံးသွားပြီလို့ စိတ်ထဲ ထင်လိုက်တယ်။ ကျွန်မက အတန်းထဲမှာ သူငယ်ချင်းတွေကို ပြောပါတယ်။ တာလီဘာန်တွေ ဒီအတိုင်း ဆက်သွားနိုင်ပါဘူးလို့။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘာသားနဲ့ လုပ်ထားတာမို့လို့လဲ။ ငါတို့ရဲ့ နိုင်ငံရေးသမားတွေလိုပဲ နေမှာပေါ့။ အလကား မိုးတစ်လုံး လေတစ်လုံး လျှောက်ပြောပြီး ဘာတာဝန်ခံမှုလဲ အလုပ်ဖြစ်တာ မဟုတ်ဘူး"

ဟု ပြောမိပါတယ်။ ကျွန်မ စဉ်းစားရပါပြီ။ ဖက်ရှိဝါကို သွားရမလား၊ နိုင်ငံခြားကို လစ်ရမလား။ ဒါမှမဟုတ် ဆရာတွေခေါ်ပြီး အိမ်မှာ တိတ်တိတ်လေး သင်ရမလား။ အဲဒီနောက်ပိုင်းမှာ တီဗီနဲ့ ရေဒီယိုအင်တာဗျူးတွင် တတ်နိုင်သမျှ လုပ်ဖြစ်ခဲ့ပါတယ်။

"ကျွန်မတို့ကို ကျောင်းမသွားရအောင်ဘဲ သူတို့လုပ်နိုင်မယ်၊ စာမသင်နိုင်အောင်တော့ မလုပ်နိုင်ပါဘူး"

ကျွန်မ အားနဲ့ မာန်နဲ့ ပြောပါတယ်။ မျှော်လင့်ချက်အပြည့်နဲ့လိုလို ဘာလိုလိုနဲ့ပေါ့။ ဒါပေမဲ့ ကျွန်မရင်ထဲမှာတော့ စိုးရိမ်စိတ်တွေ လှိုင်းကြက်ခွပ် ခုန်နေပါတယ်။ ကျွန်မတို့သားအဖ ပက်ရှ်ဝါကို ထွက်လာပြီး ဆွက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ နေရာတော်တော်များများကိုသွား၊ လူတော်တော်များများကိုတွေ့ပြီး ရှင်းပြပါတယ်။

အဲဒီတွေ့ဆုံပွဲတွေမှာ ကျွန်မဟာ အရွှန်းကဲလေး ဖောက်လိုက်သေးတယ်။

"တာလီဘန်တွေက အမျိုးသမီးဆရာဝန်တွေ၊ ကျောင်းဆရာမတွေ လိုချင်ပါတယ်လို့ ကြွေးကြော်နေပြီး၊ မိန်းကလေးကျောင်းတွေကျတော့ လိုက်ပိတ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပါတယ်။ မွတ်စလင်ခန်းက ပြောတယ်လေ။ မိန်းကလေးကျောင်း မသွားရဘူးလို့ တားတာ တခြားကြောင့် မဟုတ်ဘူး။ အနောက်တိုင်းယဉ်ကျေးမှုတွေ ဝင်လာမှာစိုးလို့တဲ့။ ဒီလေသံ ထွက်လာတာဟာ အမေရိကန်မှာ အကြာကြီးနေလာတဲ့ လူတစ်ယောက်ဆီကပါ။ သူက ပြောသေးတယ်။ သူ့ကိုယ်ပိုင် ပညာရေးစနစ်ကို ချပေးမယ်တဲ့။

အဖေက မေးခွန်းထုတ်ပါတယ်။

"နားကြပ်နဲ့ သာမိုမီတာအစား လူနာကို ဆေးကုဖို့ ဘာ ပစ္စည်း သုံးမလဲ။ အဲဒီလိုပစ္စည်းမျိုး ငါတို့တိုင်းပြည်က ထုတ်နိုင်လို့လား"

တာလီဘန်တွေက လက်ရှိပညာရေးစနစ်ကို ဘာလို့တိုက်နေသလဲဆိုရင် ကလေးတစ်ယောက် အင်္ဂလိပ်စာဖတ်တတ်ပြီး သိပ္ပံပညာသင်ပြီဆိုတာနဲ့ သူတို့က အဲဒီကလေး နိုင်ငံခြားသြဇာ ခံဖြစ်သွားပြီလို့ ယူဆကြသတဲ့။ ကျွန်မက ဝင်ပြောပါတယ်။

"ပညာရေးဟာ ပညာရေးပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ သင်ယူရမယ်၊ ပြီးမှ ကြိုက်တဲ့လမ်းကို ရွေးပေါ့"

ပညာရေးဆိုတာ အရှေ့ရယ်၊ အနောက်ရယ် ခွဲခြားလို့ရပါ့မလား၊ လူအားလုံးနဲ့ ဆိုင်တဲ့ကိစ္စပဲ။

အမေက ကျွန်မကို ပြောတယ်။ မီဒီယာနဲ့ စကားပြောရင် ခေါင်းမြီးခြုံနဲ့ ပြောသင့်တယ်တဲ့။ ကျွန်မက ခေါင်းမြီးခြုံရမယ့် အရွယ် ရောက်နေပြီလေ။ ကျွန်မအတွက် အမေ အရမ်းစိတ်ပူရှာတယ်။ ဒါပေမဲ့ ကျွန်မ လုပ်နေတာကို ဘယ်တော့မှ မဟန့်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက တစ်နေ့တခြား ဆိုးလာလေပြီ။ ကျွန်မကို မသတ်ဘဲ အဖေ့ကို လာသတ်လိမ့်မယ်လို့ လူတွေက ပြောနေကြပါပြီ။

"မာလာလာက ကလေးပဲရှိသေးတာ၊ တာလီဘန်တွေက ကလေးတွေတော့ မသတ်ဘူး"

ဒါပေမဲ့ ကျွန်မအဘွားကတော့ သူတို့လို မဟုတ်ဘူး။ တီဗီမှာ ကျွန်မ စကားပြောနေတာ မြင်ရတိုင်း၊ ကျွန်မ အိမ်က ထွက်သွားတိုင်း ဘုရားရှိခိုးတော့တာပဲ။ အဘွားဆုတောင်းပုံကို လည်း ကြည့်ဦးလေ။

"အို... အဖဘုရားသခင်၊ မြေးကလေး မာလာလာကို ဘနာဇီယာဘွတိုနဲ့တူအောင် ဖန်ဆင်းပေးတော်မူပါ။ ဒါပေမဲ့ ဘနာဇီယာလို အသက်မတိုအောင်တော့ စောင့်ကြည့်ရှုတော်မူပါ"တဲ့။

ကျွန်မတို့ဒေသ အခြေအနေ၊ စာသင်ကျောင်းတွေရဲ့အခြေအနေတွေကို အင်တာနက်မှာ မှန်မှန်ရေးတင်ပါတယ်။ အဆိုးဆုံးက တာလီဘန်တွေဟာ ကျောင်းတွေကို ဖောက်ခွဲဖျက်ဆီးနေတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် ရေးတင်လိုက်ပါတယ်။

"ကျွန်မကတော့ အံ့ဩလို့ မဆုံးနိုင်ဘူး။ ကျောင်းတွေ ပိတ်လိုက်ပြီပဲ။ သူတို့ပြောတဲ့ ရက်ကစပြီး ဘယ်သူမှ ကျောင်း မတက်တော့ဘူးလေ။ အဲဒါ ကျောင်းတွေကို ဘာလို့ဖျက်ဆီးရတာလဲ၊ လိုလို့လား"

စစ်တပ်က ဘာမှမလုပ်ဘူး၊ ဘာမှဝင်မပြောဘူး၊ တောင်ပေါ်က သဲအိတ်အလုံကာထားတဲ့ သူတို့စခန်းမှာ ဆိုက်ကောင်လုံးကင်နဲ့ ပျော်ပွဲစားနေကြတယ်။ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို အမေရိကန်က ဖုန်းဝင်လာပါတယ်။ စတင်းဖို့တက္ကသိုလ်ကျောင်းသူတစ်ယောက်ဆီကပါ။

သူ့နာမည်က **ရှီဇာရှာဟစ်** ပါတဲ့။ အစ္စလာမ်မာဘတ်ကလာတက်နေတဲ့ ကျောင်းသူပါတဲ့၊ နယူးယောက်တိုင်းက လွှင့်တဲ့ ဆွက်တောင်ကြားဒေသ ကျောင်းဆင်းချိန် သတင်းဇာတ်ကားလေးကို သူ ကြည့်ပြီးပြီတဲ့။ ကြည့်ပြီးလို့ ကျွန်မတို့ကို ကြိုးစားရှာဖွေပြီး ဆက်တာပါတဲ့။

မီဒီယာရဲ့စွမ်းပကားကို ကျွန်မတို့ ကိုယ်တွေ့မျက်မြင် ကြုံရတာပါ။ ကျွန်မတို့ကို အပြတ်ထောက်ခံတဲ့အကြောင်း။ အဲဒီတ ပါကစ္စတန်ကျောင်းသူ ဖုန်းဆက်အားပေးတာတဲ့လေ။ အဖေ တတော့ ကျွန်မအတွက် ဂုဏ်ယူမဆုံး ဖြစ်နေတာပေါ့။ အဒမ်ဘီ သစ်ကို ပြောသေးတယ်။

"ကြည့်ပါဦးဗျာ၊ ကျုပ်သမီးကလေး ကောင်းကင်ကနေ ခင်ဗျားတို့တိုင်းပြည်ကို ပျံသွားပြီဗျ"

တဲ့၊ ပြောပြီး သူ့ဘာသာသူ ပြန်ဂုဏ်ယူနေတယ် ထင်ပါ ရဲ့။ အဒမ်က ကျွန်မတို့မိသားစုကို အစ္စလာမ်ဘတ် ခေါ်သွား တယ်။ ပထမဆုံးအကြိမ် ကျွန်မတို့ မြို့တော်ကို ရောက်ဖူးကြ တာပါ။ သိပ်လှတဲ့ မြို့ကြီးပဲ၊ ဘန်ဂလိုဖြူဖြူဖွေးဖွေးကလေး တွေနဲ့ လမ်းကျယ်ကြီးတွေက သိပ်ကိုပနံရပါတယ်။

ခုတော့ တောင်ကြားထဲကို ပြန်ဝင်လာခဲ့ရပြန်ပါပြီ။ တိုက် ပွဲတွေ ဘယ်လောက်ဖြစ်ဖြစ် အရပ်ကို ကျွန်မတို့ မစွန့်နိုင်သေး ပါဘူး။

○

www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

## အရပ်ရှည်ရပါလို၏

ဩဂုတ်လ ၁ ရက်နေ့ ကျွန်မတို့ကျောင်းမှာ ခေါင်းလောင်း
သံ ပြန်ပေါ်လာပါတယ်။ သိပ်စိတ်လှုပ်ရှားစရာကောင်းတဲ့ အသံ
ပါ။ သူငယ်ချင်းတွေ ပြန်ဆုံရတော့ အားလုံး ဝမ်းသာလုံးဆို့နေ
ကြတာပေါ့။ ဘယ်လိုပျော်မှန်း မသိဘူး။ စစ်ပြေးဘဝနဲ့ ကြုံ
တဲ့ ဘဝအတွေ့တွေကို အမျှဝေကြပါတယ်။ ကျွန်မတို့ တော်
တော်များများက အမျိုးအိမ်၊ အသိအကျွမ်းအိမ်တွေမှာ နေကြ
တာ များပါတယ်။ ဒုက္ခသည်စခန်းမှာ နေကြရတဲ့ လူတွေလည်း
ရှိတာပေါ့နော်။ စခန်းမှာ အနေဆင်းရဲပေမယ့် စာဆက်သင်ခွင့်
တော့ ရကြပါတယ်။

သူငယ်ချင်းတစ်ယောက်ရဲ့ အဖေကတော့ ဗုံးပေါက်ရာ
သေသွားရှာပါတယ်။ တော်တော်များများက ဘီဘီစီမှာ ကျွန်မ
သတင်းတွေ ရေးနေတယ်ဆိုတာ သိကြပါတယ်။ ဒါပေမဲ့ တချို့
က မယုံကြဘူး အဖေရေးပေးတာလို့ ထင်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မာလာလာဟာ အပြောကောင်းရုံ မကဘူး၊ စာရေးလည်း ကောင်းတယ်"

○

ပြောစရာတွေ များလို့ ဘယ်ကစပြောရမှန်းတောင် မသိအောင် ဖြစ်နေပါတယ်။ ကျွန်မရဲ့လုပ်ရပ်၊ တစ်နည်းပြောရရင် ကျွန်မရဲ့ ထုတ်ဖော်ပြောကြားချက်တွေဟာ တာလီဘန်တွေအတွက် ခေါင်းထွက်စရာ မုန်းတီးစရာတွေ ဖြစ်နေတယ်။ ဒါပေမဲ့ ကျွန်မ ဂရုမစိုက်၊ ပြောစရာရှိတာတွေကိုတော့ ပြောရမှာပါဘဲ၊ ကျွန်မမှာ ဆန္ဒတစ်ခု ရှိနေပါတယ်။ ကျွန်မ အရုပ်ရှည်ချင်ပါတယ်။

အကြောင်းမှာ ကျွန်မ အသက်ဆယ့်သုံးနှစ် ပြည့်ကတည်းက ဖွံ့ဖြိုးကြီးထွားမှု ရပ်တန့်သွားပါတယ်။ အရပ်ထပ်ထွက်မလာတော့ပါဘူး။ သူငယ်ချင်းတွေက ကျွန်မကို ရုတ်ခြည်း ကျော်တက်သွားကြပါပြီ။ ကျွန်မထက် အရပ်ပိုရှည်ကုန်ကြပါပြီ။ အတန်းထဲက အပုဆုံး သုံးယောက်ထဲမှာ ကျွန်မ ပါသွားပါပြီ။ အရပ်ရှည်တဲ့ သူငယ်ချင်းတွေကြားမှာ ကျွန်မ သိမ်ငယ်စိတ်တွေ ဝင်လာပါတယ်။ ညစဉ် ဘုရားရှိခိုးတိုင်း အရပ်ရှည်ဖို့ ကျွန်မ ဆုတောင်းပါတယ်။ ကျွန်မအိပ်ခန်းနံရံမှာ နေ့တိုင်း အရပ်ကို တိုင်းပါတယ်။ ပေတံခေါင်းပေါ်တင်ပြီး ခဲတံနဲ့ မှတ်တာပါ။ ဒါပေမဲ့ နှစ်တွေကြာလာတဲ့အထိ ခဲတံခြစ်ရာကနေ ကျွန်မ အရမ်းမတက်တော့ပါဘူး၊ ငါးပေမှာပဲ တန်းနေပါတော့တယ်။

အခမ်းအနားပေါင်း များစွာမှာ ကျွန်မ စကားပြောခဲ့ပါတယ်။ အရပ်ပုတော့ စကားပြောခုံနဲ့ကွယ်ပြီး တစ်ခါတလေတော့

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို ကျွန်မ မမြင်ရဘူး။ ပရိသတ်ကလည်း ကျွန်မတို့ မမြင်ရဘူး။ ဘယ်တုန်းကမှ ဒေါက်မြင့်ဖိနပ် မစီးခဲ့ဖူးဘူး။ ခု ကျင့်ပြီးစီးနေရပြီ။ ဒါ ကျွန်မရင်ထဲက ပြောချင်တဲ့ စကားပါ။

ဆွက်ဒေသ စစ်ဆင်ရေးမှာ စစ်တပ်ဟာ တစ်ရာကျော် ကျဆုံးပြီး ကိုးရာကျော် ဒဏ်ရာရပါတယ်။ ဒါကို ပြည်သူ့သား ကောင်းတွေအဖြစ် မှတ်တမ်းတင်ကြတာပါ။ သူတို့ ခုလိုကာယ တင်လို့ အစိုးရက နယ်မြေကို ထိန်းချုပ်နိုင်ပေမယ့် တကယ့်ငြိမ်း ချမ်းရေး မရသေးပါဘူး။

ကျွန်မတို့ လိုချင်တာက တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်း ရေးပါ။

ကျောင်းဆင်းလို့ အိမ်ပြန်ရောက်ရင် မျက်ရည်စက်လက် နဲ့ မိန်းမတွေကို တွေ့ရတတ်ပါတယ်။ ဒီစစ်ဆင်ရေးက လူတွေ ရာနဲ့ ချီပြီး ပျောက်ဆုံးသွားပါတယ်။ တချို့က ခေါ်သွားတာလား။ ထောက်လှမ်းရေးက ဖမ်းသွားတာလား။ ဘယ်သူမှ မပြောနိုင် ကြပါဘူး။

အမျိုးသမီးတွေဟာ သူတို့ယောကျ်ားတွေရဲ့ သတင်းအစ အနစတောင် မရကြပါဘူး။ သူတို့ဘဝဟာ စိတ်ပျက်စရာကောင်း လောက်အောင် ခက်ခဲပါတယ်။

စားရမ့် သောက်ရမ့် ဘဝမျိုးပါ။ ယောကျ်ားသေမှ သူတို့ နောက်အိမ်ထောင်ပြုခွင့် ရှိတာပါ။ ပျောက်ဆုံးနေရင်နဲ့ နောက် ယောကျ်ားယူလို့ မရပါဘူး။

အမေက သူတို့ကို လက်ဖက်ရည် တိုက်တယ်။ စားစရာ ပေးတယ်။ ဒါပေမဲ့ သူတို့ အိမ်အတွက်လာကြတာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ဆီ အကူအညီ လာတောင်းကြတာပါ။

အဖေ့ကို ပြောရေးဆိုခွင့်ရှိသူ၊ ပြောရဲဆိုရဲရှိသူအဖြစ် လူတွေက အသိအမှတ် ပြုထားကြပါတယ်။ စစ်တပ်နဲ့ အရပ်သားတွေကြားမှာ ဆက်သွယ်ရေးအရာရှိ ဖြစ်မှန်းမသိ ဖြစ်လာပါတော့တယ်။

၁.

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

## တပ်မတော်ကြီး အိပ်နေတယ်

အမေကတော့ ဒီနေ့ကို ရှက်စရာအကောင်းဆုံးနေ့လို့ ပြော ပါတယ်။

"ဒီကမ္ဘာကျော် လူဆိုးအကြမ်းဖက်သမားဟာ ဘာလို့ နှစ် ပေါင်းများစွာ ပါကစ္စတန်မှာ လာပုန်းနေနိုင်တာလဲ"

လို့ မေးပါတယ်။ တခြားလူတွေလည်း ဒီအတိုင်းပဲ မေး ကြပါတယ်"

ဘင်လာဒင် ပုန်းအောင်းနေတဲ့နေရာကို ကျွန်မတို့ထောက် လှမ်းရေးမသိဘဲနေမှာ မဟုတ်ဘူးလို့ လူတိုင်းတွက်နေကြပါတယ်။ ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့ကြီးဟာ ဧရာမအဖွဲ့ကြီးပါ။

သူတို့လူတွေ နေရာတကာမှာ ရှိတယ်။ မြို့တော်နဲ့ မိုင် ခြောက်ဆယ်ပဲဝေးတဲ့ နေရာမှာ သူလာနေသွားတာ၊ ပြီးတော့ နှစ်ရှည်လများ လူတော သူတောထဲမှာ ပုန်းရတာ အလုံခြုံဆုံး ဆိုတာမျိုးများ ဖြစ်နေမလား။ ဒါပေမဲ့ သူက ၂၀၀၅ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောင်ကြီး လှုပ်ကတည်းက အဲဒီမှာ ရောက်နေတာတဲ့။ သူ့ကလေးနှစ်ယောက်ဟာ ဆာဘော့တာဘတ်ဆေးရုံမှာ မွေးတာတဲ့လေ။

ဒါဆို သူ ပါကစ္စတန် ရောက်နေတာ ကိုးနှစ်ကျော်ပြီပေါ့။

ဘင်လာဒင်ကို ရှာဖွေတွေ့ရှိပုံဟာ တကယ် လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ် အတိုင်းပါပဲ။

ဘယ်သူမှ ခြေရာမကောက်နိုင်အောင် သူက တယ်လီဖုန်းတွေ၊ အီးမေးလ်တွေ မသုံးဘူး၊ ဆက်သွယ်ရေးကိစ္စမှာ သူ့လူတွေကိုပဲ သုံးတယ်။ ကျွန်မတို့ ဖုန်းတွေထဲကို သတင်းတွေ ဝင်လာနေတယ်။

စစ်တပ်ကို ထောက်ခံတဲ့ ဆန္ဒပြပွဲတွေ လမ်းပေါ်မှာ ထွက်လုပ်ကြပါတဲ့။ ကျွန်မတို့ အိန္ဒိယနဲ့ တိုက်ခဲ့တဲ့ စစ်ပွဲသုံးပွဲကို အကြောင်းပြုပြီးပို့တဲ့ တစ်ပုဒ်လုံးလည်း ဝင်လာတယ်။

"ကျွန်ုပ်တို့တပ်မတော်သည် ၁၉၄၈၊ ၁၉၆၅ နဲ့ ၁၉၇၁ တို့တွင်လည်း ပြည်သူအတွက် တိုက်ပွဲတွေ ဝင်ခဲ့ပြီးပြီ။ ကျွန်ုပ်တို့နဲ့ လက်တွဲကြလေလော့။ ကျွန်ုပ်တို့ နောက်ကျောကို ဓားထိုးခံလိုက်ရပြီ"

"အဲဒီစည်းရုံးရေးတွေကို သရော်တဲ့ သတင်းတိုတွေလည်း ဝင်လာတယ်"

"ဟွန်းမတီးရ၊ တပ်မတော်ကြီး အိပ်နေတယ် ဆိုတဲ့မျိုးတွေ"

www.burmeseclassic.com

www.burmeseclassic.com



"ပါကစ္စတန်လုပ် ရေဒါအဟောင်းတွေ ရောင်းရန်ရှိသည်။ အမေရိကန် ရုပတ်ယာဥ်တွေကို မမိပေမယ့် တီဗီလိုင်းတော့ ကောင်းကောင်းဖမ်းလို့မိတယ်"

ဆိုတာမျိုးတွေ။

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကာယာနီနဲ့ ထောက်လှမ်းရေး ဗိုလ်ချုပ်ကြီး အာမက်ပါရှာကို ပါလီမန်မှာခေါ်ပြီး စစ်ဆေးတယ်လို့ ကြားရပါတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ သိက္ခာမြောင်းထဲ ရောက်နေပါပြီ။

ဘာကြောင့်လဲ ဆိုတာ ကျွန်မတို့ သိချင်နေကြပါတယ်။

○

www.burmeseclassic.com

www.burmeseclassic.com



## (၂၂)

## မာလာလာဆု

ဘယ်လိုဖြစ်ဖြစ် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလထဲမှာ ပေါ့။ အမ်စတာဒမ်အခြေစိုက် ကလေးသူငယ်များ အခွင့်အရေး အဖွဲ့က ဆုပေးဖို့ ရွေးထားတဲ့ ငါးဦးထဲမှာ ကျွန်မပါတဲ့အကြောင်း အဖေဆီ အီးမေးလ် ဝင်လာတယ်တဲ့၊ ကျွန်မကိုရွေးဖို့ ပေးသူက တော့ ဘုန်းတော်ကြီး ဒက်စမွန်တူးတူး ပါတဲ့။

ဒီဘုန်းတော်ကြီးဟာ အသားအရောင် ခွဲခြားမှုကို တောက်လျှောက် တိုက်ခဲ့သူပါ။ အဖေ့ရဲ့သူရဲကောင်းပေါ့။ နောက်ဆုံးမှာ ကျွန်မ အရွေးမခံရတော့ အဖေ တော်တော်စိတ်ပျက်သွားပါတယ်။ ကျွန်မက အဖေ့ကို ဖျောင်းဖျပါတယ်။

ကျွန်မအလုပ်က ပွင့်ပွင့်လင်းလင်း ပြောဖို့ပဲလို့။ အဲဒီ အခွင့်အရေးကို ကျွန်မ ရနေသားပဲလို့။ အဖွဲ့အစည်းနဲ့ လုပ်နေတာ မဟုတ်တော့ ဆုရဖို့ သိပ်မမျှော်လင့်ပါဘူး။ အများအားဖြင့် အဖွဲ့အစည်းအားနဲ့ ရကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ပါဘူး။ ပန်ဂျပ်ပြည်နယ် ဝန်ကြီးချုပ် ရှာဘက်စ်ရှရစ်က လာဟိုးပညာရေးပွဲတော်မှာ မိန့်ခွန်းပြောဖို့ ကျွန်မကို ဖိတ်ပါတယ်။

သူက ဒါးနစ်ရှ် ကျောင်းများလို့ခေါ်တဲ့ ကျောင်းကွန် ရက်တစ်ခုဖွင့်ဖို့ စီစဉ်နေပါတယ်။ ကျောင်းသားတိုင်း လက်ပ် တော့တစ်လုံးစီ ပေးမယ်တဲ့။

အနယ်နယ် အရပ်ရပ်က စာတော်တဲ့ ကျောင်းသူကျောင်း သားတွေကို ဝန်ကြီးချုပ်က ဆုချသေးတယ်။ ကျွန်မကိုလည်း မိန်းကလေးတိုင်း စာသင်ခွင့်ရဖို့ တိုက်ပွဲဆင်နေတဲ့အတွက် ရူဗီး တစ်သန်းတန် ချက်လက်မှတ် ဆုချပါတယ်။ အမေရိကန်ဒေါ်လာ ၄၅၀၀ ပေါ့။

လူထုကို ပထမဦးဆုံး ပြောရမယ့်ပွဲပါ။ အဲဒီနေ့က ပန်း ရောင်ဝတ်စုံ ကျွန်မ ဝတ်သွားပါတယ်။ ကျွန်မက တာလီဘန် တွေ လက်အောက်မှာ ဘယ်လိုလှုပ်ရှားခဲ့တဲ့အကြောင်း၊ ဘယ်လို ခိုးကြောင်ခိုးဝှက် ကျောင်းတက်ခဲ့ရတဲ့ အကြောင်းတွေကစပြီး ပြောပါတယ်။

"ပညာရေး ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မတို့ရဲ့ စာအုပ်တွေ ဘောလ်ပင်တွေကို အတင်း သိမ်းသွားပါတယ်။ ကျောင်းမသွားရဘူး တားပါတယ်။ ဒါပေမဲ့ ကျွန်မတို့ဘက်က မိန်းကလေးတွေက သတ္တိကောင်းပါတယ်။ ဘယ်သူ့မှ မကြောက်ဘူး။ ဖြစ်တဲ့နည်းနဲ့ ကျွန်မတို့ ပညာတတ် အောင်သင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ အတန်းထဲက သူငယ်ချင်းကျောင်းသူတစ်ယောက်က ကျွန်မကို ပြောတယ်။

"ဟယ်... မာလာလာ၊ နင် ရောမဆုကြီး ရတယ်ဆို။ ရှုပီသန်းဝက်ကြီးများတောင်ဆို"တဲ့။

အဖေပြောလို့ ကျွန်မ သိပြီးပါပြီ၊ ပါကစ္စတန်မှာ အမြင့်ဆုံး အမျိုးသားငြိမ်းချမ်းရေးဆုကြီးပေးဖို့ ကျွန်မကို ရွေးလိုက်တယ်တဲ့။ ကျွန်မ မယုံကြည်နိုင်လောက်အောင် ဖြစ်ရပါတယ်။ အဲဒီနေ့က သတင်းထောက်တွေ ကျောင်းကိုစုပြုံပြီး ရောက်လာကြပါတယ်။

ကျွန်မတို့အခန်းဟာ ချက်ချင်း သတင်းစတူဒီယိုကလေး ဖြစ်သွားသလိုပါပဲ။

အခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ကျင်းပပါတယ်။ ဝန်ကြီးချုပ်ရဲ့ အိမ်ဖြူကြီးမှာ အခမ်းအနားလုပ်တာပါ။ အစ္စလာမ်မာဘတ်ကို ရောက်တုန်းက ဒီအိမ်ကြီးကို အဝေးက လှမ်းမြင်ဖူးပါတယ်။ အဲဒီပွဲမှာ နိုင်ငံရေးသမားအများနဲ့လည်း တွေ့ရပါတယ်။ ဝန်ကြီးချုပ်က ချက်လက်မှတ်နဲ့ ဆုတံဆိပ် ချီးမြှင့်အပြီးမှာ ကျွန်မက တောင်းဆိုချက်တွေ တသီကြီး တင်လိုက်ပါတယ်။ အဲဒီအထဲမှာ ကျောင်းပျက်တွေ ပြန်ဆောက်ပေးဖို့နဲ့ ဆွတ်မှာ အမျိုးသမီးတက္ကသိုလ်တစ်ခု ဖွင့်ပေးဖို့ပါ ပါတယ်။ ဒါပေမဲ့ သူလုပ်ပေးနိုင်မယ် မထင်တာနဲ့ ကျွန်မ အတင်းမတိုက်တွန်းပါဘူး။ အဲဒီမှာ ကျွန်မ ထပ်စဉ်းစားမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ငါ နိုင်ငံရေးလုပ်မယ်၊ ဒီလိုတိုစ္စမျိုးတွေကို အကောင်အထည်ဖော်မယ်လို့ပေါ့။ အဲဒီပွဲမှာ ခုံးဖြတ်တာပါ။ အစိုးရက ဒီလိုဆုမျိုးကို အသက်ဆယ့်ရှစ်နှစ်အောက် မိန်းကလေးတွေကို နှစ်တိုင်းပေးမယ် ကျွန်မကို ဂုဏ်ပြုတဲ့အနေနဲ့ "မှာလာလာဆု" လို့ အမည်ပေးမယ်တဲ့။ အဖေက ဒီဆုရလို့ သိပ်မပျော်ပါဘူး။ အဖေဟာ ပက်ရှုံထန်လူမျိုးပီပီ အယူသီးပါတယ်။ ပွါကတ္တူတန်မှာ ဂုဏ်ပြုဆိုက်သူတွေကို ဂုဏ်ပြုတဲ့ ယဉ်ကျေးမှုတော့ ရှိပါတယ်။ ဒါပေမဲ့ သက်ရှိထင်ရှား ရှိနေချိန်မှာ မလုပ်ကြပါဘူး။

အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါမှ ဂုဏ်ပြုလေ့ရှိပါတယ်။ ဒါကြောင့် ကျွန်မ ဆုရတဲ့ကိစ္စကို နိမိတ်မကောင်းဘူးလို့ သူက ယူဆနေပါတယ်။ အမေ စိုးရိမ်တာက တစ်မျိုးပါ။ တစ်နေ့တခြား နာမည်ကြီးလာတော့ တာလီဘန်တွေ ကျွန်မကို မျက်မုန်းကျိုးမှာ စိုးရိမ်တာပါ။ အမေက ဘယ်တော့မှ ဈေးတော့သူ့တော့တဲ့ မသွားဘူး။ စာတံပုံတောင် တစ်ခါမှ အရိုက်မခံဖူးဘူး။ ထကျယ့်ဓလေ့ဟောင်းထဲက အမေ။ ဒါက ရာစုနှစ်ပေါင်းများစွာ ရှည်ကြာခဲ့တဲ့ ကျွန်မတို့ရဲ့ ရိုးရာယဉ်ကျေးမှုလေ။

ဒါပေမဲ့ အဖေနဲ့ ကျွန်မ လုပ်နေတာတွေကို တစ်ခွန်းမှ ဝင်မပြောဘူး။ ကျွန်မ ဆုရတဲ့အခါမှာတော့ တစ်ခွန်းဝင်ပြောတယ်။

"အမေက ဆုတွေ မလိုချင်ပါဘူး၊ အမေ့သမီးလေးပဲ လိုချင်တာ။ အမေ့သမီးလေးရဲ့ မျက်တောင်မွေးတစ်ချောင်းနဲ့ ပေါ့ဒီကမ္ဘာကြီးနဲ့ လဲမယ်ဆိုရင်တောင် အမေက မလဲဘူး"

www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ အဖေကတော့ ကလေးတွေ ကောင်းကောင်း[illegible] မွန် ပညာသင်နိုင်အောင်၊ အဆင့်မီမီကျောင်း ဖြစ်လာဖို့ [illegible] စိုက်နေပါတယ်။ ကျွန်မတို့သားအဖမှာ ရွေးစရာလမ်း မရှိ[illegible] ပညာရေးကို လှုံ့ဆော်ရင်း မလွဲမသွေ နိုင်ငံရေးနဲ့ နွယ်ရ[illegible] မယ်။

၀

www.burmeseclassic.com

www.burmeseclassic.com



(၂၂)

## မာလာလာ့ထာဝရ အောင်မြင်ပါစေ

"ကျုပ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ ကျုပ်ရဲ့ကလေးတွေ ပညာတတ်စေချင်တယ်။ ကျုပ်တို့ တစ်မျိုးသားလုံး ပညာတတ်တွေ ဖြစ်စေချင်တယ်။ အဲဒီအတွက် ကျုပ် အတတ်နိုင်ဆုံး ကြိုးစားမယ်။ ဒါပေမဲ့ ခက်နေတာက ကျုပ်တို့ခေါင်းဆောင် တစ်ဝက်လောက်က လိမ်ညာနေတယ်။ တစ်ဝက်လောက်က တာလီဘန်တွေနဲ့ အပေးအယူ လုပ်နေတယ်။ ဘယ်သူ့ဆီမှာ အကူအညီတောင်းရမှန်း မသိပါဘူး။ ဝေဖန်မယ့်လူ တစ်ယောက်လောက်တော့ ရှိရတော့မယ်လေ"

လို့ အဖေက ပြောခြင်းဖြစ်ပါတယ်။ အိမ်ပြန်ရောက်တော့ သတင်းထောက် ကျောင်းမှာ လာဗျူးမယ်ဆိုတဲ့ သတင်းက စောင့်နေပါတယ်။ သပ်သပ်ရပ်ရပ် ဝတ်သွားရမှာပေါ့။ ပထမတော့ အကောင်းဆုံးအဝတ်တွေ ထုတ်ဝတ်သွားဖို့ စိတ်ကူးခဲ့က်တယ်။ နောက်မှ ရိုးရိုးပဲ ဝတ်သွားဖို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်မပြော

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားလုံးတွေလိုပဲ ပရိသတ် စိတ်ဝင်စားစေချင်ပါတယ်။ ကျွန်မအဝတ်အစားက ဘာအရေးလဲ။

အမယ်... ကျောင်းရောက်တော့ သူငယ်ချင်းအားလုံးက အပုံစား ဝတ်လာကြပါကလား။ သူတို့ ဝိုင်းအော်တယ်။ "ဟေး... နင် အံ့ဩသွားလား"တဲ့။ သူတို့က ပိုက်ဆံစုပြီး ကျွန်မကို ဂုဏ်ပြုပွဲ လုပ်ကြမလို့တဲ့လေ။ စားပွဲပေါ်မှာ ဇရာမကိတ်မုန့်အဖြူကြီး တစ်လုံးတင်လို့။ ချောကလက်နဲ့ ရေးထားတဲ့ စာတန်းက... "ထာဝရ အောင်မြင်ပါစေ"တဲ့။

အင်း... အံ့ဩစရာပါပဲ။ ကျွန်မရဲ့ အောင်မြင်မှုကို သူငယ်ချင်းတွေ မျှဝေခံစားနေကြတယ်လေ။ ကျွန်မ ယုံပါတယ်။ သူတို့အားလုံးရဲ့ အဖေတွေ ကျွန်မအဖေနဲ့တူရင် သူတို့ ကျွန်မလို ဖြစ်မလာစရာ အကြောင်းမရှိပါဘူး။

ကိတ်မုန့်စားပြီးလို့ ပွဲသိမ်းတာနဲ့ ဆရာမ မာရယမ်းက ကြိမ်တို့ပါတော့တယ်။

"ကဲ... ကျောင်းစာဘက်ကို ပြန်အာရုံစိုက်၊ မတ်လ စာမေးပွဲကြီးနီးနေပြီ"

တဲ့။ ဒါပေမဲ့ နှစ်ကုန်တော့ အိမ်မှာ စိတ်မချမ်းမြေ့စရာ ကိစ္စတစ်ခု ဖြစ်လာတယ်။ ကျွန်မ ဆုယူပြီး ငါးရက်အကြာမှာ အမေရဲ့အစ်မအကြီးဆုံး အန်တီဘာဘအို ရုတ်တရက် ကွယ်လွန်သွားပါတယ်။ ငါးဆယ်တောင် မပြည့်သေးပါဘူး။ အန်တီဘာဘအိုက ဆီးချိုရောဂါသည်။ တီဗီမှာ ကြော်ငြာတွေ့လို့ လာဟိုက ဆရာဝန်တစ်ယောက်ဆီ သွားကုတာ။ ဘာဆေးထိုးလိုက်လဲ မသိဘူး။ တစ်ခါတည်း အသက်ထွက်သွားတာလေ။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အဖေက ပြောတာ၊ အဲဒါ ဆရာဝန်မဟုတ်ဘူး၊ ဒေါက်တာရမ်းကုတဲ့။ ဒါကြောင့် လူတွေ နလပိန်းတုံးဘဝကနေ လွတ်အောင် ပညာတတ်ဖို့လို့ ငါပြောတာပေါ့”လို့ အဖေက သူလိုရာ ဆွဲပြောတော့တာပဲ။ ကျွန်မတို့မှာ လိုနေတာက လူတွေရဲ့ အသိဉာဏ်မြှင့်တင်ပေးဖို့ဆိုတာ ရှင်းနေတာပါပဲ။

နှစ်ကုန်တော့ အမယ်လေး... ကျွန်မရတဲ့ ပိုက်ဆံတွေ မနည်းမနောပါလား။ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ပန်ဂျပ်ပြည်နယ် ဝန်ကြီးချုပ်က တစ်ယောက် ရူပီးသန်းဝက်စီ ပေးတာလေ။ ကျွန်မတို့နယ်မြေတစ်မျိုး ဒုတိယဗိုလ်ချုပ်ကြီး ဝူလန်ကမာကလည်း ကျောင်းပြန်ဆောက်ဖို့၊ စာကြည့်တိုက်နဲ့ ခါတ်ခွဲခန်းဆောက်ဖို့ ရူပီး ၁၀၀၀၀၀ လှူပါတယ်။

ဒါပေမဲ့ ကျွန်မရဲ့တိုက်ပွဲက မပြီးဆုံးသေးပါဘူး။ သမိုင်းသင်ခန်းစာတွေက ကျွန်မကို အမြဲတမ်း လက်တို့သတိပေးနေပါတယ်။ စစ်ပွဲတစ်ပွဲပြီးတိုင်း စစ်တပ်ကရတဲ့ အကျိုးအမြတ်တွေ တောင်ပုံရာပုံ၊ စားမကုန်သောက်မကုန်ဆိုတဲ့ အချက်ပါပဲ။ ကျွန်မကို သူတို့ပေးတဲ့ ဆုတွေအကြောင်း သဘောပေါက်လာတယ်။ ဘာမှ ဖြစ်လောက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကျောက်မျက်ကလေး တစ်လုံး၊ နှစ်လုံး မြှုပ်ထားတဲ့ ဖလားတွေက ဘယ်လောက်လေးနက်တဲ့ အဓိပ္ပာယ်ကိုဆောင်လို့လဲ။ တိုက်ပွဲတစ်ပွဲ အောင်နိုင်ဖို့ကို အလေးအနက် ကျွန်မ စဉ်းစားရပါတော့မယ်။

ဒါပေမဲ့ ကျွန်မရတဲ့ငွေတွေကို အကူအညီလိုနေတဲ့ လူတွေ အတွက်သုံးဖို့ ကျွန်မတို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ကျွန်မက ပညာရေးအထောက်အပံ့ ဖောင်ဒေးရှင်းတစ်ခု တည်ထောင်ဖို့

www.burmeseclassic.com



စိတ်ထက်သန်နေပါတယ်။ အဲဒါက အမှိုက်ပုံကို မွှေနေရတဲ့ ကလေးတွေကို မြင်ရကတည်းက ကျွန်မ စိတ်ကူးယဉ်ခဲ့တဲ့ စီမံကိန်းပါ။

ကြွက်တွေ တရုန်းရုန်းထဲမှာ အမှိုက်ပုံးကို ဖွနေတဲ့ ဆံပင်ချပ်ပြားနဲ့ ကောင်မလေးကို ခုထိ ကျွန်မမျက်စိထဲမှာ မထွက်ပါဘူး။ မာလာကန်တောင်ကြားဖြတ်လမ်းမှာ လီမွော်သီးရောင်းနေတဲ့ ကောင်မလေးတစ်ယောက် ကျွန်မ တွေ့တယ်။ စာရွက်တစ်ရွက်မှာ ဘောလ်ပင်နဲ့ စာတွေ့ချောင်းကလေးတွေ ခြစ်နေတယ်။ သူ့အရောင်းစာရင်းကို မှတ်နေတာလေ။ ခမျှာ စာမတတ်ရှာပါဘူး။

ဒီလိုမိန်းကလေးတွေ ပညာတတ်ဖို့ ကျွန်မ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ တိုက်ပွဲဝင်ပါမယ်ဆိုတဲ့ ကတိသစ္စာပါ။ အဲဒါဟာ ကျွန်မတိုက်ရမယ့် စစ်ပွဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



(၂၄)

## မာလာလာ အထက်တန်းကျောင်း

၂၀၁၂ ခုနှစ် ဇန်နဝါရီလထဲမှာ အစိုးရက မစ်ရှင်လမ်းက မိန်းကလေး အထက်တန်းကျောင်းကို နာမည်ပြောင်းဖို့ ကြေညာပါတယ်။ ကျွန်မကို ဂုဏ်ပြုတဲ့အနေနဲ့ "မာလာလာအထက်တန်းကျောင်း"လို့ ပြောင်းမယ်တဲ့လေ။

အဲဒီအတွက် ဂျီအိုတီဗီရဲ့ ညွှန်ကြားချက်အနေနဲ့ ကျွန်မတို့ ကရာချီ ရောက်နေကြတာပါ။ အကြီးကောင် ခူရဲ့လ်က အဘော်တာဘက်မှာ ကျောင်းတက်နေပြီ။ အဲဒါကြောင့် ကျွန်မတို့သား အမိ သားအဖလေးယောက်ပဲ ထွက်လာခဲ့ကြရတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ ပါကစ္စတန်နဲ့ ပတ်သက်ပြီး စဉ်းစားနေမိတယ်။

ပါကစ္စတန်မှာ အမျိုးသမီးဝန်ကြီးချုပ် ရှိခဲ့ဖူးတယ်။ အဲ လာမ်မာဘက်ကို ရောက်တုန်းက ယောကျ်ားတွေနဲ့ ယှဉ်ဘောင်တန်းပြီး အလုပ်လုပ်နေတဲ့ အမျိုးသမီးကို ကျွန်မ တွေ့ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မတို့နိုင်ငံက အမျိုးသမီးအားလုံးလိုလို ယောကျ်ားတွေကို လုံးဝမှီခိုနေကြရတယ်။

ကျွန်မတို့ ဆရာမကြီး မာရယမ် ဆိုရင် အားကောင်းမောင်းသန် ခေတ်ပညာတတ် တစ်ယောက်ပဲ။ ဒါပေမဲ့ ကျွန်မတို့ရဲ့ လူနေမှုစနစ်အရ မိန်းမသားတစ်ယောက်တည်း နေလို့မရ။ နေခွင့်မရှိ။ အလုပ်သွားလို့မရ။ ယောကျ်ားနဲ့ နေရတယ်။ မိဘမောင်ဘွားနဲ့ နေရတယ်။

ပါကစ္စတန်မှာ အမျိုးသမီးတစ်ယောက်က လွတ်လွတ်လပ်လပ်နေချင်ပါတယ်လို့ ပြောရင် အဖေကို စော်ကားတာပဲ။ အစ်ကိုတွေ မောင်တွေ၊ ဒါမှမဟုတ် ယောကျ်ားကို မလေးစားတာပဲ။ အမှန်က အဲဒီလို မဟုတ်။

ကျွန်မတို့က ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ နေချင်တာ။ ကျောင်းကို လွတ်လွတ်လပ်လပ် သွားချင်တယ်။ အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ချင်တယ်။ မိန်းမက ယောကျ်ားကို မှီခိုနေရမယ်လို့ "ကိုရမ်ကျမ်း"မှာ မပါဘူး။ မိန်းမဟာ ယောကျ်ားပြောသမျှ လိုက်နာရမယ်ဆိုတဲ့ စကားလုံးမျိုး မိုးပေါ်က ကျလာတာလည်း မရှိပါဘူး။

ဟု တွေးနေမိနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ ဂုဏ်ပြုပွဲရောက်တော့ အားလုံးက ကျွန်မကို လက်ခုပ်တီးပြီး ကြိုဆိုပါတယ်။ ပြီးတော့ ကျောင်းတွေကို လျှောက်ကြည့်ကြတယ်။ ကျွန်မနာမည်ပြောင်းထားတဲ့ ကျောင်းကိုလည်း ရောက်ခဲ့တယ်။ အဲဒီမှာ မိန့်ခွန်းပြောခဲ့ရသေးတယ်။ ပညာရေး အရေးကြီးပုံနဲ့ ဘေနာဇီယာဘူတို အကြောင်း ပြောပါတယ်။ ဒီမြို့ဟာ ဘေနာဇီယာရဲ့မြို့ ဖြစ်ကြောင်းလည်း ထည့်ပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအားလုံး စာတတ်မြောက်ရေး လှုပ်ရှားမှုဆိုတာ ကျွန်မတို့အားလုံး ဝိုင်းလုပ်ရမှာ၊ တညီတညွတ်တည်း လက်တွဲရမှာလို့ တိုက်တွန်းခဲ့ပါတယ်။ ကလေးတွေက ကျွန်မကို သီချင်းဆိုပြီး ဂုဏ်ပြုကြပါတယ်။

ပြီးတော့ ကျောင်းကင်ကို ကျွန်မ မော့ကြည့်နေတဲ့ ပုံတူပန်းချီကား လက်ဆောင်ပေးပါတယ်။ ကျွန်မနာမည်ကိုယူပြီး ဖွင့်ထားတဲ့ကျောင်းကိုကြည့်ပြီး ဝမ်းသာရပါတယ်။ ကျွန်မနာမည်က **"မေဝန်းရဲ့မာလာလေ"**ကိုယူပြီး မှည့်ထားတာ။ အဲဒီအာဇာနည်မယ်ရဲ့ နာမည်နဲ့ကျောင်းတွေလည်း အာဖဂန်နစ္စတန်မှာ အများကြီးပါ။

ကျောင်းဖွင့်ပွဲပြီးတော့ နေရာအနှံ့ လည်ပတ်ပြီးပါပြီ။ နောက်ဆုံးမှာ ကျွန်မတို့နိုင်ငံရဲ့ ကျေးဇူးရှင်ခေါင်းဆောင်ကြီး မိုဟာမက်အလီဂျင်းနားရဲ့ အာဇာနည်ဗိမာန်ကို သွားကန်တော့ဖို့ ကျန်နေပါသေးတယ်။

ရောက်သွားတော့ အားလုံး ရင်သပ်ရှုမောဖွယ်တွေချည်းပါလား။ အဝီစိပွက်သလို ဆူညံနေတဲ့ မြို့ကြီးမှာရှိတယ် မထင်ရအောင် အေးချမ်းတိတ်ဆိတ်နေပါတယ်။ ကျောက်ဖြူသားတွေနဲ့ တည်ဆောက်ထားတဲ့ ရောမအုပ်ဂူကြီးကို တွေ့ရပါတယ်။ သိပ်ကို မြင့်မြတ်တဲ့နေရာပါလားလို့ စိတ်ထဲမှာ ခံစားရပါတယ်။

ဘနာဇီယာဟာ ပါကစ္စတန် ပြန်ရောက်ရောက်ချင်း ပြည်တော်ပြန်မိန့်ခွန်းပြောဖို့ ဂျင်းနားရဲ့အာဇာနည်ဗိမာန်ကို အလာလမ်းမှာ သူ့ကား ဗုံးခွဲခံရပြီး ကျဆုံးသွားရှာတာပါ။ တာဝန်ကျအစောင့်က ကျွန်မတို့ကို လိုက်ပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂူကြီးရဲ့ပင်မခန်းမဆောင်ကြီးဟာ တရုတ်ပြည်လုပ် ရောမ အန်မီးဆိုင်ကြီးအောက်မှာ ခမ်းနားထည်ဝါလှပါတယ်။ ဒါပေမဲ့ ဂျင်းနားရဲ့ရုပ်အလောင်းဟာ ဒီမှာ မရှိပါဘူးတဲ့။ အောက်ထပ်မှာ သူ့ညီမ ဖက်တီမာရဲ့ ရုပ်ကလာပ်နဲ့ အတူထားပါတယ်။

ဖက်တီမာက ဂျင်းနားရဲ့နောက် အတော်ကြာမှ ကွယ်လွန်သာပါ။

ဂျင်းနားရဲ့နာမည်အကြီးဆုံး မိန့်ခွန်းတွေကို ဖွင့်ပြထားပါတယ်။ ဒီခေါင်းဆောင်ကြီးဟာ ပါကစ္စတန်မှာ လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့်ပေးခဲ့တဲ့ တစ်ဦးတည်းသော ခေါင်းဆောင်ကြီးပါ။ ပြီးတော့ အမျိုးသမီးများ အရေးပါပုံကို အသိအမှတ်ပြု ပြောဆိုခဲ့တဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါတယ်။

ကျွန်မက သူနဲ့ပတ်သက်ဆက်နွယ်ခဲ့တဲ့ အမျိုးသမီးပုံတွေကိုလည်း ရှာကြည့်ပါတယ်။ သိပ်မတွေ့ရပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတဲ့ သူ့ဇနီးဟာ ဖာရစီမျိုးနွယ် ဖြစ်ပါတယ်။ သူတို့ရဲ့ တစ်ဦးတည်းသောသမီး ဒီနာကလည်း ဖာရစီတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အိန္ဒိယမှာ အခြေချပါတယ်။ အခုတော့ နယူးယောက်ကို ရောက်နေပါပြီ။

ဒီနေရာကို ရောက်ပြီး ဒီမိန့်ခွန်းတွေ နားထောင်ရရင် အတွေးမပျံ့ဘဲ နေနိုင်ကြမှာ မဟုတ်ပါဘူး။ ဒီနေ့ ဂျင်းနားသာ ရှိရင်…… ဆိုတဲ့ အတွေးမျိုးတွေလေ။ သူသာ ဒီနေ့ ပါကစ္စတန်ကို မြင်ရရင် ဘယ်လောက် စိတ်ပျက်လိုက်မလဲ။

၀

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

## အင်တာနက်မှ ခြိမ်းခြောက်စာ

တစ်နေ့ ကျွန်မတို့ထံ ရှိလာအင်ဂျစ် ဆိုတဲ့ အမျိုးသမီး တစ်ယောက် ရောက်လာပါတယ်။ ပါကစ္စတန် အမျိုးသမီးသတင်း ထောက် တစ်ယောက်ပါ။ နယူးယောက်တိုင်း ဝက်ဘ်ဆိုက်မှာ ကျွန်မသတင်းကားကိုကြည့်ပြီး ကျွန်မနဲ့ လာတွေ့တာပါ။

ကျွန်မနဲ့ ခဏစကားပြောပြီး အဖေနဲ့ ဆက်ပြောပါတယ်။ သူမျှားမျက်ရည်ဝဲနေတာကို ကျွန်မ သတိထားမိပါတယ်။ သူက အဖေ့ကို မေးပါတယ်။

"ဘာမှ အပြစ်မရှိတဲ့ ရှင့်သမီးကလေးကို တာလီဘန်တွေ ခြိမ်းခြောက်တာ ရှင်သိပြီးပြီလား မစ္စတာဇီယာအူဒင်"တဲ့။

သူ ဘာပြောနေမှန်း ကျွန်မတို့ နားမလည်ပါဘူး။ ဒီတော့ သူက အင်တာနက်ဖွင့်ပြီး ကျွန်မတို့ကို ပြပါတယ်။ အဲဒီနေ့က တာလီဘန်တွေ ခြိမ်းခြောက်တာ အမျိုးသမီးနှစ်ယောက်ပါ။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က ဒိုင်ယာက တက်ကြွလှုပ်ရှားတဲ့ ရှာဘာဂမ်၊ နောက်တစ်ယောက်က ကျွန်မ မာလာလာ။

**"ထိုမိန်းမနှစ်ယောက်သည် အစ္စလာမ်ဘာသာကို စော်ကားအတင်းစကားတွေ ဖြန့်သည့်အတွက် သတ်ပစ်ရလိမ့်မည်"**

ဆိုတဲ့ ကြေညာချက်ကို ကျွန်မတို့ တွေ့ရတယ်။ ကျွန်မ သိပ်အလေးအနက်မထားပါဘူး၊ ဒါမျိုးတွေက ရိုးနေပြီပဲ။

အင်တာနက်ပေါ်မှာ ပလူပျံနေတဲ့ သတင်းမျိုးပဲ။ တကယ် မှန်ရင် အပြင်တစ်နေရာက ကြားရမှာပေါ့။ အဲဒီနေ့ညမှာ ကျွန်မတို့နဲ့ အတူနေမိသားစုဝင် တစ်ယောက်က ဖုန်းဆက်လာတယ်။

အိမ်ကို ရဲတွေလာသွားတယ်တဲ့။ တာလီဘန်တွေ ခြိမ်းခြောက်တာ သိလားလို့ မေးတယ်တဲ့။ အဖေက' ရဲမှူးဆီ ဖုန်းဆက်မေးတော့ သူကလည်း အလားတူ မေးခွန်းပဲ မေးပါတယ်။ ခြိမ်းခြောက်တဲ့သတင်း ရသလားတဲ့။ သူက အဖေ ဆွက်ကို ပြန်ရောက်ရောက်ချင်း သူနဲ့လာတွေ့ဖို့ ပြောပါတယ်။ အဲဒီနောက်ပိုင်းမှာ အဖေ ဣန္ဒြေပျက်နေပါတယ်။ ကရာချိမှာ သူ မပျော်တော့ပါဘူး။ အမေရော စိတ်ပူနေရပါပြီ။ အစ်မလုပ်သူရဲ့အသုဘ ကိစ္စ မပြီးသေး။ အမေတစ်ယောက် တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်နေရှာပါတယ်။ ဆုတွေအများကြီး ရနေကတည်းက အမေ စိတ်ပူနေတာပါ။ သူတို့ဣန္ဒြေပျက်နေတာ ကျွန်မ ရိပ်မိလို့ မေးကြည့်လိုက်တာပါ။

"အဖေနဲ့အမေ ဘာဖြစ်နေတာလဲဟင်၊ သမီးကိုလည်း ပြောဦးမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောမှ အိမ်က ဖုန်းလ ဘဲ့အကြောင်း၊ ကျွန်မကိုပြော ပြပါကယ်။ ခုမှ သူတို့ ပိုပြီးစိတ်ပူလာကြတာပါ။ ဘာပြုလို့မှန်း မသိ၊ ကျွန်မကတော့ လုံးဝစိတ်မပူဘူး။ ကျွန်မက ဒီလိုတွေးပါ တယ်။

လူတိုင်း တစ်နေ့ သေကြရမှာပဲ။ သေခြင်းတရားကို ဘယ်သူမှ မတားနိုင်ပါဘူး။ တာလီဘန်တွေကြောင့်လည်း သေ နိုင်တာပဲ။ ကင်ဆာကြောင့်လည်း သေနိုင်တာပဲ။ ဒါကြောင့် ကျွန်မကတော့ လုပ်စရာရှိတာတွေ ဆက်လုပ်နေမှာပဲ။

"အဖေတို့ လောလောဆယ် အရှိန်လျှော့ချထားမှ ထင် တယ်"

"ဟာ... အဖေကလည်း၊ ဘယ်လိုလုပ် လျှော့ချလို့ ရမှာ လဲ၊ အဖေပဲ ပြောပြောနေတယ်။ တစ်စုံတစ်ခုကို ဘဝထက်ပိုပြီး ယုံကြည်လာပြီဆိုရင် တိုက်ပွဲခေါ်သံကို အသေခံပြီး မြှင့်ရမယ် ဆို။ အခု ဘယ်လိုလုပ်ပြီး ရပ်လို့ရမှာလဲလို့"

လူတွေက ကျွန်မကို ပြောဖို့၊ ဟောဖို့ ဖိတ်ချင်တယ်ဆို ရင် ကျွန်မ ဘယ်လိုလုပ်ပြီး ငြင်းလို့ရမှာလဲ။ လုံခြုံရေးစိတ်မချ လို့လို့ အကြောင်းပြလို့ ဘယ်ဖြစ်မလဲနော်။

အထူးသဖြင့် ပက်ရှ်ထန်တစ်ယောက်အနေနဲ့ ပိုပြီးငြင်းရ ခက်မှာပေါ့။ ပက်ရှ်ထန်ဆိုတာ သိပ်သတ္တိကောင်းတဲ့ လူမျိုးလေ အဖေ ခဏ ခဏ ပြောပါတယ်။ ပက်ရှ်ထန်တွေရဲ့ မျိုးဆက်တွေ ထဲမှာ ဟိုးရှေးရှေးတုန်းကတည်းက စွန့်စားလိုစိတ် ပါလာတာ တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ပက်ရှိတန်ပြည်နယ်အစိုးရက ကျွန်မကို ငြိမ်းချမ်းရေး သံတမန်လုပ်ဖို့ တာဝန်ပေးတော့ အဖေက ပြောရှာတယ်။ "ငြင်းလိုက်ပါ သမီးရယ်"တဲ့။

အလားတူ **"ကျွန်မ အန္တရာယ် ရန့်ရနေတယ်"**လို့ အမေက အဖေ့ကို ပြောတယ်လေ။ အဖေ တော်တော်လေး စိတ်ခတ်ကျနေပါတယ်။

ကျွန်မအခန်းက ခန်းဆီးတွေကို ပိတ်ထားဖို့ ပြောပါတယ်။ ဒါကိုတော့ ကျွန်မ နားမထောင်ပါဘူး။

ကျွန်မက အဖေ့ကို ပြောပါတယ်။

"အခြေအနေတွေက ဘာတွေမှန်းလဲ မသိဘူး။ တာလီဘန်တွေ ရှိနေတုန်းကလည်း ကျီးလန့်စာစားဘဝနဲ့ နေခဲ့ကြရတယ်။ သူတို့မရှိတော့လည်း စိတ်ချ လက်ချ မနေရဘူး"

O

www.burmeseclassic.com

www.burmeseclassic.com



(၂၆)

## ပြဿနာတွေ ပိုင်းပါလို့

ဇူလိုင်လ ၁၂ ရက်နေ့မှာ ကျွန်မအသက် ၁၄ နှစ် ပြည့်ပါတယ်။ ကျွန်မတို့ အစွလာမ်ထုံးစံအရ အရွယ်ရောက်ပြီပေါ့။ ကျွန်မမွေးနေ့မှာပဲ သတင်းတစ်ခု ရောက်လာပါတယ်။ တာလီဘန်တွေက ဆွက်ကွန်တီနင်တယ်ဟိုတယ် ပိုင်ရှင်ကို သတ်လိုက်ကြပြန်ပြီတဲ့။

သူက ငြိမ်းချမ်းရေး ကော်မတီဝင်လေ။ မင်ရိုရာဈေးကနေပြီး အိမ်ပြန်အလာ ကွင်းထဲမှာ ချုံခိုတိုက်ခိုက် သတ်လိုက်ကြတာ။

တာလီဘန်တွေ ပြန်ရောက်လာပြီလား ဆိုပြီး လူတွေအထိတ်တလန့် ဖြစ်နေပါတယ်။

"တာလီဘန်ဆိုတာ ကျုပ်တို့ ထင်ထားသလောက် အင်အားတောင့်တင်းတဲ့ အဖွဲ့မဟုတ်ဘူး။ စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းလည်း မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ အဖေ့သူငယ်ချင်းက ပြောပါတယ်။ ဂျီအိုတီဗီသတင်းထောက် မဲဘော့ အဖေ့ဆီ ဖုန်းဆက်တော့ တော်တော်မိုးချုပ်နေပြီ။ သူက အဖေ့သူငယ်ချင်း ဇာဟာစ်ခန်ရဲ့ တူတော်ပါတယ်။ ဇာဟာစ်ခန်ဆိုတာ ၂၀၀၉ ခုနှစ် သူပိုင်ဟိုတယ်မှာ အပစ်ခံလိုက်ရတဲ့လူပေါ့။ သူနဲ့ အဖေဟာ တာလီဘန်တွေ ရှင်းရမယ့် စာရင်းထဲမှာ ထိပ်ကပါတယ်လို့ လူတွေက ပြောနေကြတယ်။

ဘယ်သူက"တစ်"၊ ဘယ်သူက"နှစ်"လဲဆိုတာပဲ မသိကြတာတဲ့။ မဲဘော့ဆီက ကြားရတဲ့သတင်းက နှလုံးသွေး ပျက်ချင်စရာပါပဲ။ ဗလီတက်ပြီးအပြန် မျက်နှာကို အနီးကပ် ပစ်ထည့်လိုက်တယ်တဲ့။

"ငါ့ခြေထောက်အောက်က ကမ္ဘာမြေကြီး ပျောက်သွားသလိုပဲ။ ငါကိုယ်တိုင် အပစ်ခံလိုက်ရသလိုပဲ။ နောက်တစ်ခါငါ့အလှည့်ပဲဆိုတာ သေချာသွားပြီ"လို့ အဖေက ပြောပါတယ်။

အလားတူ ကျွန်မကိုပါ ခြိမ်းခြောက်လာတယ်။ ကျွန်မကို ခြိမ်းခြောက်လာတော့ အမေက ကျွန်မကို လမ်းပေါ်မထွက်ခိုင်းတော့ပါဘူး။ ကျောင်းအသွား သုံးဘီး၊ အပြန် ဘတ်စ်ကားပဲစီးခိုင်းပါတော့တယ်။ ငါးမိနစ်ပဲ လျှောက်ရတဲ့ ခရီးပါ။ ဘတ်စ်က ကျွန်မတို့လမ်းထိပ်မှာ ချပေးပါတယ်။

နောက်တော့ ကျွန်မရဲ့ညီမဝမ်းကွဲတစ်ယောက် ကျွန်မတို့အိမ်နားက ဆာပီနာတို့နဲ့ အတူလာနေပါတယ်။ သူက တအားချောတာ။ ကိုယ်တော်ချောက သူ့ကို ကြိုက်ပါလေရော။ သူက ပြန်မကြိုက်တော့မှ ကျွန်မဆီ လှည့်လာပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သူတို့ အိမ်ပြောင်းသွားတယ်။ သူတို့ အိ
ကို ကျွန်မတို့ ပြောင်းနေပါတယ်။ နောက်တော့ ဟာဝွန်း
တက္ကသိုလ်ဝင်ခွင့် ရသွားတယ်။

ဒါပေမဲ့ ကျောင်းပိတ်ရက်တွေမှာ သူ ပြန်ပြန်လာတယ
တစ်နေ့ ကျွန်မ ကျောင်းမှအပြန်မှာ သူနဲ့တိုးတယ်။ သူက ထ
ပေါ်မှာ ယောင်လည်လည် လုပ်နေတာလေ။ ကျွန်မကို နော
ယောင်ခံလိုက်လာပြီး ရည်းစားစကားကို အိမ်ပေါက်ဝမှာ ည
ထားခဲ့တယ်။ ကောင်မလေးတစ်ယောက်ကို ယူခိုင်းပြီး ကျွ
ဖတ်ကြည့်လိုက်တယ်။

"ခုတော့ နင် နာမည်ကျော် ဖြစ်နေပြီပေါ့လေ။
နင့်ကို ငါ ချစ်နေတုန်းပဲ။ နင်လည်း ငါ့ကိုချစ်နေတုန်း
မဟုတ်လား။
ဒီနံပါတ်ကို ဖုန်းခေါ်ပါ"

အဲဒီစာခေါက်လေးကို အဖေ့လက်ထဲ ထည့်ပေးလိုက်တယ
အဖေက ဒေါကန်ပြီး ဟာရွန်ကို ခေါ်တွေ့တယ်။

"မင်းအဖေကို ငါတိုင်လိုက်ရမလား"လို့ ခြိမ်းခြော
တယ်။

အဲဒီကစပြီး သူ့ကို မတွေ့တော့ဘူး။ ကျွန်မတို့ လမ်း
မှာ ကောင်လေးတွေ ရုပ်စု ရုပ်စု လုပ်တာလည်း မတွေ့ရ
ဘူး။

ယောက်ျားလေးတွေ အမြဲနောက်ပြောင်တာကို ခံနေရတေ
ကျွန်မ ဒေါသအရမ်းထွက်သလို စိတ်ပျက်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါ တစ်ခါ ငါစဉ်းစားမိတာ ဆွတ်မှာ မိန်းမလေး ဖြစ်ရတာထက် Twilight ထဲမှာ သွေးစုပ်ဖုတ်ကောင် ဖြစ်ရတာကမှ ကောင်းဦးမယ်"

လို့ သက်ပြင်းချပြီး ကျွန်မ ပြောမိတယ်။ ဒါပေမဲ့ တကယ် စဉ်းစားကြည့်တော့ ကောင်လေးတွေ အနှောင့်အယှက်ပေးတာ ထက် ပိုကြီးတဲ့ ပြဿနာတွေ ကျွန်မမှာ ရှိနေတာပါကလား။

○

www.burmeseclassic.com

www.burmeseclassic.com



(၂၇)

## မာလာလာ ဆိုတာ ဘယ်သူလဲ

ဒီနေ့ဟာ ကျွန်မအတွက် မေ့မရတဲ့ နေ့ပါပဲ။ အလားတူ တစ်ကမ္ဘာလုံးကိုပါ ပျံ့နှံ့သွားပါတယ်။ ဒီလိုဖြစ်မယ် ဆိုတာ ကျွန်မ အလိုလို သိနေလို့ ဘုရားရှိခိုး ဆုတောင်းနေပါတယ်။

အဲဒီလို မဖြစ်ခင် တစ်ပတ်လောက်မှာ သင်္ချာဆရာမ မစ္စ ရှာဇီယာ မျက်စိပျက် မျက်နှာပျက်ပြီး အိမ်ကိုရောက်လာတယ်။ အဖေ့ကို သူ့အိပ်မက်အကြောင်း ပြောပြတယ်။ ကျွန်မအိမ်ကနေ ကျောင်းအလာမှာ ကျွန်မ ခြေထောက်တစ်ဖက် မီးလောင်လို့ တဲ့။

မရှိဆင်းရဲသားတွေကို ထမင်းနည်းနည်းပေးလိုက်ဖို့ သူက အဖေ့ ကို တောင်းတောင်းပန်ပန် ပြောနေတယ်။ ဆရာမပြောတဲ့ တာကို မပေးဘဲ အဖေက ပိုက်ဆံပေးလိုက်တော့ ဆရာမရှာဇီယာ က သိပ်မကျေနပ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ အယူသီးပုံကို ကြည့်ပြီး ကျွန်မတို့ ရယ်ဖြစ်ကြတယ်။ နောက်တော့ ကျွန်မကိုယ်တိုင် အိပ်မက်ဆိုးတွေ မက်တော့တာပါပဲ။

လူကြီးတွေကိုတော့ ပြန်မပြောပါဘူး။ ဒါပေမဲ့ အပြင်သွားတိုင်း တာလီဘန်တစ်ယောက် သေနတ်တကားကားနဲ့ ဘွားခနဲ ပေါ်လာလေမလား၊ သူတို့တွေ လုပ်လေ့ရှိသလို မျက်နှာကို အက်ဆစ်နဲ့ ပက်လေမလားလို့ ကျွန်မ ရင်တထိတ်ထိတ် ဖြစ်နေရပါပြီ။

ကျွန်မက အဖေ့လို ခပ်ပေါ့ပေါ့ မနေတတ်ဘူး။ အမြဲတမ်းသတိထားတယ်။ ညညဆိုရင် အားလုံးအိပ်တဲ့အထိ စောင့်တယ်။ အဖေရယ်၊ အမေရယ်၊ မောင်လေးနှစ်ယောက်ရယ်၊ အပြင်ရွာကရောက်လာတဲ့ ဧည့်သည်တွေပါ အားလုံးအိပ်မှ တံခါးတွေ ပြတင်းပေါက်တွေ သေချာစစ်တယ်။ ပြီးရင် ဘုရားရှိခိုး မေတ္တာပို့ပြီးမှ ကျွန်မ အိပ်တာ။

တာလီဘန်တွေက ကျွန်မတို့ကို မှတ်စလင် မစစ်ဘူးလို့ ပြောတယ်။ ဘုရားသခင်ကို သူတို့ထက် ကျွန်မတို့က ပိုယုံတယ်၊ ကိုယ်တော်ရှင်က ကျွန်မတို့ကို ကာကွယ်ပေးလိမ့်မယ်လို့လည်း ယုံကြည်တယ်။ မွတ်စလင်များသာမက လူသားအားလုံး ကျန်းမာချမ်းသာဖို့ ကျွန်မ မေတ္တာပို့တယ်။ စာမေးပွဲ အချိန်ကျရင်လည်း ကျွန်မ အကြာကြီး ဘုရားရှိခိုးတယ်။ ဆရာ၊ ဆရာမတွေက ကျွန်မတို့ကို သတိပေးတယ်။

"ဘုရားက မင်းတို့ကို ကောင်းချီးပေးရုံ ပေးမှာ။ အမှတ်ပေးမှာ မဟုတ်ဘူး၊ အမှတ်က မင်းတို့ကျက်မှ ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်မ ဘုရားရှိခိုးသလို ကျောင်းစာကိုလည်း ဖိလုပ်ပါတယ်။ စားမေးပွဲတွေကို ကျွန်မ သဘောကျတယ်။ ကိုယ့်အစွမ်းအစကို ထုတ်ပြခွင့်ရတာ မဟုတ်လား။

ကျွန်မတို့ စာမေးပွဲ ပြီးသွားတော့ ခေါင်းပေါ့သွားပြီ။ ကျွန်မ ပျော်နေပါတယ်။ သူငယ်ချင်းတွေနဲ့ စကားလုပြောလိုက်၊ အတင်းတုတ်လိုက်နဲ့ပေါ့။ ကျောင်းစောင့်ကြီးရဲ့ လှမ်းအော်သံကို ကျွန်မတို့ နားစွင့်ထားရသေးတယ်။ ကျောင်းဘတ်စ်ကား ရောက်ပြီဆိုရင် သူက အော်ခေါ်တယ်လေ။

နေ့တိုင်း ကျောင်းဆင်းချိန် ကားနှစ်ခေါက် ကြိုရပါတယ်။ အဲဒီနေ့ရာက ဒုတိယအခေါက်ကားနဲ့ ကျွန်မ ပြန်ပါတယ်။ ကျောင်းမှာ အကြာကြီးနေချင်လို့ ဒုတိယခေါက်ကို ရွေးလိုက်တာပါ။ မိုနီဘာက ပြောတယ်လေ။

"စာမေးပွဲ ပြီးသွားပြီ၊ တို့တွေ လေကန်ပြီးမှ အိမ်ပြန်ကြရအောင်"တဲ့။

ကျွန်မက ပါကစ္စတန်သမိုင်း မေးခွန်းကို ဖြေနိုင်ကတည်းက အလုံးကြီး ကျသွားတော့ ပြောတာကို သဘောတူလိုက်ပါတယ်။ ဆယ့်နှစ်နာရီထိုးတော့ အသံချဲ့စက်ထဲက မိုဟာမက်ဘာဘာ့အသံ ထွက်လာပါတယ်။ ကျောင်းကား ရောက်ပြီတဲ့။

ကျွန်မတို့အားလုံး ပြေးဆင်းသွားကြပါတယ်။ ကျောင်းဝင်းတံခါးအပြင် ရောက်တာနဲ့ ကောင်မလေးတွေအားလုံး မျက်နှာဖုံးစွပ်လိုက်ကြပါတယ်။ ကျွန်မကတော့ ခေါင်းစည်းကလေးပဲ စည်းလိုက်ပါတယ်။ ဘယ်တုန်းကမှ ကျွန်မမျက်နှာကို ဖုံးခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျွန်မတို့ဒိုင်နာကား ထွက်လာပါတယ်။ ကျွန်မက သူငယ်ချင်း မိုနီဘာနဲ့ လေကန်ပြီး လိုက်လာပါတယ်။ ကောင်မလေးတစ်ချို့က သီချင်းတွေ အော်ဆိုလာတယ်။ ကျွန်မက ခုံကို လက်နဲ့ပုတ်ပြီး စည်းလိုက်ပေးပါတယ်။ မိုနီကာနဲ့ ကျွန်မက အတက်တန်းမှာ ထိုင်ရတာ ပိုသဘောကျတယ်။ အပြင်ကို ပိုပိုမြင်ရတယ်လေ။ ဒီအချိန်ဆို ဟာကျီဘာဘာလမ်းက သိပ်ရှုပ်တာ။ ဆိုင်စုံဆိုက်ကားတွေ၊ တွန်းလှည်းတွေနဲ့ ဆူညံပြီး ရှုပ်ယှက်ခတ်နေတာပဲ။

ဒီလိုနဲ့ ကျွန်မတို့ကားက စစ်တပ်ဂိတ်ကို ရောက်တော့ လမ်းမပေါ်ကနေ ညာဘက်ချိုးကွေ့လိုက်ပါတယ်။ ချေးဆိုင်တစ်ဆိုင်မှာ ရောမပိုစတာကြီး ချိတ်ထားတယ်။ မျက်လုံးကြောင်ကောင်တောင်နဲ့ လူတစ်ယောက်ရဲ့ပုံ ရေးထားတဲ့ စာတန်းက... "လိုရှိနေသော အကြမ်းဖက်သမား" တဲ့။

ဖက်ဇ်လူလာပုံလေး ချိတ်ထားတာ သုံးနှစ်ရှိပြီ။ စစ်တပ်ကို ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ တာလီဘန်တွေကို မောင်းထုတ်ပေးတဲ့ အတွက်လေ။

ထိုစဉ် လူငယ်နှစ်ယောက် လမ်းပေါ်တက်လာပြီး ကျွန်မတို့ကားကို ရပ်ခိုင်းလိုက်တာ ကျွန်မ မမြင်လိုက်ဘူး။ "မာလာလာဆိုတာ ဘယ်သူလဲ" ဆိုတဲ့ မေးခွန်းကို ကျွန်မ ဖြေချိန်မရလိုက်ဘူး။

ပြီးတော့ သူတို့ညီမတွေ၊ သူတို့သမီးတွေ ကျွန်မတို့လို ကြောင့် ကျောင်းတက်သင့်တယ် ဆိုတာလည်း ရှင်းပြချိန် မရလိုက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကျွန်မ သတိရလိုက်တာကတော့ မနက်ဖြ ဖြေရမယ့် ဘာသာရပ်ကို ပြန်နွှေးဖို့ စဉ်းစားနေတာပဲ။ ကျွန် ခေါင်းထဲကို ကျည်ဆန်သုံးတောင့် ဝင်သွားတဲ့ အသံဟာ သေန အသံနဲ့ မတူဘူး။

ဒိုင်း... ဒိုင်းသံ မထွက်ဘူး။ ကျွန်မ နားထဲမှာ ဒေါက်... ဒေါက်... ဒေါက်လို့ ကြားလိုက်ရတယ်။ ပြီးတော့... ဖြောက်... ဖြောက်... ဖြောက်ဆိုတဲ့အသံ လမ်းဘေးမှာ ကြက်တွေ ခေါင်းဖြတ်နေတဲ့အသံ။ ပြီးတော့ ညစ်ည ပတ်ပတ် လမ်းပေါ်ကို သွေးတစ်စက်ချင်း ကျနေတဲ့အသံ။

○

www.burmeseclassic.com

www.burmeseclassic.com



## (၂၈)

## အရှင့်ထံသို့ ယုံကြည်စွာ အပ်နှံခြင်း

ဘာဖြစ်လိုက်တယ် ဆိုတာ အူစမန်ဘိုင်ဂျန် သိလိုက်ပြီ။ သူ ဒိုင်နာကားကို ဆွက်ဗဟိုဆေးရုံကြီးဆီသို့ အသားကုန် တန်းမောင်းတယ်။ ကားပေါ်မှာ ပါလာတဲ့ အခြားကလေးတွေ ငယ်သံပါအောင် အော်အော်ငိုနေကြပြီ။

ကျွန်မက မိုနီကာ့ ပေါင်ပေါ်မှာ အရုပ်ကြိုးပြတ်။ ဦးခေါင်းနဲ့ နားရွက်က သွေးတွေပန်းထွက်နေတယ်။ အရေးထဲမှာ မိုင်ကုန်တင်ပြီး မောင်းလာတဲ့ကားကို ရဲကားက တားပြီး စစ်ဟယ်ဆေးဟယ်၊ မေးဟယ် မြန်းဟယ် လုပ်နေလို့ တန်ဖိုးမဖြတ်နိုင်တဲ့ အချိန်တွေ အလဟဿ ဖြစ်သွားသေးတယ်။

ကောင်မလေး တစ်ယောက်က ကျွန်မကုပ်ပိုးကိုထောက်၊ သွေးကြောဇမ်းပြီး ရဲကို အော်ပြောတယ်။

"မသေသေးဘူး၊ ဆေးရုံကို အမြန်ရောက်မှ ဖြစ်မယ်။ လူသတ်သမားကို ခင်ဗျားသွားဖမ်းပါ၊ အဲဒါ ခင်ဗျားအလုပ်"

www.burmeseclassic.com

www.burmeseclassic.com



မင်ဂိုလာဟာ ကျွန်မအတွက် မြို့ကြီးဖြစ်ပေမယ့် တကယ်ကတော့ မြို့ကလေးပါ။ သတင်းက ချက်ချင်းပြန့်သွားတယ်။ အဖေက ဆွက်သတင်းယောက်များအသင်းမှာ ရောက်နေတယ်။ အလွတ်ပညာသင်ကျောင်းများအစည်းအရုံး အစည်းအဝေးမှာ မိန့်ခွန်းပြောမယ့်ဆဲဆဲ သူ တယ်လီဖုန်းမြည်လာတော့ သူငယ်ချင်းအာမက်ရှာကို နားထောင်ဖို့ လှမ်းပေးလိုက်တယ်။ သူငယ်ချင်းလုပ်သူက သူ့အနားကို ကတိုက်ကရိုက် ကပ်သွားပြီး တိုးတိုးပြောလိုက်ပါတယ်။

"ခင်ဗျားကျောင်းကား သေနတ်ပစ်ခံရလို့တဲ့"

အဖေ့မျက်နှာ သွေးဆုတ်သွားတယ်။ မာလာလာ ပါမှာ သေချာတယ်လို့ သူ တွေးမိလိုက်တယ်။ ပြီးမှ သူ့ကိုယ်သူ စိတ်ထိန်းပြီး ဖြေတွေးလိုက်တယ်။ ချာတိတ်တစ်ယောက်ပစ်တာ ဖြစ်မှာပါ။ သူ့အချစ်ကို မတုံ့ပြန်လို့ သူ့ကောင်မလေး လန့်သွားအောင် ပစ္စတိုနဲ့ ကားကိုကျော်ပစ်တာ ဖြစ်မှာပါ။

သူ့မှာ အစည်းအဝေးက အရေးကြီးနေတယ်။ တစ်နယ်လုံးက ရောက်လာတဲ့ ကျောင်းအုပ်ဆရာကြီးတွေ ၄၀၀ လောက်ရှိတယ်။ အစည်းအရုံးဥက္ကဋ္ဌ ဖြစ်နေတဲ့ ကျွန်မအဖေဟာ သူ့တာဝန်ကို ဘယ်တော့မှ အထိခံမှာ မဟုတ်ဘူး။ စီစဉ်ထားတဲ့အတိုင်း မိန့်ခွန်းကို ပြီးအောင်ပြောတယ်။ ဒါပေမဲ့ သူ့နဖူးမှာ ချွေးသီးချွေးပေါက်တွေ ဥနေပြီး မိန့်ခွန်းပြောပြီးတာနဲ့ ပရိသတ်ရဲ့မေးခွန်းတွေကို မစောင့်တော့ဘဲ တစ်ကြိုးတည်း ဆေးရုံကို တန်းပြေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရိုယာ့ဇ် ဆိုတဲ့ သူငယ်ချင်းရဲ့ကားကို အကူအညီတောင်း တအားမောင်းနှင်လာခဲ့တာ။ အာမက်ရှာလည်း လိုက်လာတယ်။ ငါးမိနစ်အတွင်းမှာ ဆေးရုံကို သူတို့ရောက်လာတော့ လူတွေအများကြီး ရောက်နေနှင့်ပြီ။ ဆေးရုံအပြင်မှာ သတင်းထောက်တွေ။ တီဗီအဖွဲ့တွေနဲ့ ရှုပ်ယှက်ခတ်နေပြီ။ ကျွန်မ ပါပြီဆိုတာ အဖေ ကျိန်းသေတွက်လိုက်ပြီ။ သူ အသက်ရှူမမှန်တော့ဘူး။ ခတ်ပုံတွေ တဖျပ်ဖျပ် ဝိုင်းရိုက်နေတဲ့ သတင်းသမားတွေကို အတင်းတိုးဝှေ့ပြီး ဆေးရုံထဲ ပြေးဝင်လာခဲ့တယ်။

"သမီးလေး… သမီးလေး… ကျွန်တော့်ရဲ့ သတ္တိခဲသမီးလေးပါဗျာ၊ ကြည့်ကြပါဦး၊ ဒါလောက်လှတဲ့ သမီးလေး၊ အခုတော့… ခုတော့…"

အဖေက တသသ ပြောရင်း ကျွန်မရဲ့နဖူးကို နမ်းနေပါတယ်။ သူ ဘာလို့ အင်္ဂလိပ်လို ပြောနေမှန်း သူ့ကိုယ်သူမသိပါဘူး။ မျက်စိမဖွင့်နိုင်ပေမယ့် အဖေရောက်လာမှန်း ကျွန်မသိနေပါတယ်။ အဖေကလည်း နောက်ပိုင်းမှ ရှင်းပြပါတယ်။

"ကျွန်တော် ရှင်းမပြတတ်ဘူး၊ စိတ်ထဲမှာ သူ ကျွန်တော့်ကို တုံ့ပြန်နေတယ်လို့ ခံစားရတယ်"

ကျွန်မကို ဒီလိုပုံစံနဲ့ မြင်ရတာဟာ သူ့ဘဝမှာ အဆိုးတကာ့အဆိုးဆုံး အဖြစ်ပါ။ သားသမီးတိုင်းဟာ မိဘတိုင်းအတွက် ရတနာတွေပါ။ ဒါပေမဲ့ ကျွန်မကတော့ ကျွန်မအဖေအတွက် ကြွေဝဠာပါ။ ကျွန်မဟာ သူ့ရဲ့တိုက်ပွဲဝင်ရဲဘော်ဆိုလည်း ဟုတ်ပါတယ်။ ကျွန်မဟာ အဲဖေ့ရဲ့တိုက်ပွဲဝင် ရဲဘော်ဆိုလည်း ဟုတ်ပါတယ်။ တာလီဘန်တွေ လာရင် သူ့ဆီလာမှာ၊ ကျွန်မဆီလာ

www.burmeseclassic.com



မှာ မပဟုက်ဘူးလို့ အဖေက အမြဲယုံကြည်ထားတဲ့သူ။ သူက ဒီလိုပြောတယ်။ ကျည်ဆန်သုံးတောင့်က ကျွန်မကို မှန်တာမဟုတ် ဘဲ သူ့ကို မိုးကြိုးပစ်လိုက်သလို ခံစားရတယ်တဲ့။

"သူတို့က တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်တာပါ။ မာလာလာကို သတ်လိုက်မယ်။ ကျုပ်တို့နှုတ်ပိတ်ပြီးသားလည်း ဖြစ်သွားမယ် ဆိုတာမျိုးလေ"

အဖေဟာ လိပ်ပြာလွင့်မတတ် ကြောက်သွားတယ်။ သောကရောက်သွားတယ်။ ဒါပေမဲ့ အဖေ မငိုပါဘူး။ ဆေးရုံ ပေါ်မှာ လူတွေပြည့်လျှံသွားတယ်။ အစည်းအဝေး တက်နေတဲ့ ကျောင်းအုပ်ကြီးတွေ အားလုံးရောက်လာကြပါတယ်။ ပြီးတော့ မီဒီယာသမားတွေ၊ တက်ကြွလှုပ်ရှားတဲ့ အုပ်စုတွေ တစ်မြို့လုံး ရောက်လာသလို အဖေ့အနားမှာ ဝိုင်းအုံနေပါတယ်။ အဖေက အားလုံးကို ဒိုင်ခံရှင်းပြနေပါတယ်။

"မာလာလာအတွက် ဆုတောင်းပေးကြပါခင်ဗျာ။ အခြေ အနေကတော့ စိတ်ိစကင်ရိုက်ပြီးပါပြီ။ ကောင်းပါတယ်၊ ကျည် ဆန်က ဦးနှောက်ကို မထိပါဘူး။ ခုတော့ ဒဏ်ရာကို သန့်ရှင်း ရေး လုပ်နေကြပါတယ်"

ဆရာမ မရယမ်က မော်ကြီးပန်းကြီးနဲ့ ရောက်လာပြီး အဖေ့ကို ပြောပါတယ်။

"ဖြစ်မှ ဖြစ်ရလေ ဆရာကြီးရယ်၊ မိုက်ရိုင်းလိုက်တဲ့ တိရစ္ဆာန်တွေ"

လို့ ယူကျုံးမရ ပြောနေပါတယ်။ ဒီနေ့ ဆရာမ ကျောင်း ကခွင့်ယူပြီး အိမ်မှာ ကလေးပေါက်စလေးနဲ့ အလုပ်ရှုပ်နေချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ မပဟုက်ဘူးလို့ အဖေက အမြဲယုံကြည်ထားတဲ့သူ။ သူက ဒီလိုပြောတယ်။ ကျည်ဆန်သုံးတောင့်က ကျွန်မကို မှန်တာမဟုတ်ဘဲ သူ့ကို မိုးကြိုးပစ်လိုက်သလို ခံစားရတယ်တဲ့။

"သူတို့က တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်တာပါ။ မာလာလာကို သတ်လိုက်မယ်။ ကျုပ်တို့နှုတ်ပိတ်ပြီးသားလည်း ဖြစ်သွားမယ် ဆိုတာမျိုးလေ"

အဖေဟာ လိပ်ပြာလွင့်မတတ် ကြောက်သွားတယ်။ သောကရောက်သွားတယ်။ ဒါပေမဲ့ အဖေ မငိုပါဘူး။ ဆေးရုံပေါ်မှာ လူတွေပြည့်လျှံသွားတယ်။ အစည်းအဝေး တက်နေတဲ့ ကျောင်းအုပ်ကြီးတွေ အားလုံးရောက်လာကြပါတယ်။ ပြီးတော့ မီဒီယာသမားတွေ၊ တက်ကြွလှုပ်ရှားတဲ့ အုပ်စုတွေ တစ်မြို့လုံး ရောက်လာသလို အဖေ့အနားမှာ ဝိုင်းအုံနေပါတယ်။ အဖေက အားလုံးကို ဒိုင်ခံရှင်းပြနေပါတယ်။

"မာလာလာအတွက် ဆုတောင်းပေးကြပါခင်ဗျာ။ အခြေအနေကတော့ စီတီစကင်ရိုက်ပြီးပါပြီ။ ကောင်းပါတယ်၊ ကျည်ဆန်က ဦးနှောက်ကို မထိပါဘူး။ ခုတော့ ဒဏ်ရာကို သန့်ရှင်းရေး လုပ်နေကြပါတယ်"

ဆရာမ မရယမ်က မောကြီးပန်းကြီးနဲ့ ရောက်လာပြီး အဖေ့ကို ပြောပါတယ်။

"ဖြစ်မှ ဖြစ်ရလေ ဆရာကြီးရယ်၊ မိုက်ရိုင်းလိုက်တဲ့ တိရစ္ဆာန်တွေ"

လို့ ယူကျုံးမရ ပြောနေပါတယ်။ ဒီနေ့ ဆရာမ ကျောင်းကခွင့်ယူပြီး အိမ်မှာ ကလေးပေါက်စလေးနဲ့ အလုပ်ရှုပ်နေချိန်



မှာ သူ့ခဲအိုဆီက ဖုန်းရတာ။ ခယ်မကို ဒဏ်ရာရတဲ့အထဲမှာပါသလားလို့ လှမ်းမေးတာတဲ့။ အလန့်တကြားနဲ့ တီဗီဖွင့်ကြည့်တော့ ကျွန်မတို့သတင်း လာနေတာတဲ့။ ချက်ချင်း သူ့ယောက်ျားကို ခေါ်ပြီး ဆေးရုံကိုပြေးလာတာ၊ ဆိုင်ကယ်ကို ယောက်ျားအနောက်က ခွစီးပြီး လိုက်လာတာတဲ့လေ။ ဘယ်ပက်ရှ်ထန် မိန်းမမှ ဒီလိုမလုပ်ရဲပါဘူး"

"မာလာလာ... မာလာလာ... သမီးလေး... ဆရာမခေါ်တာ ကြားလားဟင်"လို့ ခေါ်တော့ ကျွန်မက "အင်း...အင်း" လို့ဗလုံးဗထွေး ဖြေလိုက်ပါတယ်။ မာရယမ်းက အသေးစိတ် သိချင်နေတယ်။ သူ့သူငယ်ချင်း ဆရာဝန်တစ်ယောက်နဲ့တွေ့ပြီး မေးတယ်။ ဆရာဝန်က ရှင်းပြတယ်။ ကျည်ဆန်က ဦးနှောက်ကို မထိဘဲ နဖူးက ထွက်သွားတာတဲ့။ အသက်အန္တရာယ် မစိုးရိမ်ရတော့ပါဘူးတဲ့။ ဆရာမက ကျွန်မနဲ့အတူ ဒဏ်ရာရတဲ့ ကျောင်းသူနှစ်ယောက်ဆီလည်း သွားပါတယ်။

"ရှာဇိယာက နှစ်ချက်မှန်တယ်။ ဘယ်ဘက်ပခုံးညှပ်ရိုးနဲ့ လက်ဖဝါးမှာပါ။ ကေနတ်ကတော့ သူထိသွားတာ မသိဘူး။ ဒါနဲ့ အိမ်ပြန်သွားတယ်။ အိမ်ရောက်တော့ ညာဘက်လက်မောင်း ရှပ်ထိတာသိလို့ ဆေးရုံခေါ်လာတယ်။

အဖေက အဲဒီနှစ်ယောက်ကို သွားကြည့်ချင်ပေမယ့် ကျွန်မ ခုတင်နံဘေးက တစ်မိနစ်တောင် မသွားဘူး။ ဖုန်းကလည်း နားနေတယ် မရှိဘူး။ တစ်ချိန်လုံး မြည်နေတယ်။ ပထမဆုံး ခေါ်လာတဲ့သူက ပြည်နယ်ဝန်ကြီးချုပ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ဘာမှမပူနဲ့၊ ကျွန်တော်တို့အားလုံး တာဝန်ယူတယ်။ ပက်ရှီဝါအမျိုးသမီးဆေးရုံမှာ ဆက်ကုပေးဖို့ ကျွန်တော်တို့ စီစဉ်နေတယ်"

လို့ ပြောပါတယ်။ တကယ့်တကယ်မှာ စစ်တပ်က စီစဉ်ပေးတာပါ။ ညနေသုံးနာရီမှာ နယ်မြေတပ်မှူး ရောက်လာပြီး တပ်ကရဟတ်ယာဉ်နဲ့ ကျွန်မတို့သားအဖကို ပက်ရှီဝါ ပို့ပေးမယ်လို့ ပြောပါတယ်။

အဖေ့ကိုခေါ်ဖို့ အချိန်မရတော့ပါဘူး။ အမျိုးသမီးတစ်ယောက် လိုမယ်ထင်တယ်ဆိုပြီး ဆရာမမာရယမ် လိုက်ခဲ့ရတယ်။ ဆရာမမာရယမ်ဟာ ကျွန်မရဲ့ ဒုတိယအမေလို ဖြစ်နေပါပြီ။ ဆေးရုံကားပေါ်ရောက်တော့ အဖေက စိုးရိမ်နေသေးတယ်။ လမ်းမှာ တာလီဘန်တွေ ဖြတ်တိုက်မှာလား ဆိုပြီးတော့လေ။

ရဟတ်ယာဉ်ကွင်းက တစ်မိုင်လောက်ပဲ ဝေးတယ်။ ငါးမိနစ်ပဲ မောင်းရတာပါ။ ကျွန်မတို့ ကွင်းရောက်တော့ ရဟတ်ယာဉ်က မရောက်သေးပါဘူး။ ဆေးရုံကားထဲမှာပဲ ကျွန်မတို့ စောင့်နေရပါတယ်။ လေယာဉ်ရောက်လာပါတယ်။ ကျွန်မတို့ သားအဖရယ်၊ အစ်ကိုဝမ်းကွဲ ခန်ဂျီရယ်၊ အာမက်ရှားနဲ့ ဆရာမမာရယမ်ရယ် လိုက်လာပါတယ်။ ရဟတ်ယာဉ်ပေါ်တွင် စစ်ချီသီချင်းတွေ အသားကုန်ဖွင့်ပြီး ခရီးဆက်ခဲ့ရပါတယ်။

၀

www.burmeseclassic.com

www.burmeseclassic.com



(၂၉)

## ငယ်တဲ့အမှု ကြီးနေပြီ

ရဟတ်ယာဉ်ပေါ်မှာ ကျွန်မ သွေးတွေအနီချလိုက်ပါတယ်။ အဖေ ပိုပြီးအထိတ်တလန့် ဖြစ်သွားပါတယ်။ ခေါင်းထဲမှာ သွေးကြောတွေ ပျက်စီးကုန်ပြီပေါ့။ မျှော်လင့်ချက် မရှိတော့ဘူးပေါ့။ အဲဒီမှာ ကျွန်မက ပါးစပ်ကို ခေါင်းစည်းအစနဲ့ ဆွဲသုတ်လိုက်တာ ဆရာမ မြင်သွားတယ်။ အဲဒီမှာ ဝမ်းသာအားရ ထအော်တာလေ။

"ကြည့်စမ်း... ကြည့်စမ်း... သူ လှုပ်လာပြီ၊ ဟာ... အဲဒါ သိပ်ကောင်းတဲ့ လက္ခဏာပေါ့"

ပါရှိဝါမှာ ရဟတ်ယာဉ်ဆင်းတော့ ကျွန်မတို့ကို အချိုးအစီးဆေးရုံကို ဦးပေးမယ် ထင်တာ။ အဲဒီမသွားဘဲ စစ်ဆေးရုံ ခေါ်သွားတော့ အဖေတို့တွေ မျက်လုံးပြူးကုန်တာပေါ့။ ခုနစ်ရာ ဆန့် ရောမဆေးရုံကြီးပေါ့။ အင်္ဂလိပ်ခေတ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခဲ့တဲ့ ဆေးရုံကြီးပေါ့။ မျှော်စင်ကြီးတစ်ခုနဲ့ တိုးချဲ့ဆောင်တွေ ထပ်ဆောက်နေတာလည်း တွေ့ခဲ့ရတယ်။

ကျွန်မကို အထူးအရေးပေါ်အခန်းကို အမြန်ဆုံးတန်းပို့တယ်။ အဲဒီဌာနက သီးခြားအဆောက်အအုံတစ်ခုပါ။ သူနာပြုခန်းရဲ့အပေါ်က တိုင်ကပ်နာရီကြီးက ညနေငါးနာရီတိတိကို ညွှန်ပြနေပြီ။

သူတို့က ကျွန်မရဲ့တွန်းလှည်းကို မှန်လုံခန်းကြီးတစ်ခုထဲကို တွန်းယူသွားပါတယ်။

ကျွန်မကို သေနတ်နဲ့ပစ်တဲ့သတင်းကို တီဗီမှာသတင်းအနေ ဖြင့် ထုတ်လွှင့်နေပါတယ်။ သတင်းသည် ပါကစ္စတန်သာမက ကမ္ဘာတစ်ဝှမ်းလုံး ပျံ့နှံ့သွားပါတယ်။ အလားတူ ကျွန်မတို့ပြည်နယ်ကလည်း သတင်းကိုကြားပြီး တီဗီတွေ ဖွင့်ကြည့်နေပါတယ်။ ကျွန်မသတင်းကို ပထမဆုံး ကြားတာက မတော်တဆခိုက်မိလို့ ခြေထောက် ဒဏ်ရာရသွားတာတဲ့။ နောက်မှ အဖြစ်မှန်ကို ကြားရတာ။ အမေက ကျွန်မသတင်းနဲ့ ပတ်သက်ပြီး အဘွားကို ပြောပြတယ်တဲ့။ အဲဒီတုန်းက အဘွား အိမ်မှာရောက်နေတယ်။

အမေက အဘွားကို ဘုရားရှိခိုးဖို့ ပြောတယ်။ ဘုရားသခင်က ခေါင်းဖြူနေတဲ့ အရွယ်တွေ ဆုတောင်းရင် ပိုပြီးကြားတော်မူတယ်တဲ့။ မနက်က ကျွန်မစားလို့မကုန်တဲ့ ကြက်ဥကြော်တစ်ခြမ်းက စားပွဲပေါ်မှာ မသိမ်းရသေးဘူး။ ကျွန်မ ဆုယူနေတဲ့ပုံတွေက နေရာတကာမှာ ချိတ်ထားတယ်။ အမေ သိပ်မနှစ်မြို့တဲ့ဆုတွေလေ။ အမေက တစ်အိမ်လုံး လျှောက်ကြည့်ပြီး ငိုရှိုက်ငိုပါတော့တယ်။ တစ်အိမ်လုံးမှာ မာလာလာ ဘယ်ကြည့်ကြည့်အမေ့မျက်စိထဲမှာ သူ့သမီးလေးရဲ့ပုံရိပ်တွေ မြင်ယောင်နေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေက အိမ်ရောက်လာတဲ့ အမျိုးသမီးပရိသတ်ကို ကြည့်ပြီး အံ့ဩနေတယ်။ ဝတ်ပြုအခင်းများပေါ်မှာထိုင်ပြီး ဘုရားစာရွတ်ရင်း အမေက ညည့်သည်တွေကို ပြောတယ်။ "မငိုကြပါနဲ့ ဆုတောင်းပေးကြပါ"လို့ ပြောပါတယ်။ ထိုအချိန်မှာ မောင်လေးနှစ်ယောက် အပြေးအလွှား အိမ်ပြန်ရောက်လာတယ်။ အတဲလ်က တီဗီပြေးဖွင့်တော့ ကျွန်မ အပစ်ခံရတဲ့သတင်း လာနေတာကိုအားလုံး တွေ့ရတယ်။ ဖုန်းက မရပ်မနား လာနေတယ်။ အမျိုးသမီးတွေက အမေ့ကို ကျွန်မအကြောင်း ရှင်းပြနေတယ်။

အဖေ့သူငယ်ချင်းတစ်ယောက်က အမေ့ကို လှမ်းဖုန်းဆက်တယ်။ ရဟတ်ယာဉ်နဲ့ ပက်ရှ်ဝါကို ထွက်သွားပြီတဲ့။ လိုက်ရင်ဘတ်စ်ကားနဲ့ပဲ လိုက်ခဲ့တော့တဲ့။ အမေ့အတွက် အဆိုးဆုံးအဖြစ်က ဒီမှာစောင့်ရပ်မနေဘူး။ လူတစ်ယောက်က သော့တွဲကြီး အိမ်လာပေးတယ်တဲ့။ ဝင်းတံခါးခြံသော့ အပါအဝင် ကျွန်မကိုင်တဲ့သော့တွဲပေါ့။ ပစ်တဲ့ခတ်တဲ့ နေရာမှာ သူတွေ့လို့ အဲဒီလူကလာပေးတာ။ အမေက အဲဒီလူကို အော်လွှတ်တယ်။

"ငါလိုချင်တာ ငါ့သမီး၊ အဲဒီသော့တွဲ မဟုတ်ဘူး၊ မာလာလာ မရှိတဲ့နောက် အဲဒီသော့တွေက ဘာအသုံးကျတော့မှာလဲ"

အမေ အဲဒီလို ဆောက်တည်ရာမရ ဖြစ်နေပါတယ်။

"အို... အရှင်၊ သမီးကလေးအား တပည့်တော်မ အရှင့်လက်ကို ဝကွက်၍ ယုံကြည်စွာ အပ်နှံပါတယ်။ တပည့်တော်မတို့ လုံခြုံရေးတွေကို အားမကိုးတော့ပါဘူး၊ တပည့်တော်မတို့အား အကာအကွယ်ပေးမည့်သူမှာ အရှင်မှတစ်ပါး အခြားမရှိတော့ပါပြီ။ သမီးလေးကို ကယ်တော်မူပါအရှင်"

ဟု ဆုတောင်းနေပါတယ်။ အဲဒီအချိန်မှာ ကျွန်မကတော့

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရုံက အထူးခန်းထဲမှာ ရောက်ရှိနေပါတယ်။ ဗိုလ်မှူးကြီး ဂျူနိုတ်က ကျွန်မဒဏ်ရာကို စစ်ဆေးတယ်။ ကျွန်မကတော့ သတိရနေပြီ။ ဒါပေမဲ့ အခြေအနေအမှန် မသိရသေးဘူး။ မပြောနိုင်သေးဘူး။ မျက်တောင်တော့ ခတ်နိုင်နေပြီ။ ဆရာဝန်က ဘယ်ဘက်မျက်ခုံးကို ချုပ်ပါတယ်။ ကျည်ဆန်ဝင်သွားတဲ့ နေရာလေ။ ခေတ်မှန်ထဲမှာ ကျည်ဆန်မပေါ်တာကို သူက အံ့သြနေတယ်။

"ဝင်သွားတဲ့နေရာရှိရင် ထွက်သွားတဲ့နေရာလည်း ရှိရမှာပေါ့"လို့ သူကပြောပြီး လျှောက်စမ်းတယ်။ နောက်မှ ကျွန်မရဲ့ ဘယ်ဘက်ပခုံးညှပ်ရိုးအောက်မှာ ကျည်ဆန်ကို သွားတွေတယ်။

"ပစ်လိုက်တဲ့အချိန်မှာ သူ ငုံ့ချလိုက်တာ ဖြစ်မယ်"

လို့ မှတ်ချက်ပေးတယ်။ စီတီစကင် ထပ်ရိုက်တယ်။ ဗိုလ်မှူးကြီးက အဖေ့ကို သူ့အခန်းထဲခေါ်ပြီး ရိုက်ထားတဲ့ ခေတ်မှန်တွေ ပြတယ်။ ဆွက်မှာရိုက်တဲ့ စကင်က ထောင့်တစ်ထောင့်တည်းက ရိုက်တာတဲ့။ စကင်အသစ်ကိုကြည့်တော့ စိုးရိမ်စရာဖြစ်လာတယ်။

"အဲ... ဒီနေရာကိုကြည့်ပါ မစ္စတာဗီယာအူဒင်။ ကျည်ဆန်က ဦးနှောက်နားကိုကပ်ပြီး ဖြတ်သွားတာ။ ကျွန်တော်တို့ ဘုရားတပြီး ခွဲရမှာပဲ။ ဒီနေရာက ထိလို့မရဘူးလေ။ ခဏစောင့်ကြည့်ရမှာပဲ။

အဖေ အရမ်းစိုးရိမ်သွားတယ်။ ဆွက်မှာတုန်းက ဆရာဝန်တွေပြောတော့ တစ်မျိုး၊ ခုမှ ငယ်တဲ့အမှု ကြီးနေပြီ။ အရေးကြီးတယ်ဆိုရင် ဘာလို့ ချက်ချင်းမခွဲတာလဲ။ စစ်ဆေးရုံကို အဖေ ဘဝင်မကျ ဖြစ်နေတယ်။

○

www.burmeseclassic.com

www.burmeseclassic.com



(၃၀)

## ဆေးရုံရောက် မာလာလာ

"ဆေးရုံပြောင်းရင် ကောင်းမယ်။ လီကွတ်အလီခန်းလို အခြေနည် မဖြစ်ချင်နေ။ မာလာလာ အသက်ရှင်ဖို့က ပိုအရေးကြီးတယ်"

လို့ အဖေ့သူငယ်ချင်းတစ်ယောက်က ပြောတယ်။ အဖေဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတယ်။ အဖေတို့ ဘယ်လိုပြောပြော စိတ်အနှောင့်အယှက် ဖြစ်ပုံမရ။ ဒီဆရာဝန်ကြီးဟာ အရွယ်ငယ်ပေမယ့် အတွေ့အကြုံက မသေးဘူး။ ပါကစ္စတန်ဆေးရုံတွေမှာ သူ နာမည်အကြီးဆုံးတဲ့။ သူက ဆရာဝန်ဖြစ်ပြီးမှ သူ့ဦးလေး ဆရာဝန်ကြီးအတိုင်း စစ်တပ်ကို ဝင်လိုက်တာ။

"ကျွန်တော် မာလာလာပေါင်း ထောင်ချီပြီး ခွဲဖူးပါတယ်"

လို့ နောက်ပိုင်းမှာ သူက ပြောပါတယ်။ အဲဒီတုန်းက အဖေက ဒါတွေ မသိဘူးလေ။ ဒီတော့ စိုးရိမ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာ အမေနဲ့ အတဲလ် ရောက်လာတယ်။ အဖေ့သူငယ်ချင်း မိုဟာမက်ဖာရွတ်က သူ့ကားနဲ့ မောင်းပို့ပေးတာတဲ့၊ ဆရာမ မာရယမ်က အခန်းထဲ မဝင်ခင် အမေ့ကို ကြိုပြောထားတယ်။

"အစ်မ မငိုရဘူး၊ မအော်ရဘူး၊ အစ်မပြောတာ သူကြားတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ သတိရမှန်း မသိသေးဘူး"

အဖေကလည်း တဗွတ်ဗွတ် မှာနေတယ်။ စိတ်ထိန်းဖို့၊ အဆိုးဆုံးနဲ့ ရင်ဆိုင်ရမယ်လို့ စိတ်ထဲမှာ စွဲထားဖို့တွေပေါ့။ အမေ သိပ်ခံစားရမှာ အဖေ စိုးရိမ်နေတယ်လေ။ အခန်းထဲရောက်တော့ သူတို့သားအမိ တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ကြတယ်။ မျက်ရည်ကိုယ်စီထိန်းပြီး ကျနေရတယ်။

"မေမေ့သမီးချောလေး၊ သတ္တိခဲလေး"

ပြောပြီး အမေ ငိုတော့တယ်။ အတဲလ်ကလည်း ငိုတော့ သူနာပြုတွေက အပြင်ခေါ်ထုတ်သွားတယ်။ အပြင်မှာ လူတွေ တဖြည်းဖြည်း များလာတော့ အဖေ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ဖြစ်နေတယ်။

နိုင်ငံရေးဘက်ကရော၊ အစိုးရဘက်က အရာရှိကြီးတွေရော၊ ပြည်နယ်ဝန်ကြီးတွေပါ ရောက်လာကြတယ်။ အားလုံး စိတ်မကောင်းကြောင်း၊ ဝမ်းနည်းကြောင်း စကားပိုင်းပြောကြတယ်။ အရေးပိုင်မင်းက အဖေ့ကို ဆေးဖိုးဝါးခ ရူပီး ၁၀၀၀၀၀ ပေးတယ်။

သူတို့ကိုထားတဲ့အခန်းမှာ ထမင်းစားနေကြရင် အတဲလ်က တီဗီထဖွင့်တယ်။ အဖေက ပြန်ပိတ်လိုက်တယ်။ အဲဒီအချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ အဖေဟာ ကျွန်မသတင်းကို မကြည့်ချင်အောင်၊ မကြားချင်အောင် စိတ်လွှပ်ရှားနေတယ်။

သူ အခန်းထဲက ထွက်သွားမှ ဆရာမမာရယမ်က ပြန်ဖွင့်တယ်။ လိုင်းတိုင်းမှာ ကျွန်မသတင်း လာနေတယ်။ ဝတ်ပြုဆုတောင်းကြပုံတွေ၊ ကဗျာရွတ်နေကြပုံတွေကို လွှင့်နေတယ်။ ကျွန်မ သေသွားတဲ့ အတိုင်းပဲ။

ညသန်းခေါင်လောက်မှာ ဗိုလ်မှူးကြီးဂျူနိုတ်က အဖေ့ကို ကျွန်မအခန်း အပြင်ဘက်မှာ ခေါ်တွေ့ပြီး ပြောတယ်။

"မာလာလာ ဦးနှောက်ရောင်လာပြီ မစ္စတာဇီယာအုဒင်"

ဘာကိုဆိုလိုမှန်း အဖေ လုံးဝနားမလည်ဘူး။ ဆရာဝန်က ဆက်ရှင်းပြတယ်။ အခြေအနေ မကောင်းဘူးတဲ့။ ကျွန်မရဲ့အသိအာရုံတွေ တဖြည်းဖြည်း လျော့လာပြီ။ သွေးတွေ ထပ်အန်တယ်တဲ့။ တတိယအကြိမ် စီတီစကင် ထပ်လုပ်ခိုင်းတယ်။

ကျွန်မရဲ့ဦးနှောက်ဟာ စိုးရိမ်စရာကောင်းလောက်အောင် ရောင်ကိုင်းလာပြီတဲ့။ **"ကျည်ဆန်က ဦးနှောက်ကို မထိဘူးမဟုတ်လား"**လို့ အဖေက မေးတယ်။ အဲဒီမှာ ဆရာဝန်ကြီးက ထပ်ရှင်းပြတယ်။ ကျည်ဆန်ကတော့ ဦးနှောက်ကို မထိဘူး။ ဒါပေမဲ့ ကျိုးပဲ့သွားတဲ့ အရိုးအစအနကလေးတွေ ဦးနှောက်ထဲ ဝင်သွားတယ်။ ဒါကြောင့် ရောင်လာတာတဲ့။

ဦးခေါင်းခွံ တစ်နေရာမှာ ခွာထုတ်ပြီး ရောင်လာတဲ့ ဦးနှောက်အတွက် နေရာလုပ်ပေးရမယ်။ မဟုတ်ရင် အဲဒီဖိအားကို ကျွန်မ ခံနိုင်မှာ မဟုတ်ဘူးတဲ့။ ဗိုလ်မှူးကြီးရဲ့ ...ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ဟာ သိပ်ရဲရင့်တဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ သူ့အထက် လူကြီးတွေ မသိဘူး။

တချို့လူတွေက ကျွန်မကို နိုင်ငံခြားပို့ဖို့တောင် ပြောနေကြတယ်။ သူ့ ဆုံးဖြတ်ချက်မှန်လို့ ကျွန်မ မသေတာပါ။ အဖေက လုပ်စရာရှိတာ ဆက်လုပ်ဖို့ မီးစိမ်းပြလိုက်တယ်။ မနက် ၁း၃၀ နာရီမှာ သူတို့ စ,ခွဲပါတယ်။ ခွဲစိတ်ခန်းထဲမှာ ကျွန်မ ငါးနာရီနီးပါး နေခဲ့ရပါတယ်။

အမေ့ကို ဆရာမတစ်ယောက်က ထွက်လာပြီး...

"မာလာလာရဲ့အဖေ ရှိပါလားရှင်"လို့ မေးတယ်။ ပြီးတော့ အခန်းတစ်ခန်းထဲ ခေါ်သွားတယ်။ အဖေ့ခမျာ အသက်မရှူအားတော့ဘူး။ အမင်္ဂလာသတင်း ကြားရတော့မှာပဲ ထင်လိုက်တာကို။ မဟုတ်ပါဘူး။ သွေးလိုတဲ့အကြောင်း ပြောတာပါ။

ဒီတော့ အလုံးကြီး ကျသွားတယ်။ ဒါပေမဲ့ စိတ်ထဲမှာ သိပ်မကျေနပ်ဘူး။ သွေးလှူဘဏ်သွားပေးဖို့ ငါလုပ်မှ ဖြစ်မှာလားပေါ့။ မနက် ၅း၃၀ လောက်မှာ ဆရာဝန်တွေ ခွဲခန်းထဲက ထွက်လာကြလေတယ်။

အဖေ့ကို အခြေအနေ ရှင်းပြတယ်။ ဦးခေါင်းခွံတစ်နေရာကိုလှပ်ပြီး အဲဒီအခွံကလေးကို ဗိုက်ထဲမှာ သိမ်းထားပေးတဲ့ အကြောင်းလည်း ပြောတယ်။ ကျွန်မတို့ဆီမှာ လူနာရှင်ကို ဆရာဝန်တွေက ထွေထွေထူးထူး ရှင်းပြလေ့ မရှိပါဘူး။ အဖေက အားတက်လာပြီး မေးတယ်။ ဗိုလ်မှူးကြီးဂျူးနိုက်ကလည်း ရှင်းပြတယ်။ ဆရာဝန်ကြီးဒေါက်တာမမ်တက်ဇ်ကလည်း ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်မ အခြေအနေ ကောင်းလာပါတယ်။ လက်မောင်းနှစ်ဖက် လှုပ်နိုင်ပါတယ်။ နိုင်ငံကျော် ခွဲစိတ်ဆရာဝန်ကြီးသုံးဦး ရောက်လာပြီး ကျွန်မကို စစ်ဆေးပါတယ်။ ဗိုလ်မှူးကြီးဂျူနိတ်နဲ့ ဒေါက်တာ မမ်တာက်ဖ်တို့ရဲ့ လက်ရာကို ချီးကျူးသွားတယ်။

အကောင်းဆုံး ခွဲစိတ်မှုပဲလို့ မှတ်တမ်းတင်တယ်။ ဒါပေမဲ့ ကျွန်မကို သူတို့ ရာနှုန်းပြည့်နီးအောင် လုပ်ဆောင်မပေးကြဘူး။ ကောင်းကောင်းသတိရလာရင် ဦးနှောက်ဖိအား ပိုများလာမှာ စိုးလို့တဲ့။

ကျွန်မ ခွဲစိတ်ခန်းထဲက ထွက်လာပြီး သိပ်မကြာခင်မှာပဲ ပတ်ဝန်းကျင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။ ကော်တောင့်နေတဲ့ ယူနီဖောင်းနဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကာယာနီ ရောက်လာပြီး အဖေ့ကို ပြောပါတယ်။

"ခင်ဗျားနဲ့ ခင်ဗျားသမီးလေးအတွက် အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အနေနဲ့ တစ်နိုင်ငံလုံး ဆုတောင်းပွဲတွေ လုပ်နေကြတယ်"တဲ့။

အဲဒီနောက် ဗိုလ်မှူးကြီးဂျူနိတ်က ခွဲစိတ်ကုသပုံ အသေးစိတ်နဲ့ ရှေ့ဆက်လုပ်မယ့် အစီအစဉ်နဲ့ ပတ်သက်ပြီး ဗိုလ်မှူးကြီးကာယာနီကို ရှင်းပြတယ်။ ဗိုလ်ချုပ်ကြီးက စီတီစကင်တွေကို နိုင်ငံခြားပို့၍ ပါရဂူတွေရဲ့ ထင်မြင်ချက်တောင်းလို့ အကြံပေးညွှန်ကြားသွားတယ်။ အဲဒီနောက်ပိုင်း ဘယ်သူ့ကိုမှ ကျွန်မအနားကပ်ခွင့် မပေးတော့ဘူး။ ပိုးဝင်သွားမှာ စိုးလို့တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အင်မရန်ခန်းလို လူကို ဘယ်လိုလုပ် တားလို့ရမှာလဲ။ ပြီးတော့ တာလီဘန်တွေကို ပြောင်ပြောင်တင်းတင်း ဝေဖန်နေတဲ့ ပြန်ကြားရေးဝန်ကြီး မီရန်ဟူစိန်၊ သူ့သားကိုလည်း တာလီဘန်တွေပဲ ပစ်သတ်လိုက်တာ။ မီဒီယာတွေကိုတော့ လုံးဝအဝင်မခံဘူး။

○

www.burmeseclassic.com

www.burmeseclassic.com



# (၁၁)

## မာလာလာ သေလို့မဖြစ်

"မာလာလာ သေလို့မဖြစ်သေးဘူး။ သူ့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်"

လို့ ကျွန်မကို ဖျူးနေကျ ရုပ်သံသတင်းသမား ယောဒါပဟိုတီက ပြောခြင်းဖြစ်တယ်။

ညနေသုံးနာရီလောက်မှာ အင်္ဂလိပ်ဆရာဝန် နှစ်ယောက် ရဝါပန်ဒီကနေ ရဟတ်ယာဉ်နဲ့ ရောက်လာတာ။ ဘာမင်ဂမ် ဆေးရုံက ဒေါက်တာဂျာဗစ်ကာယာနီနဲ့ ဒေါက်တာဖီအိုရာရေနော် တို့ပါ။ သူတို့က ပါကစ္စတန်စစ်ဆေးရုံတွေမှာ အသည်းအစားထိုး ခွဲစိတ်မှုကို လာသရုပ်ပြတာပါ။ ကျွန်မတို့နိုင်ငံဟာ ပညာရေး တစ်ခုတည်းမှာသာ မဟုတ်ဘဲ ထိတ်လန့်စရာတွေ အပုံအပင်နဲ့ ပြည့်နှက်နေတဲ့ နိုင်ငံပါ။

အဲဒီနောက် ဗိုလ်ချုပ်ကြီး ကာယာနီက အရပ်ဘက်ဆေးရုံ တွေမှာ မလုပ်နိုင်တာတွေ စစ်ဆေးရုံက လုပ်ပေးမယ်လို့ ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့လူပါ။ သူက ဆရာဝန်တွေမပြန်ခင် ကျွန်မအခြေအနေ
အစအဆုံး အသေးစိတ် အစီရင်ခံဖို့ ထပ်ပြောပါတယ်။ ဆရာဝ
တွေက ကျွန်မ အပေါ်စစ်ရပြီးနောက်ပိုင်း အရှုဘာသာနဲ့ရေ
အင်္ဂလိပ်ဘာသာနဲ့ပါလွှင့်တဲ့ သတင်းတွေအားလုံးဖတ်ပြီး ကျွန်
ကို ခွဲစိတ်တဲ့ မှတ်တမ်း။ ဗီဒီယိုမှတ်တမ်းနဲ့ တွဲပေးလိုက်တယ်
စစ်ဦးစီးချုပ်နဲ့ အင်္ဂလန်က ဆရာဝန်တစ်ယောက်ဟာ မျိုးရိုးနာမ
ချင်းတူနေပေမယ့် သွေးမတော် သားမစပ်ပါဘူး။ ဒါပေမဲ့ တ
ယောက်နဲ့တစ်ယောက် သိနေကြတဲ့ မိတ်ဆွေဟောင်းတွေပါ။
ဒါကြောင့် ဒေါက်တာဂျာဗစ်ကို စစ်ဦးစီးချုပ်က မှာခဲ့တယ်။

သတင်းတွေက ကွဲလွဲမှုတွေရှိနေလို့ သူ မပြန်ခင် ကျွန်
ကို သေသေချာချာ စစ်ဆေးပေးဖို့ပါ။ အဲလီဇဘက်ဘုရင်မဆေး
အရေးပေါ်လူနာဌာန အကြံပေးပါရဂူတစ်ယောက်ဖြစ်တဲ့ ဒေါက်
တာဂျာဗစ်ကာယာနီက ခေါင်းညိတ်တယ်။ ဘာမင်ဂမ်ကဆေး
ဆေးရုံ အထူးအရေးပေါ်ဌာန ပါရဂူ ဒေါက်တာဖီယိုနာက ပတ်
ဝါကိုလာဖို့ လန့်နေတယ်။ နိုင်ငံခြားသားတွေအတွက် တားမြ
နယ်မြေလေ။ ဒါပေမဲ့ မိန်းကလေးတိုင်း ပညာတတ်မြောက်ရေး
လှုပ်ရှားမှုကို ကျွန်မ တစိုက်မတ်မတ် လုပ်နေမှန်းလည်း သိရေ
ကူညီဖို့ ချက်ချင်းသဘောတူလိုက်တယ်။

ဘာမင်ဂမ်က အထူးကုဆရာဝန်ကြီးနှစ်ယောက် ရောက်
လာတော့ အဖေ အားတက်နေတယ်။ ဝမ်းသာနေတယ်။ ခွဲစိတ်
တာက အောင်မြင်တယ်။ အချိန်လည်း ကိုက်တယ်။ ဒါပေမဲ့
ကျွန်မ လူကောင်းဖြစ်ဖို့က ခွဲစိတ်ပြီး နောက်ပိုင်းပြဿနာတွေနဲ့
ဆိုင်နေတယ်။ ဦးနှောက်နဲ့ အာရုံကြော ခွဲစိတ်ပြီးရင် အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးက အသက်ရှူနှုန်းကို စောင့်ကြည့်နေဖို့ပဲ။ နောက် ကာဗွန်ဒိုင် အောက်ဆိုဒ်နဲ့ အောက်ဆီဂျင် အချိုးညီညီ ပုံမှန်ပြန်ရောက်ဖို့ပဲ။

ဒါပေမဲ့ ပက်ရှ်ဝါမှာ မှောင်တဲ့အထိနေဖို့ မကောင်းတာနဲ့ ရဟာတ်ယာဉ်နဲ့ သူတို့ ပြန်သွားကြတယ်။ အဲဒီနောက် ဝင်ခွင့်မရှိဘဲ ဝင်လာတဲ့ ဧည့်သည်တစ်ယောက်ကတော့ ပြည်ထဲရေးဝန်ကြီး ရာမန်မာလစ်ပဲ။ သူက ကျွန်မအတွက် နိုင်ငံကူးလက်မှတ် ယူလာတယ်။ အဖေက ဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောပေမယ့် စိတ်ထဲမှာတော့ မသက်မသာ ဖြစ်နေတယ်။ အဲဒီည တည်းခိုဆောင် ရောက်တော့ အဖေက အမေ့လက်ထဲကို ကျွန်မနိုင်ငံကူး လက်မှတ် ထည့်လိုက်တယ်။

"အဲဒါ သမီးအတွက်ပဲ၊ နိုင်ငံခြားကို သွားရမှာလား၊ နိဗ္ဗာန်ကို သွားရမှာလား၊ ငါ နားမလည်တော့ဘူးကွာ"

ပြီးတော့ လင်မယားနှစ်ယောက် ဖက်ငိုကြတယ်။ အခန်းထဲမှာ သူတို့နှစ်ယောက် တီးတိုးတိုင်ပင်နေချိန်မှာ ကျွန်မဇာတ်လမ်း တစ်ကမ္ဘာလုံး ပျံ့နေတာ သူတို့မသိဘူး။ ကျွန်မကို ဆေးကုပေးဖို့ နိုင်ငံတကာက ကမ်းလှမ်းနေကြပြီလေ။ ကျွန်မအခြေအနေက တဖြည်းဖြည်း လျော့ကျလာနေပြီ။ အဖေက ဖုန်းလာတိုင်း မကိုင်တော့ဘူး။ အဖေ့ရင်ထဲမှာ သောကအပြည့် ဖြစ်နေတယ်။

"သမီးမရှိရင် ကျွန်တော် ဘယ်လိုနေရမလဲဆိုတာ ပြောပြစမ်းပါဗျာ" လို့ ငိုပြီးပြောရှာတယ်။

၀

www.burmeseclassic.com

www.burmeseclassic.com



(၃၂)

## ပါကစ္စတန်မှ ဘာမင်ဂမ်သို့

အင်္ဂါနေ့လယ်ပိုင်းမှာ ကျွန်မ အပစ်ခံရတယ်။ ကြာသပတေးနေ့ မနက်ကျတော့ အဖေက ကျွန်မဦးလေး ဖေဇ်မိုဟာမက်ကို ရွာမှာ အသုဘချဖို့ ပြင်ထားခိုင်းတယ်။ ကျွန်မကတော့ မျောနေတယ်လေ။ တဖြည်းဖြည်း အသက်ရှူနှုန်း နှေးလာနေပြီ။ မျက်နှာမှာရော တစ်ကိုယ်လုံးမှာပါ ရောင်ကိုင်းလာနေပြီ။ ကျောက်ကပ်ရော အဆုတ်ပါ အလုပ်မလုပ်တော့ဘူး။

"သိပ်ငယ်လွန်းပါသေးတယ်။ ၁၅–နှစ်ပဲ ရှိပါသေးတယ်ဗျာ။ ဒီအရွယ်ကလေးနဲ့ သူ့ဘဝက မတိုတောင်းဘူးလားဗျာတို့"

အဖေ့ရင်ထဲမှာ ပဲ့တင်ထပ်နေတဲ့ စကားလုံးတွေ။

ထိုစဉ် အရေးပေါ် ဆရာဝန်နှစ်ယောက် ကားနဲ့ရောက်လာတယ်။ သူတို့ကို ဗိုလ်ချုပ်ကြီးကာယာနီက လွှတ်လိုက်တာ။ ရောက်လာတဲ့ ဆရာဝန်တွေက ကျွန်မကို ဆေးရုံပြောင်းချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူတို့ချည်း မလုပ်နိုင်ဘူး။ တိပ်တန်းပါရဂူတစ်ယောက် ပါမှ ဖြစ်မယ်။

ဆေးရုံဝန်ထမ်းတွေက ဒေါက်တာဖီယိုနာ မှာခဲ့တာတွေ တစ်ခုမှ မလိုက်နာဘူး။ အဲဒီညမှာပဲ ကျွန်မအနာကို ပိုးဝင်ပါတော့တယ်။ နောက်တစ်နေ့မှာ ဆရာဝန် ဗိုလ်မှူးချုပ်အက်စ်လမ်းက ဒေါက်တာဖီယိုနာဆီကို ဖုန်းဆက်တယ်။

"မာလာလာ အခြေအနေ မကောင်းဘူး၊ သွေးပေါင်ချိန် ထိုးကျနေတယ်။ ပြီးတော့ သွေးကျဲတုန်းပဲ ရှိသေးတယ်"

ဒေါက်တာဖီယိုနာက အင်္ဂလန်ပြန်ဖို့ ပြင်နေပြီ။ လေယာဉ်ကွင်းဆင်းမယ့်ဆဲဆဲ၊ သေတ္တာတွေတောင် ပို့ထားပြီးပြီ။ အမျိုးသမီးက ကျွန်မကို ကူညီဖို့ ချက်ချင်းဆုံးဖြတ်လိုက်တယ်။ ပြီးတော့ ကျွန်မကို လေယာဉ်နဲ့ ခေါ်သွားမယ်လို့ အဖေ့ကို ပြောတယ်။ အသက်ငွေ့ငွေ့လေးဖဲရှိတဲ့ ကျွန်မကို ရဟတ်ယာဉ်ပေါ် ဘယ်လိုတင်မလဲဆိုတာ အဖေက စဉ်းစားနေတယ်။ ဒေါက်တာဖီယိုနာက သူလုပ်နေကျမို့ မပူဖို့ ပြောပါတယ်။

"မျှော်လင့်ချက်မရှိရင် ဒီကိုရောက်လာပါ့မလား"လို့ ပြောပါတယ်။ ဒေါက်တာဖီယိုနာရဲ့ သူနာပြုဆရာမနှစ်ယောက် နှလုံးရောဂါဌာနက သူနာပြုတွေကို ဦးခေါင်းဒဏ်ရာအကြောင်း အသေးစိတ် ရှင်းပြနေတယ်။ သူတို့က ပိုက်လိုင်းတွေ၊ ပိုးသတ်ကိရိယာတွေကို ဆေးရုံကပစ္စည်းတွေနဲ့ ဖြုတ်လဲတာ သုံးနာရီကြာတယ်။ တဖြည်းဖြည်းနဲ့ ပုံမှန်ပြန်ရောက်စပြုလာပြီလို့ သူတို့ကပြောတယ်။

ဆေးရုံက လုံခြုံရေးကတော့ အပြည့်ပဲ။ အစောင့်အပြုပ် တွေက တပ်မတစ်ခုလောက်တောင် ရှိမလားဘဲ။ ခေါင်မိုးပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ဖြောင့်တပ်သားတွေအပြည့်။ ဘယ်သူမှ ဝင်ခွင့်မရှိ။ လူနာတွေရဲ့ ဆွေမျိုးရင်းချာကလွဲလို့ပေါ့လေ။

ဆရာဝန်အားလုံး ယူနီဖောင်းဝတ်တွေချည်းပဲ။ အဖေနဲ့ အမေရဲ့ လုံခြုံရေးအတွက် ဗိုလ်မှူးတစ်ယောက်ကို တာဝန်ပေးထားတယ်။ ဦးလေးက အဖေ့ကို အပြောအဆို သတိထားဖို့ မှာလိုက်တယ်။

ကျွန်မ အပစ်ခံရတာနဲ့ ပတ်သက်လို့ တစ်ကမ္ဘာလုံး ဒေါသအမျက် ချောင်းချောင်းထွက်နေတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက…

**"ဒီလုပ်ရပ်ကို သူရဲဘောကြောင်တဲ့လုပ်ရပ်၊ မကောင်းဆိုးဝါးတွေရဲ့ လုပ်ရပ်လို့ ဝိဂြိုဟ်ပြုပါတယ်။ သမ္မတအိုဘားမားကတော့ ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံးနဲ့ ကြေကွဲဖွယ် အကောင်းဆုံးလုပ်ရပ်လို့ ပြောပါတယ်"**

ဒါပေမဲ့ ကျွန်မတို့ ပြည်တွင်းသတင်းစာတွေကတော့ သိပ်ထူးထူးခြားခြား အလေးအနက် မထားကြ၊ ဖြစ်ရိုးဖြစ်စဉ်လောက်ပဲ သတင်းရေးသားကြတယ်။

အမေရိကန်၊ ဂျာမနီ၊ စင်ကာပူ၊ ယူအေအီး၊ ဗြိတိန်နိုင်ငံတွေက ပုဂ္ဂလိက အလှူရှင်တွေကလည်း ကူညီဖို့ ကမ်းလှမ်းလာကြတယ်။ သူတို့အထဲမှာ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ၊ အရီဇိုးနားမှာ ဈေးဝယ်နေတုန်း သေနတ်ပစ်ခံရတဲ့ ကောဘရီယယ် ဂတ်စ်ပို့တို့လည်း ပါတယ်။ အဖေနဲ့အမေကို မတိုင်ပင်ဘူး၊ အားလုံးကို စစ်တပ်က စီစဉ်နေပါတယ်။ ဗိုလ်ချုပ်ကြီးကယာနိက ဒေါက်တာဂျာဗစ်ကို မေးတယ်။ နိုင်ငံခြား ပို့သင့်၊မသင့်။

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရေးဦးစီးချုပ်ဟာ အံ့ဩစရာ ကောင်းလောက်အောင် ကျွန်မအတွက် အချိန်တွေ ပုံအောပြီးပေးနေတယ်။

ထိုစဉ် ဗြိတိသျှအစိုးရက ကူညီမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ပါကစ္စတန်အစိုးရက တရားဝင် ထောက်ခံရမယ်တဲ့။ ကျွန်မတို့အစိုးရက တွန့်ဆုတ် တွန့်ဆုတ် လုပ်နေတယ်။ သိက္ခာကျမှာ စိုးနေတယ်။ ကံကောင်းချင်တော့ ယူအေအီးနိုင်ငံအစိုးရမိုင်းက လူချမ်းသာမိသားစု ပေါ်လာတယ်။ သူတို့က ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့ ပို့ပေးဖို့ ကမ်းလှမ်းလာတယ်။ ရိုးရိုးဂျက်မဟုတ်ဘူး။ ဆေးရုံဂျက်။ လေယာဉ်ပေါ်မှာ ဆေးရုံပစ္စည်း အပြည့်အစုံပါတယ်။

ဘာမင်ဂမ်က အဲလီဇဘက်ဘုရင်မကြီးဆေးရုံကို ပို့ရန် ဆေးရုံအုပ်ချုပ်ရေးပိုင်းက အထက်အရာရှိကို ချက်ချင်းဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောလိုက်တော့ ချက်ချင်းသဘောတူလိုက်တယ်။ ဒီလိုနဲ့ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ကျွန်မ ပထမဆုံး နိုင်ငံခြားခရီး ထွက်ခဲ့ရတယ်။

ဆရာဝန်ဗိုက်မှူးကြီးက အဖေ့ကို ပြောတယ်။ နောက်တစ်နေ့မနက်မှာ ယူကေကို သွားရမယ်။ အဖေတစ်ယောက်တည်းလိုက်ရမယ်တဲ့။ နိုင်ငံကူးလက်မှတ် အခက်အခဲကြောင့်လို့ ဆိုပါတယ်။ လုံခြုံရေးကိစ္စကြောင့် ဒီကိစ္စကို ဘယ်သူ့မှမပြောဖို့လည်း ဆရာဝန်က အဖေ့ကို ပိတ်ထားတယ်။

"သူတို့ကိုထားပြီး ကျွန်တော် သွားလို့မဖြစ်ဘူး ခင်ဗျာ" လို့ ပြောလိုက်တယ်။ အဖေ့ကိုလိုက်ခဲ့ရန် ခေါ်ပေမယ့် အဖေက ဘယ်လိုမှမလိုက်။ ကျွန်မကို ယုံကြည်စွာနဲ့ ခေါ်ပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ အုပ်ထိန်းသူအဖြစ် တာဝန်ပေးပါကြောင်း တောင်းဆို လေတယ်။

ဒီလိုနဲ့ အောက်တိုဘာလ ၁၅ ရက် တနင်္လာနေ့ မနက် ၅ နာရီမှာ ရောမယာဉ်တန်းကြီးနဲ့ ကျွန်မကို လေယာဉ်ကွင်း ပို့ပါတယ်။ လေယာဉ်ကွင်း အသွားလမ်းကို လုံးဝပိတ်ပစ်လိုက် တယ်။

လမ်းတစ်လျှောက်က အိမ်ခေါင်မိုးတွေပေါ်မှာ လက်ဖြောင့် တပ်ဖွဲ့တွေ ချထားသေးတယ်။ ယူအေအီးလေယာဉ်က အသင့် စောင့်နေတယ်။ အဆင့်မြင့် ဇိမ်ခံလေယာဉ်ကြီးတဲ့၊ နှစ်ယောက် အိပ်ကတ္တီပါမွေ့ရာကြီးပေါ်မှာ ကျွန်မကို တင်လိုက်တယ်။ ပထမ တန်းထိုင်ခုံ ၁၆ ခုံပါတယ်။ ဆေးရုံခန်းပါတယ်။ ဥရောပသူနာ ပြုတွေနဲ့ ဂျာမန်ဆရာဝန်တစ်ယောက် ပါတယ်။ လေယာဉ်က အဘူဒါဘီမှာ ဆီဝင်ဖြည့်ပြီး ဘာမင်ဂမ်ကို တန်းမောင်းတယ်။

○

www.burmeseclassic.com

www.burmeseclassic.com



(၃၃)

## ပထမဆုံး မိသားစုနှင့်စကားပြောခြင်း

သေနတ်မှန်ပြီး တစ်ပတ်အကြာ အောက်တိုဘာလ ၁၆ ရက်နေ့မှာ ကျွန်မ နိုးလာတယ်။ အိမ်နဲ့ မိုင်တစ်ထောင်ကျော် ဝေးတဲ့ နေရာကို ကျွန်မ ရောက်နေပြီ။ ကုပ်မှာတပ်ထားတဲ့ လေပြွန်ကနေ အသက်ရှူနေရတယ်။ စကားတော့ မပြောနိုင်သေးပါဘူး။

နောက်တစ်နေ့မှာ ကျွန်မ ပြန်နိုးလာတယ်။ ရောက်နေတဲ့ အခန်းက ထူးထူးဆန်းဆန်းမျိုးဆိုတာ သတိထားလိုက်မိတယ်။ လင်းထိန်နေတဲ့ အစိမ်းရောင်အခန်း ပြတင်းပေါက်မရှိ။ ပင်ရိုရာဇာ ဆေးရုံနဲ့ လုံးဝမတူဘူး။ ဆရာမတစ်ယောက်က ကျွန်မကို ခဲတံနဲ့ စာရေးစက္ကူကတ်ကလေးတစ်ခု ပေးတယ်။

ကျွန်မက ကောင်းကောင်းမရေးနိုင်သေးဘူး။ အဖေ့ဖုန်းနံပါတ်ကို ရေးချင်တာ ရေးလို့မရ ဖြစ်နေတယ်။ လက်က တွေ့တွတ်ဆွဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမင်ဂမ်မှာ ကျွန်မရောက်နေတဲ့အကြောင်း ဆရာမက ပြောတော့ ကျွန်မ နားမလည်ဘူး။ ဘာမင်ဂမ် ဘယ်မှာရှိမှန်း မသိဘူး။ ကမ္ဘာ့မြေပုံ ယူလာပြတော့ အင်္ဂလန်မှာပါလားဆိုတာ ကျွန်မ သိသွားတယ်။ ဒါပေမဲ့ ကျွန်မ ဘာတွေဖြစ်ခဲ့မှန်းမသိ။ ခေါင်းအရမ်းကိုက်တာပဲ။ ထိုးဆေးတွေကလည်း မတိုးဘူးထင် ပါရဲ့။ ဘယ်ဘက်နားက သွေးမတိတ်သေးဘူး။ တစိမ့်စိမ့် ထွက် နေတုန်းပဲ ရှိသေးတယ်။ ဘယ်ဘက်လက်လည်း ကောင်းကောင်း မလှုပ်နိုင်သေးဘူး။

ဆရာဝန် ဆရာမတွေ အခန်းထဲကို ဝင်ချည် ထွက်ချည်နဲ့ ပျာယာခတ်နေတုန်းပါပဲ။ ဆရာမတွေက ကျွန်မကို သင်ပေးတယ်။ မေးခွန်းမေးတဲ့အခါ ဟုတ်ရင် မျက်တောင်နှစ်ချက်ခတ်တဲ့။ ဘာ တွေဖြစ်နေတယ်။ ဒီဆေးရုံကို ဘယ်သူပို့ပေးတယ်ဆိုတာ မပြော ပြကြဘူး။ ကျွန်မမျက်နှာ ဘယ်ဘက်အခြမ်းက ကောင်းကောင်း အလုပ်မလုပ်ဘူးလို့ ကျွန်မ ခံစားရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဖေ့မှာ ပိုက်ဆံမရှိဘူး၊ ဒီကုန်ကျ စရိတ်တွေ ဘယ်သူပေးမလဲလို့ အမျိုးသမီးကို စာရေးပြီး မေးမိ တယ်။ အဲဒီအမျိုးသမီးက ပြန်ပြောတယ်။

"သမီးအဖေ ဘာမှမဖြစ်ဘူး၊ ပါကစ္စတန်မှာ ကောင်း ကောင်းမွန်မွန် ရှိနေတယ်။ ကုန်ကျစရိတ်အတွက် ဘာမှမပူနဲ့ နော်"

ရောက်လာသမျှ လူတွေကို ကျွန်မ ဒီမေးခွန်းနှစ်ခုပဲ ထပ် ကာ ထပ်ကာ မေးမိတယ်။ သူတို့ကလည်း ဖီယိုနာလို ထပ် တလဲလဲ ဖြေတယ်။ ကျွန်မ စကားကောင်းကောင်း မပြောနိုင်ပေ

www.burmeseclassic.com



ယ် စာတော့ အနည်းငယ် ရေးလာနိုင်တယ်။ အားလုံးက သင်ဆေးနေကြတယ်။ ကျွန်မ အရမ်းကြိုးစားနေတယ်။ ပထမဆုံး အဖေ့ကို တွေ့ချင်တယ်။ ဖုန်းပြောချင်တယ်။ အဲဒီအတွက် အလုပ်လုပ်ရင် ကောင်းမလားလို့ တွေးမိတယ်။

နောက်ဆုံးတော့ ဖီယိုနာက ပြီးခဲ့တဲ့အပတ်ထုတ် ပါကစ္စတန် သတင်းစာတစ်စောင် ယူလာပေးပါတယ်။

အဖေနဲ့ ဗိုလ်ချုပ်ကြီး ကာယာနီ စကားပြောနေတဲ့ပုံ။ တာဘက်ကလေး ခေါင်းပေါ်တင်ပြီး ကျွန်မမောင်လေးရဲ့နောက် က တစ်ပိုင်းတစ်စပုံဟာ အမေ့ပုံပါ။ ခြေထောက်နှစ်ဖက်ပဲ ပုံထဲ ပါပေမဲ့ အမေ့ပုံမှန်း ကျွန်မ သိနေပါတယ်။

"အဲဒါ ကျွန်မအမေ"လို့ ကျွန်မ ရေးပြလိုက်တယ်။ ညနေ င်းရောက်တော့ ဒေါက်တာဂျာဗစ် ရောက်လာတယ်။ သူ့လက် ထဲမှာ လက်ကိုင်ဖုန်း ပါလာတယ်။

"သမီးရဲ့မိဘတွေကို ဖုန်းခေါ်ပေးမယ်"လို့ ပြောတော့ ကျွန်မ ပျော်လိုက်တဲ့ဖြစ်ခြင်း။ "ဒါပေမဲ့ မငိုရဘူးနော် မာလာလာ၊ မျက်ရည်လုံးဝ မကျမှ ဖြစ်မယ်"တဲ့။

သူ့အသံက တိုးပေမယ့် ခပ်ပြတ်ပြတ် အမိန့်ပေးသံမျိုး။ ဒါပေမဲ့ ကြည်နူးမှုအပြည့်နဲ့ ကျွန်မကို တစ်သက်လုံး ကလိလာ တဲ့ အသံမျိုး။

"စိတ်ခိုင်ခိုင် ထားရမယ်နော်"

လို့ သူက ဖုန်းလှမ်းပေးရင်း ပြောသေးတယ်။ ကျွန်မ ခေါင်းညိတ်ပြတော့ သူကိုယ်တိုင် ဖုန်းခေါ်တယ်။ အဖေ့ကို နှုတ်ဆက်တယ်၊ ပြီးမှ ကျွန်မကို ဖုန်းလှမ်းပေးတယ်လေ။ အဖေ့အသံ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြားရပါပြီ။ ဒါပေမဲ့ စကားပြန်ပြောလို့ မရသေးပါဘူး။ ဒါပေမဲ့ ကျွန်မ သိပ်ကို ကျေနပ်သွားတယ်။

"ဖေဖေ လာခဲ့မယ်နော် သမီး၊ နှစ်ရက်အတွင်း ရောက်အောင်လာခဲ့မယ်။ ကဲ... နားတော့နော်"တဲ့။

နောက်မှ ကျွန်မသိတာက ဒေါက်တာဂျာဗစ်က အဖေ့ကိုလည်း မငိုဖို့ ပြောထားတာတဲ့။ မဟုတ်ရင် ကျွန်မအခြေအနေ ပိုဆိုးသွားလို့တဲ့လေ။ အမေနဲ့လည်း ခပ်တိုးတိုးပဲ ပြောတယ်။ အမေကတော့ ဆုတောင်းပေးရုံသက်သက်ပါပဲ။ သူတို့ ချက်ချင်းလိုက်မလာနိုင်တာ ငွေကြေးကြောင့်ဆိုတာ ကျွန်မ သိနေပါတယ်။ အဖေ့မှာ ပိုက်ဆံမှ မရှိတာ။ ချမ်းသာတဲ့ သူ့မိတ်ဆွေတွေဆီက အဖေ ပိုက်ဆံချေးချင် ချေးရမှာပေါ့။

○

www.burmeseclassic.com

www.burmeseclassic.com



(၃၄)

## မိသားစုများ လိုက်လာခြင်း

ကျွန်မ စကားပြောရတယ် ဆိုပေမယ့် ကျွန်မအသံကို သူတို့ ကြားရတာ မဟုတ်တော့ သိပ်စိတ်ချလက်ချ မနေနိုင်ကြသေးပါဘူး။

ကျွန်မ စကားကောင်းစွာ မပြောနိုင်သေးတဲ့အတွက် စကားပြောနိုင်အောင် ကြိုးစားနေပါတယ်။ အားလုံးကလည်း အားပေးနေကြတယ်။ ကျွန်မ စကားပြောနိုင်မှ စာမသင်ရတဲ့ မိန်းကလေးတွေရဲ့ စာသင်ခွင့်ရရေး ပြောနိုင်မှာပါ။

ဒီလိုနဲ့ ပဉ္စမနေ့မှာ ကျွန်မ အသံထွက်လာတယ်။ ဒါပေမဲ့ ကျွန်မအသံနဲ့ မတူဘူး၊ တစ်ယောက်အသံ ဖြစ်နေတယ်။ ရီဟာနာ ရောက်လာတော့ ကျွန်မ အပစ်ခံရတဲ့အကြောင်း ပြောဖြစ်ကြတယ်။ ပြီးတော့ အမျိုးသမီးပညာရေးအကြောင်း ကျွန်မတို့ ဆက်ဆွေးနွေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသံပြန်ထွက်လာတော့ ဒေါက်တာဂျာဗစ်ဖုန်းနဲ့ အိမ်ကို ဖုန်းဆက်တယ်။ ဒါပေမဲ့ ကိုယ့်အသံကိုယ် စိတ်မချဖြစ်နေတယ်။ အဖေ့ကို မေးကြည့်တယ်။

"သမီးအသံနဲ့ တူရဲ့လား အဖေ"

"တူပါတယ် သမီးရဲ့၊ ပိုတောင် ကောင်းနေသလိုပဲ၊ နေကောင်းသွားပြီလား"

"ကောင်းပါတယ်၊ ခေါင်းကိုက်တာတော့ ကျန်နေသေးတယ်၊ အဖေတို့ ဘယ်တော့လာမှာလဲ"

ဆိုတဲ့ မေးခွန်းကို ကျွန်မ ဆက်တိုက် မေးနေရတယ်။ သူတို့တွေ ဆေးရုံတည်းခိုဆောင်မှာပဲ ဆက်စောင့်နေကြရတယ်လို့ ပြောတယ်။

"မနက်ဖြန်မှာ မထူးရင် ကျွန်မ အစာငတ်ခံ ဆန္ဒပြမယ်" လို့ အမေက အဖေ့ကို ပြောတယ်။

"မင်းက တကယ့် မိန်းမပဲ။ ကျုပ်က တို့သားအဖနှစ်ယောက်ပဲ တက်ကြွလှုပ်ရှားနေတယ် အောက်မေ့တာ၊ ဘယ်လိုဆန္ဒထုတ်ဖော်ရမယ်ဆိုတာ မင်း ကောင်းကောင်းသိတာပဲ"

အမေပြောတဲ့ စကားကို အဖေက သက်ဆိုင်ရာဗိုလ်မှူးကိုသွားပြောတော့ ဗိုလ်မှူးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ အဲဒီတော့မှ ချက်ချင်းစီစဉ်တယ်။ ဆယ့်မိနစ်အတွင်း အစ္စလာမ်မာဘာတ်ကို ပြောင်းဖို့ လုပ်ပေးပါတယ်။

အစ္စလာမ်မာဘာတ်ရောက်တော့ ကက်ရှ်မီးယားအိမ်ဆောင်မှာ ထားတယ်။ အဲဒီနေရာက ပါလီမန်အမတ်တွေ တည်းတဲ့နေ

www.burmeseclassic.com



ရာလေ။ အဖေတို့ ဘာမင်ဂမ်ကို လိုက်မလာ၍ ဒေါက်တာဂျာဗစ်လည်း စိတ်မရှည်၍ သက်ဆိုင်ရာကို လှမ်းမေးတယ်။

ပြဿနာက စစ်တပ်နဲ့ မဆိုင်ဘူး။ အရပ်ဘက် ရုံးပြင်ကနွား အဆင့်ဆင့်မှာ တက်နေတာ။ အဖြစ်မှန်က ပြည်ထဲရေးဝန်ကြီး ရီမာန်မာလစ် ကိုယ်တိုင် လိုက်ပို့ဖို့ စီစဉ်နေတာ။ ပေရှည်ပြီပေါ့။ ပြီးတော့ ကျွန်မတို့မိသားစု ဗြိတိန်မှာ နိုင်ငံရေးခိုလှုံခွင့်တောင်းမှာ ဆိုးလို့တဲ့လေ။

ဒီအကြောင်းကို အမေနဲ့ အဖေက မစဉ်းစားမိဘူး။ ကျွန်မအတွက် စိတ်ပူနေတာပဲ သိနေတယ်။ အဖေဟာ သမ္မတဇာဒါရီကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြတယ်။ အားလုံးအဆင်ပြေအောင် စီစဉ်ပေးမယ်လို့ သမ္မတက ကတိပေးခဲ့လေတယ်။

နောက်ဆုံး အဖေနဲ့ အမေ နှစ်ရက်အတွင်း ဘာမင်ဂမ်ကို တကယ်ရောက်လာတော့မယ်ဆိုတာ သိတော့ ကျွန်မ တစ်ခုပဲ လှမ်းမှာလိုက်တယ်။ ကျောင်းလွယ်အိတ် ယူလာရန် မှာတယ်။ ဆွက်ကို ပြန်ယူဖို့ အချိန်မရရင် စာအုပ်သစ်တွေ ဝယ်လာပေး၊ မတ်လဆို စာမေးပွဲ ဖြေရမယ်လေ။ နှစ်ရက်ဆိုပေမယ့် ဆယ်ရက်လောက်ကြာတော့ ရောက်လာတယ်။ ကျွန်မ အရမ်းကိုပျော်နေတယ်။ တကယ်ပြောတာပါ။

၀

www.burmeseclassic.com

www.burmeseclassic.com



## (၃၅)

## မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့

ကျွန်မ ပါကစ္စတန်က ထွက်လာတာကို သတင်းအမှောင်ချထားပုံရတယ်။ ဒါပေမဲ့ ကျွန်မ ယူကေကို ထွက်သွားပြီဆိုတဲ့သတင်း။ ဘာမင်ဂမ်ဆေးရုံသွားမယ့်သတင်း အနံ့ရသွားရော။ အဲလီဇဘက်ဘုရင်မဆေးရုံကို သတင်းထောက် ၂၅၀ ကျော်ရောက်လာတယ်ဆိုပဲ။ အဲဒီအထဲမှာ ဩစတြေးလျလို ဂျပန်လို အဝေးကြီးက သတင်းထောက်တွေတောင် ပါသေးတယ်။ ဆေးရုံက အဲဒီလိုထိန်းလေ လူတွေက ကျွန်မနဲ့ တွေ့ချင်လေ ဖြစ်လာတာပေါ့။

ဝန်ကြီးတွေ၊ နိုင်ငံရေးသမားတွေ၊ သံတမန်တွေအပြင် ကင်းတာဘာရီက သာသနာပိုင်အဖွဲ့ တစ်ဖွဲ့တောင် ပါတယ်လေ။ ကျွန်မဆီကို သိပ်လှတဲ့ ပန်းစည်းတွေ အများကြီး ရောက်လာတယ်။ တစ်နေ့မှာတော့ ဇီယိုနာက ကတ်ပြားတွေ အထုပ်တွေ သယ်လာတယ်။ ကစားစရာတွေ ဓာတ်ပုံတွေလည်း ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ရဲ့အစ်နေ့ ရောက်ပြီမို့ ကျွန်မတို့ ဘာသာတူတွေဆီက လာတာလို့ အောင့်မေ့လိုက်တာပေါ့။ စာတိုက်တံဆိပ်တုံးတွေ ရိုက်ထားတယ်။ မွတ်စလင်တွေဆီကချည်းပဲ မဟုတ်။ ကမ္ဘာ့အရပ်ရပ်ကလာတာ၊ အများစုက ကျွန်မ အမြန်ဆုံးကျန်းမာပါစေလို့ ပို့တဲ့ကတ်ပြားတွေ။

ကျွန်မအတွက် အံ့သြကုန်နိုင်ဖွယ်ပါပဲ။ ကျွန်မအပြစ်ကို ကြည့်ပြီး ဖီယိုနာက ရယ်နေပါတယ်။

ကျွန်မအတွက် အံ့သြကုန်နိုင်ဖွယ်ပါပဲ။ ကျွန်မအဖြစ်ကို ကြည့်ပြီး ဖီယိုနာက ရယ်နေပါတယ်။

"မင်းတွေ့ရတာ အားလုံး မဟုတ်သေးဘူး မာလာလာ။ အထုပ်တွေ အများကြီး ကျန်သေးတယ်။ အလုံး ၈၀၀၀ လောက် ရှိမယ်။ တချို့လိပ်စာတွေ ကြည့်ပါဦး"

"မာလာလာ… ဘာမင်ဂမ်ဆေးရုံ"၊ ကတ်ပြားတစ်ခုရဲ့ လိပ်စာက "ခေါင်းကို သေနတ်ပစ်ခံရတဲ့ မိန်းကလေး၊ ဘာမင်ဂမ်"တဲ့။ ဒါလည်း ရောက်လာတာပဲ။ ကျွန်မကို မွေးစားချင်တဲ့ သူတွေ။ လက်ထပ်ပါရစေလို့ တောင်းတဲ့စာတွေ ပါသေးတယ်။ ရီဟာနာက ပြောပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကလေးတွေ သိန်းနဲ့ သန်းနဲ့ချီပြီး ကျွန်မကို ထောက်ခံနေကြတယ်။ ဆုတောင်း ပေးနေကြတယ်တဲ့။ အခြားလက်ဆောင်တွေလည်း ပို့ပေးကြတယ်။ ကျွန်မတန်ဖိုးအထားဆုံးကတော့ ဘေနာဇီယာဘူတိုရဲ့ သားသမီး တွေ ပို့လိုက်တဲ့ သူ့အမေရဲ့ခြုံထည်နှစ်ထည်ပဲ။ ခြုံထည်နှစ်ထည် ကို ကျွန်မ မျက်နှာနှစ်ပြီး နမ်းလိုက်ပါတယ်။ သူ့ကိုယ်နံ့ ရှိမလို ရငြားဆိုပြီး တအားရှိုက်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ တစ်ထည်မှာကပ်နေတဲ့ အနက်ရောင်ဆံပင်ရှည် တစ်ချောင်း သွားတွေ့တယ်။ ကျွန်မတစ်သက်လုံး မြတ်နိုးကိုး ကွယ်ရမယ့်ပစ္စည်း ဖြစ်သွားပြီ။ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း၊ နောင် ကုလသမဂ္ဂ ပညာရေးဆိုင်ရာ အထူးကိုယ်စားလှယ် ဂေါ်ဒွန်ဘ ရောင်းက "ကျွန်မ မာလာလာ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ၂၀၁၅ ခုနှစ် မှာ ကျောင်းမတက်နိုင်တဲ့ကလေး မရှိစေရဆိုတဲ့ ကြွေးကြော်သံ နဲ့ လှုပ်ရှားမှုတစ်ခု လုပ်နေပါတယ်"

ကျွန်မဆီကို သတင်းတွေ ဝင်လာပါတယ်။ ဝန်ကြီးတွေ၊ ရုပ်ရှင်မင်းသား မင်းသမီးတွေလည်း ပါတယ်။ တစ်ဆောင်ကတော့ ကျွန်မတို့ပြည်နယ်ရဲ့ နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံဟောင်းရဲ့မြေး ရေးပို့တယ်။ ဘီယွန်ဆေးကလည်း ကတ်ပြားပို့ပေးပြီး ဖေ့စ်ဘွတ် မှာ သူ့ဓာတ်ပုံ တင်ပေးလာတယ်။ ဆလီနာဂိုးမက်ဇ်က ကျွန်မ အကြောင်း တွစ်တာပေါ်မှာ ပြောပါတယ်။ မက်ဒေါနားက သီချင်း တစ်ပုဒ် ဆိုပေးတယ်။ ကျွန်မ အကြိုက်ဆုံး ရုပ်ရှင်မင်းသမီး ပရဟိတလုပ်ငန်းရှင် အိန်ဂျလီနာဂျိုလီကလည်း သတင်းလှမ်းရေး ပို့လာတယ်။

အလားတူ အဖေတို့ရောက်ပြီး လေးရက်အကြာမှာ သုံး နိုင်ငံက နိုင်ငံရေးသမားတွေ ကျွန်မကို ကူညီဖို့ ရောက်လာကြ တယ်။ ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး၊ ဗြိတိသျှနိုင်ငံရေးဝန်ကြီး၊ ယူအေအီးနိုင်ငံခြားရေးဝန်ကြီး၊ သူတို့အားလုံး ကျွန်မနဲ့ တွေ့ခွင့် မရကြပါဘူး။

ကျွန်မအဖေနဲ့သာ တွေ့ခွင့်ရပြီး ဆရာဝန်တွေက ကျွန်မ အခြေအနေကို ရှင်းပြရုံနဲ့ပဲ သူတို့ ကျေနပ်ကြရတယ်။ အလားတူ

www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂက ကျွန်မ အပစ်ခံရပြီး တစ်လနဲ့တစ်ရက် အကြာ နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ကြေညာချက်တစ်စောင် ထုတ်တယ်။ အဲဒီနေ့ကို "မာလာလာနေ့"လို့ သတ်မှတ်လိုက်တယ်တဲ့။ အဲဒီနေ့က ကျွန်မမျက်နှာကို ခွဲစိတ်ကုသရမယ့် အရေးကြီးဆုံးနေ့လေ။ ကျွန်မမျက်နှာ ခွဲစိတ်တာကို လုံးဝလျှို့ဝှက်ထားတယ်။ အဆင့်ဆင့် ခွဲစိတ်ကုသရင်းက ကျွန်မမျက်နှာက ၈၀ ရာခိုင်နှုန်း ပြန်ကောင်းလာပါပြီ။

ခွဲစိတ်ပြီး မကြာမီမှာပင် ကျွန်မဆီကို ပထမဆုံး ဧည့်သည်တစ်ယောက် ရောက်လာပါတယ်။ ပါကစ္စတန်သမ္မတ အစစ်ဇာဒါရီပါ။ ဆေးရုံကတော့ ဘယ်ဧည့်သည်မှ မလာစေချင်ပါ။ အဖေ့အနေနဲ့ ငြင်းဖို့ခက်နေတယ်လေ။ ဒါပေမဲ့ သတင်းကောင်း ပါလာတယ်။ အစိုးရအနေနဲ့ ဆေးရုံစရိတ်တွေ ကျခံမယ်တဲ့။ စုစုပေါင်း ပေါင် ၂၀၀၀၀၀ ကြီးများတောင်တဲ့။ ပြီးတော့ ဘာမင်ဂမ်မြို့လယ်ကောင်မှာ တိုက်ခန်းတစ်ခန်း ငှားပေးတယ်။

သမ္မတက မဟာမင်းကြီးကို ညွှန်ကြားပါတယ်။ အဖေ့ကို ပညာရေးသံမှူးရာထူး ခန့်ထားပေးဖို့။ သံတမန်နိုင်ငံကူးလက်မှတ် လုပ်ပေးဖို့ ပြောပြီးမှ ဆက်ရှင်းပြပါတယ်။

၂၀၀၃ ခုနှစ် နှစ်ဆန်းဟာ ကျွန်မတို့အတွက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေတဲ့ နှစ်သစ်ပါပဲ။ ဇန်နဝါရီလအစောပိုင်းမှာ ကျွန်မ ဆေးရုံက ဆင်းရပါတယ်။ မိသားစုရဲ့ မေတ္တာအေးရိပ်မှာ မေးမိုတ်ခွင့် ပြန်ရခဲ့ပါလေပြီ။

၀

www.burmeseclassic.com

www.burmeseclassic.com



(၃၆)

# လူသားတွေရဲ့ကျေးဇူးကို မမေ့ပါ

ကျွန်မ ဆေးရုံက ဆင်းခွင့်ရပေမယ့် အပြီးအပိုင် ဆင်းရ တာ မဟုတ်။ ခွဲစိတ်စရာတွေ ရှိသေးတယ်လို့ ပြောပါတယ်။ ပါကစ္စတန်အစိုးရက ကျွန်မတို့အတွက် ဧရာမအခန်းကြီးနှစ်ခန်း ပါတဲ့ ပရိဘောဂ အပြည့်အစုံနဲ့ တိုက်ခန်းငှားပေးထားတယ်။ ဘာမင်ဂမ်မြို့လယ်က လူကုံထံရပ်ကွက်မှာပါ။ ဆယ်ထပ်မှာဆို တော့ အမြင့်ကြီးပေါ့။

ဘာပဲပြောပြော မိသားစု ပြန်ဆုံကြတော့ ကျွန်မတို့အား လုံး ပျော်နေကြတယ်။ ကျွန်မတို့တိုက်ခန်းက နာမည်ကျော် လမ်းကျယ်ပေါ်မှာ၊ အစည်ကားဆုံးလမ်းပေါ့။ ညကလပ်တွေ၊ ဈေးဆိုင်တွေ အပေါဆုံးလမ်းလေ။ အဖော်အချွတ်ပါတဲ့ ဘီယာ ဆိုင်တွေလည်း ပေါမှပေါ။

ဈေးဝယ်ဝါသနာမပါပေမယ့် အမေနဲ့လိုက်ပြီး ကျွန်မ ဈေး ဝယ်ဖြစ်ပါတယ်။ ညညမှာ အပြင်ထွက်ရင် အမျိုးသမီးတွေ တို

www.burmeseclassic.com

www.burmeseclassic.com



နံ့နံ့ကလေးတွေ ဝတ်ထားတာတွေ့ရင်အမေက ရင်သပ်ရှုမော ပြောတတ်ပါတယ်။

"ငါတော့ ချမ်းလို့ သေတော့မယ်အေ။ သူတို့အသားတွေ က သံနဲ့လုပ်ထားသလား မသိဘူး"လို့ ပြောတတ်ပါတယ်။ ကျွန်မ တစ်နေ့တခြား အားပြည့်လာပါပြီ။ ဒါပေမဲ့ ခွဲစိတ်စရာတွေ ကျန် ပါသေးတယ်။ ဦးခေါင်းခွံ ပြန်မထည့်ရသေးဘူး။ ကျွန်မရဲ့အကြား အာရုံ ပြန်ရဖို့လိုသည်။ ဆရာဝန်တွေ စိတ်ပူနေကြဆဲပဲ။ အပြင် ထွက်လို့ လူတွေထဲ ရောသွားရင် အဖေနဲ့အမေ ဘာပြောနေမှန်း ကျွန်မ မသိတော့ပါဘူး။ နားထဲမှာ သံသေးသံညှောင်ကလေးတွေ တွံကွံကွကွနဲ့ အော်နေသံပဲ ကြားနေရတယ်။

ဖေဖော်ဝါရီလ ၂ ရက် စနေနေ့မှာ ဆေးရုံပြန်တက်ရပါ တယ်။ ဒီတစ်ခါ ခွဲတာက အမျိုးသမီး ဆရာဝန်ပါ။ သူ့နာမည်က အန်ဝင်ဗိုက်တဲ့။ ကျွန်မရဲ့ဗိုက်ထဲက ဦးခေါင်းခွံကို ပထမ ထုတ် ယူလိုက်တယ်။ သေသေချာချာ စစ်ဆေးပြီး ပြန်မသုံးဖို့ အမျိုး သမီးက ဆုံးဖြတ်လိုက်တယ်။ သူ သိပ်မသက်ာလို့ ပြန်မသုံးဘူး တဲ့။ ပိုးဝင်နိုင်လို့တဲ့။ အဲဒါအစား တိုက်တင်နီယံသတ္တုပြားထည့် ဆေးတယ်။ ဝက်အူရှစ်ချောင်းနဲ့ မင်ဆင်ပေးတယ်တို့၊ ခုတော့... ကျွန်မရဲ့ဦးနှောက်အတွက် မပူရတော့ဘူး၊ ဖုံးပြီးသွားပြီ။

တစ်ဆက်တည်းမှာပဲ ကျွန်မကို အာရုံကြောတွေ ပြင်ပေး တဲ့ ဆရာဝန်ကြီး ဒေါက်တာအိုင်ဗင်းက ကျွန်မရဲ့နားစည်ကို ခွဲ စိတ်ပြီး တို့ချင်လီယာလို့ခေါ်တဲ့ အီလက်ထရွန်နစ်အာရုံခံပစ္စည်း ကလေးတစ်ခု နားထဲ ထည့်ပေးပါတယ်။ နောက်တစ်လအကြာ ကျွန်မဦးခေါင်းအပြင်ပိုင်းကို နောက်ဆုံးအချောကိုင် ခွဲစိတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ကောင်းကောင်းပြန်ကြားနိုင်လိမ့်မယ်လို့ ဒေါက်တာ အိုင်ဗင်းက ပြောပါတယ်။

အဲဒီနေ့က ခွဲစိတ်ခန်းထဲမှာ ငါးနာရီ ကြာပါတယ်။ ဆေးရုံမှာ ငါးရက်နေခဲ့ရပေမယ့် ကျွန်မစိတ်ထဲ အကြီးစားခွဲစိတ်မှုလို့ မထင်ခဲ့ဘူး။ နောက်နှစ်ပတ်လောက်ကြာတော့ ကျွန်မရဲ့ နား အစုကလေး စပြီးအလုပ်လုပ်ပြီ ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် တဖြည်းဖြည်း ကြည်လာတယ်။

အင်း… ကျွန်မတို့တစ်တွေ ဘုရားသခင်ရဲ့ တန်ခိုးကို မသိကြ။ မမြင်ကြဘူးနော်။ ကိုယ်တော်အရှင်မြတ်က ကျွန်မတို့ကို အံ့သြကုန်နိုင်ဖွယ် ဦးနှောက်ကို ပေးသနားတော်မူတယ်။ ကျွန်မအသက်ကို သေမင်းလက်ထဲက ပြန်လုယူပေးခဲ့တဲ့ ဆရာဝန်ကြီးများရဲ့ ဂုဏ်သတ္တိကို ဖန်ဆင်းတော်မူခဲ့တဲ့အတွက်လည်း ဘုရားသခင်ကို ကျွန်မ ကျေးဇူးတင်နေပါတယ်။ လူတွေမှာ ရွေးချယ်စရာ နှစ်လမ်းရှိပါတယ်။ လမ်းကောင်းနဲ့ လမ်းဆိုးပေါ့။ လူဆိုးတစ်ယောက်ရဲ့လက်ချက်နဲ့ ကျွန်မ သေတွင်းအဝကိုရောက်ခဲ့တယ်။

ဘုရားသခင်ထံမှာ ကျွန်မ အမြဲဆုပန်ပါတယ်။

"အရှင်ဘုရား… တပည့်တော်မ လူတွေကို ကူညီနိုင်ဖို့ တပည့်တော်မအား ကူညီတော်မူပါဘုရား"

ဟု ဆုတောင်းနေမိပါတယ်။ နိုင်ငံတကာ မိတ်ဆွေများရဲ့ မေတ္တာကြောင့် ကျွန်မ အသက်ရှင်နေပါတယ်၊ စိတ်ထဲမှာ ဒုတိယဘဝ ထင်နေတယ်လေ။ အဲဒီ ဒုတိယဘဝဟာ လူသားတွေကပေး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘဝလို့လည်း ပြောနိုင်ပါတယ်။ ဒါကြောင့် လူသားတွေရဲ့ ကျေးဇူးကို ကျွန်မ တုံ့ပြန်ရမှာပါ။ လူတွေက ကျွန်မအကြောင်း ပြောကြရင် မာလာလာ အကြောင်းလို့ပဲ ကျွန်မ ထင်တယ်။ တာလီဘန်တွေ ပစ်သတ်ခဲ့တဲ့ မိန်းကလေးလို့ မထင်ဘူး။

O

www.burmeseclassic.com

www.burmeseclassic.com



# (၃၇)

## သမီးကြောင့် နာမည်ကြီးခဲ့

မတ်လထဲမှာ အိမ်တစ်လုံးငှားပြီး တိုက်ခန်းကနေ ပြောင်းခဲ့ကြပါတယ်။ စိမ်းစိမ်းစိုစိုနဲ့ အရိပ်အာဝါသကောင်းတဲ့ လမ်းပေါ်က အိမ်ကြီးတစ်လုံးပါ။ ဒီအိမ်ကိုရောက်တော့ ကျွန်မစိတ်ထဲ စခန်းချပျော်ပွဲလို့ ထင်နေပါတယ်။ ကျွန်မတို့ပစ္စည်းမှန်သမျှ ဆွတ်မှာ ကျန်ခဲ့တာကိုး။

တစ်အိမ်လုံး ကတ်ပုံးတွေနဲ့ ပြည့်နေပါတယ်။ ကျွန်မကို ချစ်တဲ့လူတွေဆီက ပို့လာတဲ့ ပစ္စည်းတွေ ကတ်ပြားတွေလေ။ အခန်းတစ်ခန်းထဲမှာ စန္ဒရားကြီးတစ်လုံး။ ကျွန်မတို့ ဘယ်သူမှ မတီးတတ်ကြပါ။

အိမ်ကြီးကကြီးပြီး လူနည်းတော့ ချောင်ကျယ်ကျယ်ကြီး ဖြစ်နေတာပေါ့။ ဒီအိမ်ကြီးက လျှပ်စစ်စနစ်ထိန်း သံပန်းအတံခါးကြီးနဲ့ အဝေးကြီးလို့ ထင်ရတယ်။ အိမ်နောက်ဖေးဘက်မှာ ရေပန်းခြံကြီးရှိတယ်။ ကျွန်မတို့မောင်နှမတွေ ပရစ်ကက်ရိုက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတော် ဖြစ်နေရတယ်။ ဒါပေမဲ့ ကျွန်မတို့ဆီက အိမ်တွေလို ခေါင်မိုးပေါ်တော့ တက်ဆော့လို့မရဘူးပေါ့။

ကျွန်မတို့အိမ်မှာစားတဲ့အတိုင်း အင်္ဂလန်မှာ စားပါတယ်။ နေ့လယ်စာထမင်းနဲ့အသားဟင်း။ နံနက်စာကိုတော့ ကြက်ဥကြော်နဲ့ ချပါတီပေါ့။ တစ်ခါတလေတော့လည်း ကျွန်မတို့ရိုးရာဓလေ့အတိုင်း ပျားရည်ကို အငယ်ကောင် အတဲလ် သတိပေးလို့ စားဖြစ်ကြပါတယ်။ ဘာပဲချက်ချက်၊ ဘာဟင်းနဲ့စားစား ဘယ်တော့မှ မကုန်။ ဒါတွေကို ကြည့်ကြည့်ပြီး အမေမျက်ရည်လည်တယ်ဆိုတာ ကျွန်မရိပ်မိတယ်။ အိမ်မှာ ဟင်းကျန်ကျွေးကျန် လာလာတောင်းတဲ့ ဆွက်က ကလေးတွေကို သူ ပြန်သတိရနေတာလေ။

ကျွန်မတို့မှာ ပိုက်ဆံများများ မရှိပါ။ အဖေနဲ့ အမေဟာ ဆင်းဆင်းရဲရဲ နေခဲ့ဖူးပါတယ်။ ဒါပေမဲ့ အမေ့ဆီ အကူအညီလာတောင်းရင် ဘယ်တော့မှ လက်ချည်းပြန်မလွှတ်ဘူး။ ဘာမင်ဂမ်မှာ အမေပျင်းနေမှန်း ကျွန်မ သိပါတယ်။ သူက အိမ်နီးနားချင်းတွေနဲ့ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေချင်တာ။ ဆွက်က အိမ်မှာဆိုရင် အမျိုးသမီးတွေ ညတိုင်း အမေ့ဆီ လာလည်ကြတယ်။ အိမ်မှာ ခေတ်မီပစ္စည်း အပြည့်အစုံ ရှိပေမယ့် အမေ့အတွက် အားလုံး စိမ်းလွန်းနေတယ်လေ။

မီးခလုတ်တွေကို မဖွင့်ထတ်ဘူး။ အဝတ်လျှော်စက်ကလည်း အမေ့အတွက် ဦးနှောက်ခြောက်စရာ၊ တီဗီတောင် ကျွန်မဖွင့်ပေးမှ။ အဖေက သူ့ထုံးစံအတိုင်း ဘယ်တော့မှ မီးဖိုချောင်မဝင်ပါဘူး။ အမေ့ကို တစ်ချက်မှ ဝင်မကူဘူး။ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်တောင် ကူဆေးဖော်မရှာဘူး။ ဒါကြောင့် ကျွန်မက မကြာမကြာ စပါတယ်။

"အဖေက ပြောတော့ အမျိုးသမီးအခွင့်အရေး၊ ဒါပေမဲ့ အိမ်မှာကျတော့ အမေ့ကို တစ်ချက်မှ ဝင်မကူဘူး"

ဘတ်စ်ကားတွေ ရထားတွေ အများကြီးရှိပေမယ့် ကျွန်မတို့ မစီးတတ်သေးပါဘူး။ အိမ်မှာ ဝုန်းဝုန်းဒိုင်းဒိုင်း အသံကြားရင် ငိုပြီး ကျွန်မကို ပြေးဖက်တယ်။

"သမီး... သမီးလေး... ဘာမှမဖြစ်ဘူးနော်"လို့ ကြောက်အား လန့်အား ပြောတတ်တယ်။ ကျွန်မက အကြီးဆုံးဖြစ်ပေမယ့် အထွေးဆုံးလေးလို သဘောထားနေတယ်လေ။ အဖေလည်း မကြာ မကြာ ကျိတ်ငိုတာ ကျွန်မသိတယ်။ ကျွန်မဆံပင်တစ်ဖက်ကို ခွဲပြီးချလိုက်လို့ ခေါင်းပေါ်က အမာရွတ်ကြီးကိုမြင်တိုင်း သူ တစ်ဖက်လှည့်ပြီး မျက်ရည်ကျတယ်။

နေ့လယ်နေ့ခင်းမှာ တစ်ရေးနိုးလာလို့ ကျွန်မတို့မောင်နှမတွေ ပန်းခြံထဲမှာ ဆော့ကစားသံ ကြားရင်... "သြော်... ငါ့သမီးလေး အသက်ရှင်နေသေးပါလား"ဆိုပြီး ဟင်းချက်ရင်လည်း ကျိတ်ငိုတတ်တယ်။ လူတွေက ပြောကြတယ်လေ။ ကျွန်မ အပစ်ခံရတာ သူ့ကြောင့်တဲ့။ သူက တင်းနစ်ချန်ပီယံ ဖြစ်ချင်သလို ကျွန်မကို စကားပြောချန်ပီယံ ဖြစ်စေချင်တာကိုး။

သူက အနှစ်နှစ်ဆယ်လုံးလုံး လုပ်ခဲ့တဲ့ အလုပ်တွေဟာ ဘာမှ အရာမထင်တော့သလို နောက်မှာ ကျန်ခဲ့သလိုပဲ။ သူတည်ဆောက်ခဲ့တဲ့ ကျောင်းသုံးကျောင်း ဘာဖြစ်ကျန်ခဲ့ပြီလဲ။ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားထောင့်တစ်ရာနဲ့ ဆရာ ဆရာမ ခုနစ်ဆယ်တို့ရဲ့ အနာဂတ် ဘယ်လိုဖြစ်ကုန်ပြီလဲ။

အဖေဟာ သူ့ရဲ့လုပ်ဆောင်အောင်မြင်ချက်တွေအတွက် အလွန်အမင်း ဂုဏ်ယူခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ အဖေဟာ ရွာကလေး တစ်ရွာက ဆင်းရဲသားလေးတစ်ယောက်ပါ။ နှင်းတွေဖုံးနေတဲ့ တောင်တန်းကြီးတွေ၊ အကာလ ညအခါမှာ မည်းမည်းမှောင်နေတဲ့ တောင်တန်းကြီးတွေရဲ့အောက်မှာ သူမွေးလာတာပါ။ အဖေက ပြောတတ်တယ်။ ဘာပဲပြောပြော သူ့ရပ်သူ့ရွာကို ဂုဏ်ယူနေမှန်း ကျွန်မ သိပါတယ်။ အဖေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို ကျွန်မ မှတ်မိနေတယ်။

**"ခင်ဗျား သစ်ပင်တစ်ပင်ကို စိုက်တယ် ဆိုပါတော့၊ အဲဒီ အပင်ရိပ်မှာ ခင်ဗျား နားခိုခွင့်ရှိမှာပေါ့"**

အဖေ့ရဲ့အိပ်မက်က ရောမကျောင်းကြီးတွေ ဆောက်မယ်၊ ကိုယ့်မြို့ ကိုယ့်ရွာရဲ့ ပညာရေးအဆင့်ကို မြှင့်မယ်၊ ပြီးတော့ ကျောင်းသားတွေရဲ့ ပညာအရည်အချင်းကို မြှင့်မယ်။ အဲဒီကမှ တစ်ဆင့် ဒီမိုကရေစီကို သွားမယ်။ အဲဒီ ဒီမိုကရေစီရဲ့ အသီး အပွင့်တွေကို ငြိမ်းချမ်းစွာ ခံစားကြမယ်။ ဆွက်မှာ အဖေဟာ လူရိုသေ ရှင်ရိုသေပါ။ လူအားလုံးကို အကူအညီပေးတယ်။ လူမှု ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ လုပ်တယ်။ နိုင်ငံခြားသွား နေဖို့ သူ အိပ်မက်တောင် မမက်ဖူးဘူး၊ ယူကေမှာ သွားနေဖို့ အခြေအနေ ဖြစ်လာတော့ သူ စိတ်ဓာတ်ကျသွားတယ်။

ကျွန်မတို့ဘဝဟာ စစ်ပြေးဒုက္ခသည်နဲ့ သိပ်မထူးသလိုပါပဲ။ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ တူသလိုလိုပဲ။ အိမ်ကိုလွမ်းတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ ကျွန်မတို့ ဆွက်အကြောင်းကို ပြန်ပြောဖြစ်ကြပါတယ်။ အားလုံးကိုလွမ်းတာ။ နံနံစော်စော် ချောင်းကလေးကအစ ကျွန်မတို့ ပြန်ပြီးသတိရနေကြပါတယ်။

ဆွက်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေဟာ ဟိုတုန်းက ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုအဟောင်းတစ်ပုဒ်လို ဖြစ်နေတယ်။ အဖေက ပညာရေးနဲ့ ပတ်သက်တဲ့ အစည်းအဝေးတွေမှာပဲ အချိန်ကုန်နေတယ်။ သူကြုံနေရတဲ့ ခိုးလိုးခုလု အဖြစ်တစ်ခုက အခြားမဟုတ်ဘူး။

သူ့နားကို လူတွေပြုနေတာဟာ ကျွန်မအကြောင်းကို သိချင်ကြလို့ပါ။

အရင်တုန်းက ကျွန်မဟာ အဖေ့ရဲ့သမီး၊ ခုတော့ သူက သမီးရဲ့အဖေ။ ကျွန်မအတွက် ဆုယူဖို့ ပြင်သစ်ကိုသွားတော့ ပရိသတ်ကို အဖေက ဒီလိုပြောခဲ့သတဲ့။

"ကျွန်တော် ကြီးပြင်းခဲ့တဲ့ ကမ္ဘာအခြမ်းမှာ လူတော်တော်များများဟာ သူတို့သားတွေကြောင့် လူသိများခဲ့ကြတယ်။ ကျွန်တော် တစ်ယောက်ပဲ ကံကောင်းထောက်မစွာနဲ့ သမီးကြောင့် နာမည်ကြီးခဲ့တယ်"

ဝ

www.burmeseclassic.com

www.burmeseclassic.com



# (၃၈)

## ကုလသမဂ္ဂရောက် မာလာလာ

ကျွန်မရဲ့ကမ္ဘာဟာ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။ ကျွန်မတို့အိမ်ရဲ့ ဧည့်ခန်းက စင်တွေပေါ်မှာ ကမ္ဘာအရပ်ရပ်က ကျွန်မရတဲ့ဆုတွေနဲ့ ပြည့်နေပါပြီ။ အမေရိကန်၊ ပြင်သစ်၊ စပိန်၊ အီတလီနဲ့ ဩစတြေးလျနိုင်ငံအပြင် အခြားနိုင်ငံတွေကရတဲ့ ဆုတွေလည်း မနည်းနော။ ဒါတွေအပြင် ကျွန်မကို အငယ်ဆုံး နိုဘယ်ဆုရှင်အဖြစ် ရွေးချယ်ဖို့ စာရင်းတင်ထားကြပါသေးတယ်တဲ့။

ကျောင်းမှာတုန်းက ကျောင်းအတွက် ကျွန်မရဲ့လုပ်ရပ်တွေအတွက် ဆုရရင် ကျွန်မ ပျော်ပါတယ်။ ဒါပေမဲ့ အဲဒီဆုမျိုးတွေက တခြား၊ အဲဒီတုန်းကထက် ကျွန်မရဲ့အရှိန်ကို မြင့်ရပါတော့မယ်။ ကျွန်မကို တာလီဘန်တွေ ပစ်သတ်သွားတဲ့ မာလာလာ အဖြစ် မမြင်စေချင်တော့ဘူး။ ပညာရေးတိုက်ပွဲဝင် မာလာလာ အဖြစ်ပဲ မြင်စေချင်တယ်။ အဲဒီအတွက် ကျွန်မဘဝကို တစ်ဘဝလုံး ပေးဆပ်ပြီး လုပ်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆယ့်ခြောက်နှစ်ပြည့်တဲ့နေ့က နယူးယောက်ကို ရောက်နေပါတယ်။ ကုလသမဂ္ဂမှာ စကားပြောဖို့ပါ။ ရောမခန်းမ ဆောင်ကြီးထဲမှာ မတ်တတ်ရပ်ပြီး ပရိသတ်ကို စကားပြောဖို့ဆို တာ လိပ်ပြာလွင့်မတတ် ကြောက်ဖို့ကောင်းတဲ့ ကိစ္စပါ။ ပြီးတော့ ပရိသတ်က ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ။ ဒါပေမဲ့ ကျွန်မ ဘာ ပြောရမလဲဆိုတာ သိနေပါတယ်။ ကျွန်မရဲ့ဒုတိယအသံကို နား ထဲမှာ ပြန်ကြားလိုက်ရပါတယ်။

"မာလာလာ... အဲဒါ နင့်ရဲ့ ကြုံတောင့်ကြုံခဲ အခွင့် အရေးပဲ"

ကျွန်မရှေ့က ပရိသတ်က လူ(၄၀၀)တည်းပါ။ ဒါပေမဲ့ ကျွန်မစိတ်ထဲ သန်းပေါင်းများစွာလို့ ထင်နေတယ်။ မိန့်ခွန်းပြော ဖို့ ကျွန်မ ရေးယူလာတာ ကုလသမဂ္ဂလူကြီးတွေအတွက်သာ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးကို ပြောဖို့ပါ။ အဲဒီတစ်ကမ္ဘာလုံးက မှ အပြောင်းအလဲဖြစ်အောင် လုပ်နိုင်မှာလေ။ ကျွန်မက ကမ္ဘာ ကြီးထဲမှာ ဆင်းရဲမွဲတေနေတဲ့ လူတွေဆီကို အရောက်သွားချင် တာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်နေရတဲ့ ကလေးတွေဆီ အရောက်သွားချင်တာ။

ပြီးတော့ အကြမ်းဖက်သမားတွေကို ကြောက်နေရတဲ့လူ တွေ၊ ပညာမတတ်ရှာတဲ့ လူတွေဆီကိုရောပေါ့။ ကျွန်မရဲ့စကား လုံးတွေကိုကြားပြီး သူတို့ရဲ့အခွင့်အရေးကို နားလည်လာပြီး ဟောဒီနေရာမှာရပ်လို့ ဟောဒီလူကြီးတွေရှေ့မှာ ရပ်ပြီး ပြော ဆိုရဲ တောင်းဆိုရဲတဲ့ ကလေးတွေဆီကိုလည်း ကျွန်မရောက် သွားချင်တဲ့ ဆန္ဒပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကျွန်မအကြိုက်ဆုံး ဘနာဇီယာဘူတိုရဲ့ခေါင်းစည်းအဖြူလေးကို စည်းသွားပါတယ်။ အဲဒီပုံစံနဲ့ရပ်ပြီး ကမ္ဘာအရပ်ရပ်က ကလေးများရဲ့ အခမဲ့ပညာသင်ကြားခွင့်ကို ကမ္ဘာ့ခေါင်းဆောင်တွေရှေ့မှာ ကျွန်မ တောင်းဆိုနေတာပါ။

"ကျွန်မတို့အားလုံး စာအုပ်တွေ၊ ကလောင်တံတွေကို ကောက်ကိုင်ကြပါစို့။ ဒါတွေဟာ ကျွန်မတို့ရဲ့ အင်အားအကြီးဆုံး လက်နက်တွေပါပဲ။ ကလေးတစ်ယောက်၊ ဆရာတစ်ယောက်၊ စာအုပ်တစ်အုပ်နဲ့ ကလောင်တစ်ချောင်းဟာ ကမ္ဘာကြီးကို ပြောင်းလဲသွားစေနိုင်ပါတယ်"

ကျွန်မ အဲဒီလို ပြောလိုက်တော့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း အပါအဝင် တက်ရောက်လာကြတဲ့ ပရိသတ်အားလုံး မတ်တတ်ထရပ်ပြီး လက်ခုပ်ဩဘာပေးတော့တာပါပဲ။ အင်း... မဆိုးပါလားလို့ အောက်မေ့လိုက်မိတယ်။ အဖေက မျက်ရည်တွေ ကျနေတယ်၊ ဆက်လက်ပြီး ကျွန်မက ပြောပါတယ်။

"အစွန်းရောက် တာလီဘန် အကြမ်းဖက်သမားတွေဟာ ကျွန်မကို သတ်လိုက်ခြင်းဖြင့် ကျွန်မရဲ့စိတ်ဓာတ်၊ ကျွန်မရဲ့ ယုံကြည်မျှော်လင့်ချက်တွေကို ယတိပြတ် ရိုးနှိမ်နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါဟာ တကယ်တက်စင် လွဲတယ်။ သူတို့အမှန်တကယ် သတ်နိုင်ခဲ့ကြတာက ကျွန်မရဲ့စိုးရိမ်ပူပန်မှုတွေ၊ ကြောက်ရွံ့နေတဲ့ စိတ်တွေ၊ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ နေ့ရက်တွေပဲ ဖြစ်တယ်။ အခု ကျွန်မမှာ ခွန်အားအသစ်တွေ တိုးလာတယ်။ သတ္တိတွေ မွေးဖွားလာတယ်။ ယုံကြည်မျှော်လင့်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



နိုးထလာတယ်။ အကြမ်းဖက်သမားတွေဟာ ကျွန်မနှုတ်ကို ကျည်ဆန်နဲ့ပိတ်ဖို့ ကြိုးစားခဲ့ကြတယ်။ သို့သော် သူတို့ဟာ ထောင်ပေါင်းများစွာသော ကမ္ဘာ့ပြည်သူတွေရဲ့ အသံကိုတော့ ဘယ်တော့မှ ပိတ်နိုင်မယ် မဟုတ်ဘူးဆိုတာ မသိချက် ဆိုးရွားလှတယ်။ သူတို့ ကျွန်မကို သေနတ်နဲ့ ပစ်သတ်ခဲ့ကြတယ်။ ကျွန်မသူငယ်ချင်းတွေကိုလည်း ပစ်သတ်ခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်မ သူတို့ကို မေတ္တာမပျက်ခဲ့ပါဘူး။ ကျွန်မ ဆုတောင်းလိုက်ပါရစေ။ ရှင်တို့ တာလီဘန် အစွန်းရောက်တွေရဲ့ သား/သမီးတွေ အားလုံးလည်း စာတတ် ပေတတ် ပညာတတ်တွေ ဖြစ်ကြပါစေလို့"

အားလုံး ထောက်ခံပြီး လက်ခုပ်တီးပြီး ဩဘာပေးကြတယ်။ ဒီအချိန်မှာ အဖေက တစ်ခွန်းပဲ မှတ်ချက်ပေးပါတယ်။

"သမီးဟာ လူတိုင်း လူတိုင်းရဲ့ သမီးဖြစ်သွားပြီ"

အဲဒီနေ့ရဲ့ အမှတ်ထင်ထင် ဖြစ်ရပ်တစ်ခုကတော့ ကျွန်မအမေဟာ ပထမဆုံး အကြိမ်အဖြစ် လူတွေရှေ့မှာ ခေါင်းပုဝါရိုက်ခဲ့တဲ့ အဖြစ်ပါပဲ။ လူရှေ့ သူရှေ့မှာ တစ်သက်လုံး မျက်နှာကို ဖာလွှမ်းထားခဲ့ အမေ့အတွက် ဒီအဖြစ်ဟာ ရောမစွန့်စားခန်းကြီး တစ်ခုပါ။

မိန့်ခွန်းပြောပြီးတော့ ကျွန်မဆီကို တစ်ကမ္ဘာလုံးက ကြိုဆိုတဲ့၊ ထောက်ခံတဲ့ သတင်းလွှာတွေ အင်တာနက်ကနေ ရောက်လာကြပါတယ်။ ဒါပေမဲ့ မိခင်နိုင်ငံက ငြိမ်ချက်သား ဖြစ်နေတယ်လေ။ တွစ်တာနဲ့ ဖေ့စ်ဘွတ်မှာ တစ်ပေါက်တလေ တက်တာလောက်ပဲ တွေ့ရတယ်။ ကိုယ့်လူမျိုး အချင်းချင်းက

www.burmeseclassic.com



ကျွန်မကို မကြိုက်ကြဘူးလေ။ နာမည်ကြီးအောင် တမင်လုပ်နေတာလို့ ပြောတဲ့လူတွေက ပြောတယ်။

ကျွန်မတိုင်းပြည်ကို လှည့်မကြည့်တော့ဘဲ၊ ခုရှိလိုက်ကျောင်းကိုလည်း မေ့ထားပြီး လိုချင်တာရအောင် ယူသွားတာ...တဲ့။ ကျွန်မ နေချင်တာက နိုင်ငံခြားမှာ ဇိမ်နဲ့နေဖို့တဲ့။ ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး။ ကျွန်မတို့တိုင်းပြည်နဲ့ ကျွန်မတို့လူမျိုးအကြောင်း သိပါတယ်။ ကတိတွေ အမျိုးမျိုးပေးပြီး ဘာတစ်ခုမှ အကောင်အထည် မဖော်နိုင်ဘဲ နိုင်ငံရေးသမားတွေရဲ့ ဒဏ်ကို သူတို့တစ်တွေ လည်စင်းခံခဲ့ရတာလည်း ကြာပြီမဟုတ်လား။

မစားရဝခမန်း လျှောက်ပြောပြီး တိုင်းပြည်က ဆင်းရဲခြင်းနွံအတွင်းကို ဆင်းရင်း ဆင်းရင်း မရုန်းနိုင်တော့တဲ့ အခြေအနေကို ရောက်နေပြီ။

ဒီနေရာမှာ အားလုံးကို ကျွန်မ သိစေချင်တာတစ်ခု ရှိပါတယ်။ ကျွန်မအတွက် ဘာမှမလိုပါဘူး။ ကျွန်မ လိုချင်တာက ငြိမ်းချမ်းရေးနဲ့ ပညာရေးပါ။ အဲဒါကြောင့် ကျွန်မ တစ်နေ့တော့ ကိုယ့်တိုင်းပြည်ကို ပြန်မှာပါ။ ပြန်ချင်တဲ့အကြောင်း ပြောတိုင်း အဖေက တားပါတယ်။ သူ့မှာ တားရခြင်း အကြောင်းတွေ ရှိတယ်လေ။

"ပြန်လို့ မဖြစ်သေးဘူး။ ဒီဆေးရုံနဲ့ သမီးနဲ့ ဝေးဝေးနေလို့ မဖြစ်ဘူး။ ပြီးတော့ ဒီက ကျောင်းကလည်း သိပ်ကောင်းတယ် မဟုတ်လား။ သမီး ဒီမှာ ပညာသင်ရမယ်၊ အသိပညာ

www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာတွေ စုဆောင်းရမယ်၊ ဒါမှ သမီးရဲ့စကားလုံးတွေ ပိုပြီးအားပါလာမှာ"

အဖေပြောတာ မှန်ပါတယ်။ ကျွန်မ ပညာသင်ရမယ်။ ဗဟုသုတလက်နက်ကို ဘယ်လိုသုံးရမယ်ဆိုတာ လေ့ကျင့်ရမယ်။ ဒါမှ ပိုပြီးထိရောက်တဲ့ တိုက်ပွဲတွေကို ကျွန်မ ဆင်နိုင်မှာ။ တစ်ကမ္ဘာလုံးမှာ မူလတန်းပညာ မသင်နိုင်တဲ့ ကလေးပေါင်းငါးဆယ့်ခုနစ်သန်း ရှိပါတယ်။ သုံးဆယ့်နှစ်သန်းက မိန်းကလေးတွေပါ။ ကျွန်မတို့တိုင်းပြည် ပါကစ္စတန်က အဆိုးဆုံးထဲမှာ ပါပါတယ်။ မူလတန်းကျောင်းကို မတက်နိုင်တဲ့ ကလေးပေါင်း ၅.၁ သန်း ရှိပါတယ်။

ကလေးတိုင်း ပညာသင်ခွင့် ရှိရမယ်ဆိုတာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာ ပါရှိတာပါ။ စာမတတ်တဲ့ လူကြီးပေါင်း ကျွန်မတို့တိုင်းပြည်မှာ သန်းငါးဆယ်ကျော်တယ်။ သုံးပုံနှစ်ပုံက အမျိုးသမီးတွေပါ။ အဲဒီအထဲမှာ ကျွန်မအမေလည်းပါတာပေါ့။

မိန်းလေးတွေ ဆက်ပြီးအသတ်ခံနေရတုန်းပါပဲ။ ကျောင်းတွေ မိုင်းခွဲခံနေရဆဲပါ။ မတ်လထဲမှာ ကရာချိက မိန်းကလေးကျောင်းတစ်ကျောင်း ဗုံးခွဲခံလိုက်ရပါတယ်။ ကျွန်မတို့ ရောက်တုန်းက သွားလည်ခဲ့တဲ့ ကျောင်းပါ။

ကျောင်းနားက ကစားကွင်းထဲမှာ ဆုပေးပွဲ ကျင်းပမည့်ဆဲဆဲမှာ ဗုံးတစ်လုံးနဲ့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းခဲ့တာပါ။ ကျောင်းအုပ်ဆရာကြီး ပွဲချင်းပြီးသေပြီး ကလေးငါးယောက် ဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ရာရပါတယ်။ အဲဒီသတင်းကြားတော့ အမေ တစ်နေ့လုံး ငိုနေတယ်။

"ဖြစ်မှ ဖြစ်ရလေကွယ်"လို့ ပြောနေတယ်။

ပြီးခဲ့တဲ့နှစ်က ကျွန်မ တိုင်းပြည်တော်တော်များများကို ကျွန်မ ရောက်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ဆွက်ဒေသလောက် ရှုခင်းလှတဲ့နေရာ ဘယ်မှာမှ မတွေ့ခဲ့ပါဘူး။

"အင်း... တစ်နေ့ ပြန်ရောက်ရမှာပေါ့။ သို့သော် ဘယ်နေ့မှန်းတော့ မသိနိုင်ဘူးပေါ့နော်"

ဒီနေ့ စိတ်လိုလက်ရ ကျွန်မကိုယ်ကျွန်မ.မှန်ထဲကြည့်မိတယ်။ စက္ကန့်ပိုင်းကလေးပါ။ အရပ်တစ်လက်မလောက် ရှည်ပေးဖို့ ဘုရားသခင်ထံမှာ ဆုတောင်းမိပြန်တယ်။ ကျွန်မရဲ့ဆုတောင်းသံကို ကိုယ်တော်အရှင် ကြားတော်မူသွားပြီး တောင်းတဲ့ဆုထက်ပိုပြည့်သွားပါတယ်။

တစ်လက်မ၊ နှစ်လက်မ မကဘဲ ကျွန်မ အရပ်ကြီး မိုးထိအောင် ရှည်သွားပါတယ်။ ကျွန်မကိုယ် ကျွန်မ မသိနိုင်လောက်အောင် အရပ်မြင့်သွားပါပြီ။

ဒီတော့ ကျွန်မ ကတိအတိုင်း ကုသိုလ်ကောင်းမှု ပြုရပါမယ်။ ဘုရားသခင်ကို ကျွန်မ မြတ်နိုးပါတယ်။ နေ့တိုင်း သူ့နဲ့စကားပြောတယ်လေ။

ကိုယ်တော်ဟာ တကယ့် တန်ခိုးတော်ရှင်ပါ။ ကျွန်မကို အရပ်မြင့်အောင် ဖန်ဆင်းပေးပြီး တစ်ပြိုင်တည်းမှာ တာဝန်တွေလည်း ပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတိုင်း၊ ရွာတိုင်း ငြိမ်းချမ်းပါစေ။
ရွာတိုင်း မြို့တိုင်း ငြိမ်းချမ်းပါစေ။
တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း ငြိမ်းချမ်းပါစေ။
အဲဒါဟာ ကျွန်မရဲ့အိပ်မက်ပါ။

နိုင်ငံတကာမှာ ကလေးတိုင်း ပညာတတ်မြောက်ကြပါစေ။

လူတိုင်း လူတိုင်း ပြုံးနေတာကို ကျွန်မ မြင်ချင်တာ ကျွန်မရဲ့ ဆန္ဒပါ။

ကျွန်မတို့ရဲ့ ကမ္ဘာကြီး ပြောင်းလဲနေပါတယ်။
ဒါပေမဲ့ ကျွန်မကတော့ ကျွန်မပါပဲ။

O

www.burmeseclassic.com

www.burmeseclassic.com



# (၃၉)

## ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာ

အဲဒါ မာလာလာပြောတဲ့ မာလာလာ အကြောင်း။

အသက်အရွယ် ငယ်ပေမယ့် မွန်မြတ်တဲ့ စိတ်ဓာတ်မျိုး ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများကလည်း ချီးကျူးထောပနာ ပြု ကြတယ်။

ဂုဏ်ပြုကြတယ်။

ကောင်းချီးပေးကြတယ်။

အဲဒါတင်မက ကမ္ဘာက အသိအမှတ်ပြုသည့် ထိပ်တန်း ဆုကြီးကိုလည်း ချီးမြှင့်ခံရသည်။

အဆိုပါဆုကို "၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု" ဖြစ်သည်။

နိုဗယ်ဆို ရရှိသူများထဲတွင် ပါကစ္စတန်မိန်းကလေး မာ လာလာဟာ အသက်အငယ်ဆုံး မိန်းကလေးအဖြစ်လည်း မှတ် တမ်းဝင်ခဲ့လေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗယ်ဆုနှင့် သူမ ပေးဆပ်ရသည်မှာ မတန်ဘူးဟု ထင်ကြတာတွေရှိတယ်။ တကယ်တော့ မာလာလာဟာ အသက်အရွယ်ငယ်ရွယ်ပေမယ့် ကြီးမြတ်တဲ့ နှလုံးသားပိုင်ရှင်လေးဟု မှတ်ချက်ပေးချင်ပါတယ်။

အသတ်ခံရမယ်လို့ တာလီဘန်တွေက ဘယ်လိုပင်ပြောနေပေမယ့် သူမကတော့ ဂရုမစိုက် သတ်မှသာသတ်ရော ဆိုတဲ့အသိတစ်ခုနဲ့သာ တောင်းဆိုနေတယ်။

သူမတောင်းဆိုချက်တွေဟာ ပါကစ္စတန်နိုင်ငံ အပါအဝင်အခြားနိုင်ငံက ကလေးများ စာသင်ကြားရေး။

အဓိက,က ပါကစ္စတန်နိုင်ငံရှိ မိန်းကလေးများ စာသင်ကြားခွင့်ရရေး ဖြစ်တယ်။

တာလီဘန်တွေက ခိုရမ်ကျမ်းကို အကြောင်းပြပြီး မိန်းကလေးတွေ စာမသင်ရ။

BURMESE CLASSIC

စာသင်ရင် ဘာသာကို မထီမဲ့မြင် လုပ်တယ်ဟု သတ်မှတ်ကြတယ်။

တာလီဘန်တွေ ပြောတာရှိတယ်။ မာလာလာရဲ့ စည်းရုံးလှုံ့ဆော်မှုကြောင့် တာလီဘန်တွေက လုပ်ကြံတာ မဟုတ်ဘူး။ အစ္စလာမ်ဘာသာကို မထီမဲ့မြင်လုပ်လို့ ဆုံးမတာတဲ့။

ဒါဟာ လုပ်ကြံပြောဆိုခြင်း ဖြစ်တယ်။ အကြောင်းကားတာလီဘန်တွေဟာ ပါကစ္စတန်မှာရှိတဲ့ စာသင်ကျောင်းပေါင်းများစွာကို ဖုံးခွဲဖျက်ဆီးခဲ့ကြတယ်။

အဲဒီကျောင်းတွေအတွက် မာလာလာ ရန်ပုံငွေဖွဲ့ကို တည်ထောင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တွေ ကူညီပေးကြတယ်။

အလားတူ မာလာလာ ပညာရေးလှုပ်ရှားမှုကို တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့အောင် ဂေါ်ဒွန်ဘရောင်းနဲ့ သူ့အဖွဲ့သားများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း။

အလားတူ မာလာလာရန်ပုံငွေအတွက် ရက်ရက်ရောရော လှူဒါန်းတဲ့ အန်ဂျလီနာဂျိုလီက ဒေါ်လာနှစ်သန်း လှူဒါန်းပါတယ်။

မက်ဒေါနား၊ ဘုရင်မကြီး အဲလစ်ဇဘက်။ အမေရိကန်သမ္မတဟောင်း လော်ရာဘု။ အိုဘားမား။ ဝီလျံဟိတ်။ ဟီလာရီကလင်တန်တို့လည်း ပါဝင်လှူဒါန်း ဖြစ်ကြတယ်။

ကမ္ဘာ့အရပ်ရပ်မှ ချီးမြှင့်တဲ့ ဆုပေါင်းများစွာမှ အထင်ရှားဆုံးဆုကြီးများမှာ...

**မာသာထရီစာဆု။**

BURMESE CLASSIC

**အမျိုးသားလူငယ်ငြိမ်းချမ်းရေးဆု။**

**ကနေဒါနိုင်ငံသား ဂုဏ်ထူးဆောင်ဆု။**

**ဆီမုံနီဒီဘိုဗွာဆု။**

**ဆက်ခါရော့ဗ်ဆု။**

**ကမ္ဘာ့အသက်အငယ်ဆုံး ငြိမ်းချမ်းရေးနိုဘယ်ဆု**

တို့ ဖြစ်ကြပါတယ်။

မာလာလာက အနာဂတ်လူငယ်တွေအတွက် မျှော်လင့်ချက်တွေ အများကြီး ရှိပါတယ်။ စကားတွေလည်း အများကြီး ပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲကမှ စကားလေးတစ်ခွန်းကိုတော့ ထုတ်ပြချင်ပါတယ်။

ကျွန်မ ပြောလိုတာက ကျွန်မရဲ့ အခွင့်အရေးတွေအတွက် အစွမ်းကုန် တိုက်ခိုက်သွားရမှာပါ။

ပညာသင်ကြားခွင့်...

ငြိမ်းချမ်းရေးအတွက် လုပ်ပိုင်ခွင့်...

စတဲ့လုပ်ငန်းတွေကို ကျွန်မ လုပ်သွားပါမယ်။

BURMESE CLASSIC

မင်းပုညာ

၂၅-၇-၂၀၁၆

www.burmeseclassic.com